

# အရေးတော်ပုံ ရင်ခုန်သူများ

(အာရ်အက်ဖ်အေ ရေဒီယိုအသံလွှင့် ဆောင်းပါးများ)

ကဗျာဆရာ အောင်ဝေး

# “အရေးတော်ပုံ ရင်ခုန်သူများ”

အောင်ဝေး

**Writer** - **Aung Way**

**Title** - Collection of Articles from RFA Burmese Radio Program –

# The Spirits of 1988 Revolution of Burma

**Online Publication Compiled** by MoeMaKa Burmese News Group - http://www.MoeMaKa.com

**e-Book Compiled** by Myanmar ISP - Burmese Online Archives Group - http://www.MyanmarISP.com

**e-Book Published Date** - **May 27th 2010**

(20th Anniversary of Election Victory of NLD in Burma over the Burmese Regime)

**Brief** - Author reflects his personal perspectives on Burmese seniors and contemporaries who stands for struggle of Democracy & Freedom in Burma

**Copy Right** - Aung Way as content, RFA Burmese as Radio Content,

**Distribution** - Free of Charge as e-book

**အရေးတော်ပုံ ရင်ခုန်သူများ (အပိုင်း - ၁)**
**နိဒါန်း**
***အောက်တိုဘာ ၁၀၊ ၂၀၀၉***



"မီးတုတ် မီးတုတ် ရှို့ရှို့၊ သပိတ် သပိတ် မှောက်မှောက်၊ သခင်မျိုးဟေ့ တို့ဗမာ၊ အရေးတော်ပုံ အောင်ရမည်"

ကိုလိုနီနယ်ချဲ့နဲ့ ဖက်ဆစ် သံဖနောင့်တွေအောက်က တိုင်းပြည်နဲ့ လူမျိုး လွတ်မြောက်ဖို့ ရုန်းကန် ကြိုးစားခဲ့ကြတဲ့ မြန်မာ့ လွတ်လပ်ရေး ကြိုးပမ်းမှု သမိုင်းစဉ်ကြီးထဲမှာ ကျနော်တို့ ဘိုးဘွားတွေဟာ "အရေးတော်ပုံ အောင်ရမည်၊ အရေးတော်ပုံ အောင်ရမည်" လို့ ယုံကြည်ချက်နဲ့ ရဲရဲ ဟစ်ကြွေးခဲ့ကြဖူးပါတယ်။

ကျောင်းသားခေါင်းဆောင် ကိုအောင်ဆန်း၊ ကိုဗဟိန်း၊ ကိုဗဆွေတို့ခေတ် 'အင်္ဂလိပ်အခက် ဗမာ့အချက်' လို့ တိုက်ပွဲ ခေါ်ခဲ့ကြတဲ့ ၁၃၀၀ ပြည့်နှစ်၊ အရေးတော်ပုံအစမှသည် ဗိုလ်ချုပ်အောင်ဆန်း၊ သခင်ဗဟိန်း၊ သခင်သန်းထွန်း၊ သခင်စိုးတို့ ဦးဆောင်တဲ့ ၁၉၄၅ ခု၊ ဖက်ဆစ်တော်လှန်ရေး ဆင်နွှဲတဲ့ အရေးတော်ပုံအလယ်၊ အောင်ဆန်း-အက်တလီ စာချုပ်၊ နု-အက်တလီ စာချုပ်တွေရဲ့ အဆုံး တတိုင်းတပြည်လုံး တမျိုးသားလုံးရဲ့ စည်းရုံးညီညွတ်မှုအားနဲ့ ၁၉၄၈ မှာ နှစ်ပေါင်း ၁၂၀ ကျော်ကြာ ကိုလိုနီ တဇာတ်သိမ်းပြီး မြန်မာတို့ လွတ်လပ်ရေး ရခဲ့ပါပြီ။ သို့သော် ...။

လွတ်လပ်ရေး အရေးတော်ပုံရဲ့ အောင်တေး အောင်သံတွေကို လွတ်လွတ်လပ်လပ်မှ နားမဆင်ရသေးခင် မှာပဲ ပြည်တွင်းစစ်ဆိုတဲ့ မီးကြီးက တဟုန်းဟုန်းထ တောက်လောင်ပါရောလား။ လွတ်လပ်ရေးရဲ့ အရသာသစ် ကလေးဟာ ပြည်တွင်းစစ်မီး ကူးစက် လောင်ကျွမ်းလို့ ခါးတူးသွားရပါတော့တယ်။ မြန်မာပြည်သူတွေအဖို့ ပြည်တွင်းစစ် ရပ်စဲရေး၊ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီရေး ဆိုတဲ့ အရေးတော်ပုံကို ဆက်လက် ဆင်နွှဲရတဲ့ ကာလပါပဲ။

နူရာဝဲစွဲ၊ လဲရာ သူခိုးထောင်းဆိုသလို မြန်မာ့နိုင်ငံရေး ကံကြမ္မာဟာ ပါလီမန် ဒီမိုကရေစီ စနစ်ကလေးမှ အသားမကျသေးခင် ၁၉၅၈ မှာ အရိုင်းအစိုင်းတွေ လက်ထဲ ကျရောက်သွားရပါတော့တယ်။ အဲဒါကတော့ ၁၉၅၈ ခုနှစ်မှာ ပါလီမန် ဒီမိုကရေစီ အစိုးရ တနည်းအားဖြင့် ပြည်သူလူထုက ရွေးကောက်တင်မြှောက်ထားတဲ့ အစိုးရ လက်ထဲကနေ စစ်တပ်က ပထမအကြိမ် အာဏာသိမ်းလိုက်တဲ့ ဖြစ်ရပ်ပါပဲ။

အဲဒီစစ်တပ်က ကြီးမှူးကျင်းပတဲ့ ၁၉၆၀ အထွေထွေရွေးကောက်ပွဲအလွန် ၁၉၆၂ မှာတော့ စစ်တပ်ဟာ ရွေးချယ်ခံ လူထုအစိုးရသစ် လက်ထဲကနေ ဒုတိယအကြိမ် အာဏာကို အပြီးအပိုင် သိမ်းခဲ့တာဟာ ၁၉၈၈ အထိ တိုင်ပါပဲ။

စစ်အာဏာရှင်ကြီးစိုးတဲ့ ခေတ်ကာလတလျှောက်လုံးမှာ စစ်အာဏာရှင်စနစ် ဆန့်ကျင်ဖြုတ်ချရေး၊ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေး ရရှိရေး ကျောင်းသား အရေးတော်ပုံ၊ အလုပ်သမား အရေးတော်ပုံ၊ လူထု အရေးတော်ပုံ တွေ ဆက်တိုက်ဆိုသလို ပေါ်ထွက်လာခဲ့တာပဲ မဟုတ်လား။ ၁၉၈၈ ကျောင်းသားတွေ ဦးဆောင်တဲ့ ရှစ်လေးလုံး အရေးတော်ပုံကြီးဟာ မဆလ တပါတီ အာဏာရှင်စနစ်ကို ဖြုတ်ချနိုင်ခဲ့ပါတယ်။

ဒါပေမဲ့ အရေးတော်ပုံ အောင်ပွဲခံဖို့ လက်တကမ်းအလိုမှာတော့ မဆလ တပါတီ အာဏာရှင်စနစ်ရဲ့ အကြွင်းအကျန် စစ်တပ်က တိုင်းပြည်ရဲ့ အာဏာကို တတိယအကြိမ် မတရား သိမ်းပိုက်လိုက်ပြန်တာမို့ မြန်မာပြည်သူလူထုဟာ မပြီးဆုံးသေးတဲ့ ဒီမိုကရေစီ အရေးတော်ပုံကြီးကို ဇွဲနဲ့ ဆက်လက် ဆင်နွှဲနေရဆဲပါပဲ။

နဝတ စစ်တပ်က ကျင်းပပေးတဲ့ ၁၉၉၀ ရွေးကောက်ပွဲ ရလဒ်အပေါ် နဝတ စစ်တပ်က မျက်ကွယ်ပြုခဲ့တာကနေ ဒီကနေ့ ၂၀၀၉ မှာ မြန်မာ့ဒီမိုကရေစီ ခေါင်းဆောင် ကမ္ဘာ့ငြိမ်းချမ်းရေး နိုဘယ်ဆုရှင် ဒေါ်အောင်ဆန်းစုကြည်ကို နအဖ စစ်တပ်က မတရား အမှုဆင် ဖမ်းဆီးပြီး အင်းစိန်အကျဉ်းထောင်ထဲထည့် ချုပ်နှောင်ထားတာတွေအထိ ကျောင်းသားတိုက်ပွဲတွေ၊ သံဃ တော်လှန်ရေးတွေမှာ အရေးတော်ပုံ အောင်ရမည်လို့ ရဲရဲရင့်ရင့် ယုံယုံကြည်ကြည် ကြွေးကြော်ခဲ့ကြတာပဲ မဟုတ်လား။

အဲဒီလို ကြွေးကြော်ခဲ့ကြတဲ့ လူထုထဲမှာ၊ ပြည်သူထဲမှာ စာပေနဲ့ အနုပညာရှင်တွေလည်း တခန်း တကဏ္ဍအနေနဲ့ ပါဝင်ခဲ့ကြတယ် ဆိုတဲ့ အချက်ကလည်း ကျနော်တို့ တိုင်းပြည်နဲ့ လူမျိုးအတွက် ဂုဏ်ယူ ဝင့်ကြွားစရာ တခုပဲ မဟုတ်လား။

ဆရာကြီး သခင်ကိုယ်တော်မှိုင်း အမှူးပြုပြီး သခင်ဘသောင်း၊ သခင်နု၊ ဆရာဇော်ဂျီ၊ ဆရာမင်းသုဝဏ်၊ ဦးသိန်းဖေမြင့်၊ မဟာဆွေ၊ ဒေါ်ခင်မျိုးချစ်၊ လူထုဒေါ်အမာ၊ ကာတွန်းဦးဘဂျမ်း စတဲ့ ကိုလိုနီခေတ် လွတ်လပ်ရေး တိုက်ပွဲဝင် စာရေးဆရာ၊ သတင်းစာဆရာ၊ ကာတွန်းဆရာကြီးတွေရဲ့ ကျေးဇူးကို ကျနော်တို့ မမေ့ကြသေးပါဘူး။

စစ်ပြီးခေတ် ငြိမ်းချမ်းရေးနဲ့ ဒီမိုကရေစီရေး တိုက်ပွဲဝင်တဲ့ခေတ်မှာ လူထုကို လမ်းပြပေးခဲ့တဲ့ ဒဂုန်တာရာ၊ ဗန်းမော်တင်အောင်၊ သခင်မြသန်း၊ မြသန်းတင့်၊ ခင်နှင်းယု၊ ခင်ဆွေဦး စတဲ့ စာရေးဆရာတွေရဲ့ ဂုဏ်ပုဒ်ကို ကျနော်တို့ ဂုဏ်ယူလို့ မဆုံးသေးပါဘူး။

စစ်အာဏာရှင် ဆန့်ကျင်ရေး တိုက်ပွဲတလျှောက် ကိုယ်ကျိုးစွန့် အနစ်နာခံသွားခဲ့ကြတဲ့ စာရေးဆရာ၊ သတင်းစာဆရာ၊ ကဗျာဆရာ၊ ကာတွန်းဆရာတွေ အားလုံးကို ကျနော်တို့ အလေးပြုရမယ် မဟုတ်လား။

"အရှေ့က နေဝန်းထွက်သည့်ပမာ၊ တို့ခေတ်ကိုတော့ ရောက်ရမည်မှာ မလွဲပါ။ တို့ဗမာ ဟေ့ တို့ဗမာ" ဆိုတဲ့ ၁၉၅၃ ခုနှစ်မှာ ပေါ်ထွက်လာတဲ့ ဒို့ဗမာ အစည်းအရုံးကြီးအတွက် ရေးစပ်ထားတဲ့ "တို့ဗမာ" သီချင်းဟာ ဂီတပညာရှင် ဝိုင်အမ်ဘီ ဆရာတင်ရဲ့ လက်ရာပါ။

နိုင်ငံရေး အစိုးရခေတ်တုန်းက "အောင်ပွဲအဆက်ဆက် ခံဦးမည်" ဆိုတဲ့ ဗကသများ အဖွဲ့ချုပ် သီချင်းကို ရေးစပ်ပေးခဲ့သူတွေကရော ဘယ်သူတွေလဲ၊ ဆရာမြတ်လေးနဲ့ စန္ဒရားချစ်ဆွေတို့ပဲ မဟုတ်လား။ လူထုအရေးတော်ပုံ အဆက်ဆက် ဂီတအနုပညာရှင်တွေရဲ့ တိုက်ပွဲဝင် သီချင်းတွေဟာ လက်နက်သဖွယ် ထက်မြက်ခဲ့တာပဲ မဟုတ်လား။

ရှစ်လေးလုံး အရေးတော်ပုံကာလ ၁၉၈၈ ခုနှစ် ဩဂုတ်လ ၂၆ ရက် ရွှေတိဂုံဘုရား အနောက်ဘက်မုခ်မှာ ကျင်းပတဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ လူထု အစည်းအဝေးပွဲကြီးမှာ အခမ်းအနားမှူးအဖြစ် လူထုရှေ့မှောက် ရဲရဲ ထွက်ရပ်ခဲ့သူကလည်း ရုပ်ရှင်မင်းသားကြီး ဦးထွန်းဝေပဲ မဟုတ်ပါလား။

ရှစ်လေးလုံး အရေးတော်ပုံက စလို့ ၂၀၀၇ ရွှေဝါရောင် တော်လှန်ရေး တောက်လျှောက် အရေးတော်ပုံ ပေါ်လာရင် လူထုနဲ့ လက်တွဲပြီး တိုက်ပွဲဝင်ခဲ့တဲ့ စာပေ၊ ရုပ်ရှင်၊ ဂီတ နယ်ပယ် အသီးသီးက ရဲဘော်တွေကို ကျနော် ဂုဏ်ယူနေဆဲ၊ ဂုဏ်ပြုနေဆဲပါပဲ။

ကျနော်တို့ ခေါင်းဆောင်၊ ကျနော်တို့ လမ်းပြ ဒေါ်အောင်ဆန်းစုကြည် သည်ပင်လျှင် မြန်မာပြည်မှာ ပထမဆုံး လူထုကို မိန့်ခွန်းပြောခဲ့တာက ၁၉၈၈ ဩဂုတ် ၂၄ ရန်ကုန်ဆေးရုံကြီး၊ နှလုံးရောဂါဆောင်ရှေ့က ကျနော်တို့ စာပေ အနုပညာရှင်များရဲ့ စင်မြင့်ကပဲ မဟုတ်ပါလား။

အခု အစီအစဉ်ဟာ အရေးတော်ပုံ အဆက်ဆက်၊ ယုံကြည်ချက်နဲ့ ရင်ခုန်ခဲ့ကြတဲ့ စာပေနဲ့ အနုပညာရှင်တွေ အကြောင်းကို လက်လှမ်းမီသလောက် မှတ်တမ်းတင်ဖို့ ကြိုးစားကြည့်တာပါပဲ။

အားလုံးကို ကျေးဇူးတင်ပါတယ်။ ။

## အရေးတော်ပုံ ရင်ခုန်သူများ (အပိုင်း - ၂)

***အောက်တိုဘာ ၁၈၊ ၂၀၀၉***

"... ... ... ရင်ဆိုင်ရတဲ့ ရန်သူရဲ့အနေအထား၊ ဖြတ်သန်းရတဲ့ ခေတ်ကာလ အခြေအနေတွေနဲ့ နှိုင်းယှဉ်ပြောရရင်တော့ သမီးလုပ်တဲ့ ဒေါ်အောင်ဆန်းစုကြည်က ဖအေဖြစ်တဲ့ ဗိုလ်ချုပ်အောင်ဆန်းထက် ပိုပြီး တော်တယ်လို့ ကျနော် သတ်မှတ်ချင်ပါတယ် ... ... ..."



*ဆရာ မြသန်းတင့်*

လွန်ခဲ့တဲ့ အနှစ် နှစ်ဆယ် ရှစ်လေးလုံး အရေးတော်ပုံကြီး အတွင်းတုန်းက ဖြစ်ပါတယ်။

၁၉၈၈ မတ်လ ဖုန်းမော် အရေးအခင်း၊ တံတားနီ အရေးအခင်း၊ ဇွန်လ မြေနီကုန်း အရေးအခင်းတွေ ကနေ စပြီး ကျောင်းသားတွေ ဦးဆောင်တဲ့ မဆလ တပါတီအာဏာရှင်စနစ် ဖြုတ်ချရေး၊ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေး ရရှိရေး လူထု အုံကြွမှုကြီး ပေါ်ပေါက်ခဲ့တယ်။

လမ်းပေါ်ထွက် ဆန္ဒပြနေကြတဲ့ ရဟန်းရှင်လူ ကျောင်းသားပြည်သူတွေကို မဆလ စစ်တပ်က ရက်ရက် စက်စက် ပစ်ခတ် နှိမ်နှင်းနေတဲ့ကြားကပဲ ခွပ်ဒေါင်း အလံတွေ တလူလူ၊ ဗိုလ်ချုပ်အောင်ဆန်း ဓာတ်ပုံတွေ တဝေဝေနဲ့ ကျောင်းသားထုနဲ့ လူထုကြီးဟာ ဒီမိုကရေစီ တိုက်ပွဲကို ရဲရဲရင့်ရင့် ရှေ့ဆက် ချီတက်ခဲ့ကြတယ်။

၁၉၈၈ ခု၊ ဩဂုတ်လ ၈ ရက်၊ (၈) ရက် (၈) လ (၈၈) မှာ တနိုင်ငံလုံး အတိုင်းအတာနဲ့ အထွေထွေ သပိတ်ကြီး ဆင်နွှဲဖို့ ကျောင်းသားတပ်ဦးက တတိုင်းတပြည်လုံးကို အသိပေး ကြေညာထားတဲ့ အချိန်။ အဲဒီတုန်းက တနိုင်ငံလုံး လှုည်းနေလှေအောင်း မြင်းဇောင်းမကျန် နိုးကြားတက်ကြွနေတဲ့ အချိန်ပေါ့။

ဒီလိုနဲ့ ချိန်းဆိုထားတဲ့နေ့၊ ကျောင်းသားတွေ ပြည်သူတွေ ရင်ခုန် စောင့်စားနေတဲ့နေ့ (၈) ရက် (၈) လ (၈၈) နေ့ ရောက်လို့လာခဲ့ပါပြီ။ ရန်ကုန်မြို့ကြီးကတော့ မိုးမလင်းခင်ကတည်း နိုးထနေခဲ့ပါပြီ။ အဲဒီမနက်က စုရပ်လုပ်ထားတဲ့ ရန်ကုန်ဆေးရုံကြီးရှေ့မှာ သပိတ်မှောက် အင်အားစုတွေ အစုံအညီ စုဝေးရောက်ရှိနေကြပါတယ်။ ရန်ကုန်မြို့တွင်း လှည့်လည် ဆန္ဒပြဖို့ ကျောင်းသားတွေက တပ်ဦးကနေ လမ်းကြောင်းဆွဲထားတာပါ။

အားလုံး ညီညီညွတ်ညွတ်နဲ့ စည်းကမ်းတကျ ဆန္ဒပြဖို့ စတင်ချီတက်လိုက်ကြပါတယ်။ ဗိုလ်ချုပ်အောင်ဆန်း လမ်း၊ ရွှေတိဂုံဘုရားလမ်း၊ အနော်ရထာလမ်း၊ ဆူးလေဘုရားလမ်း၊ မဟာဗန္ဓုလလမ်း စသည်ဖြင့် အဲဒီနေ့က လမ်းကြောင်းရှည်ကြီး ချီတက် ဆန္ဒပြကြပါတယ်။

သပိတ်မှောက် အင်အားစုအသီးသီးက လက်သီးလက်မောင်းတွေ ဆန့်တန်းပြီး ကြွေးကြော်သံတွေကို အားပါး တရ ဟစ်ကြွေး ချီတက်နေကြပါတယ်။ လမ်းဘေးကရပ်ပြီး အားပေးနေတဲ့ ပရိသတ်ကြီးကလည်း လက်ခုပ်သြဘာတွေ တီးနေကြပါတယ်။

တချို့နေရာ လမ်းဆုံလမ်းခွတွေမှာ မဆလ စစ်သားတွေ မုဆိုးဒူးထောက် သေနတ်နဲ့ချိန်ပြီး လမ်းပိတ်ထားတာ တွေ့ရင် တပ်ဦးက ချီတက်နေတဲ့ အလံကိုင်ကျောင်းသား တပ်ဖွဲ့က တခြားလွတ်တဲ့ လမ်းဘက်ကို ကွေ့ပြီး ရှေ့ဆက်

ချီတက်နေတာပါ။ ဒီလို ချီတက် ဆန္ဒပြနေတဲ့ အင်အားစုကြီးထဲမှာ ကျနော်တို့ စာပေနဲ့ အနုပညာရှင်များလည်း ကိုယ့်ဆိုင်းဘုတ်အောက်မှာ ကိုယ်လိုက်ပါချီတက်နေကြတာပါ။ စာပေ၊ ရုပ်ရှင်၊ ဂီတ အနုပညာရှင်တွေဟာ "ဒီမိုကရေစီရရှိရေး - ဒို့အရေး" ဆိုပြီး လက်သီးလက်မောင်းတန်း ဟစ်ကြွေးနေကြပါတယ်။

အဲဒီအထဲမှာ စာပေသမားတွေထဲမှာ ဆရာမြသန်းတင့်နဲ့ ဆရာဦးဝင်းတင်တို့ဟာ အများနဲ့မတူဘဲ တမူထူးခြားနေတာကို ကျနော်တို့ သတိထားခဲ့မိပါတယ်။ ဒီဆရာကြီး နှစ်ပါးဟာ လမ်းတလျှောက်လုံး ဘာကြွေးကြော်သံမှ လိုက်ပြီး ကြွေးကြော်တာ မတွေ့ရဘူး။ လက်သီးလက်မောင်းတန်းဖို့ နေနေသာသာ သူတို့ရဲ့ခေါင်းတွေကိုတောင် ငုံ့ပြီး နှစ်ယောက်သား ပခုံးချင်းဆိုင် စကားတွေ တတွတ်တွတ် ပြောလာကြတာပါ။

တယောက်နဲ့ တယောက် အပြန်အလှန် ပြောဆို ငြင်းခုံနေတဲ့ ဟန်လည်း မဟုတ်ပါဘူး။ သေရေးရှင်ရေး အရေးကြီးနေတဲ့ မြန်မာ့နိုင်ငံရေး အခြေအနေကို ဒီဆရာကြီး နှစ်ယောက် မနားတမ်း ဝေဖန်သုံးသပ် ပြောဆိုနေပုံ ရပါတယ်။

တနေရာရာမှာ မဆလ စစ်တပ်က မုဆိုးဒူးထောက် သေနတ်နဲ့ ချိန်ပြီး လမ်းပိတ်ထားလို့ ဆန္ဒပြစစ်ကြောင်း ခဏ ရပ်တန့်နေရရင်လည်း ဆရာမြသန်းတင့်နဲ့ ဆရာဦးဝင်းတင် ဒီဆရာကြီး နှစ်ယောက်ရဲ့ စကားဝိုင်းကတော့ ရပ်မနေပါဘူး။

ကျနော်တို့ကတော့ ဆရာရင်း တပည့်ရင်းတွေ ဖြစ်တာမို့ နှစ်ယောက် ဘာတွေပြောတယ်၊ ဘာတွေတိုင်ပင်နေတယ် ဆိုတာ အရိပ်အမြွက်လောက်တော့ ခန့်မှန်းနိုင်ကြပါတယ်။

ချီတက်ရာလမ်းကြောင်း ရှည်ကြီးတလျှောက် လှုပ်ရှားအော်ဟစ်နေတဲ့ လူအုပ်ကြီးကြားမှာ ဆရာမြသန်းတင့်နဲ့ ဆရာဦးဝင်းတင်တို့ နှစ်ယောက်ဟာ ငြိမ်ငြိမ်သက်သက်နဲ့ပဲ ဆန္ဒပြပွဲပြီးဆုံးတဲ့အထိ သူတို့ရဲ့ တိုက်ပွဲအပေါ် သဘောထားတွေကို မရပ်မနား ဆွေးနွေးခဲ့ကြတာပါပဲ။

နောက်ပိုင်းမှာ ဆရာမောင်သော်က ဆရာဦးဝင်းတင်၊ ဆရာမောင်မိုးသူ၊ ဆရာဦးဝင်းခက်တို့ ဦးဆောင်တဲ့ စာနယ်ဇင်း သမဂ္ဂ ပေါ်ထွက်လာပါတယ်။ စာနယ်ဇင်း သမဂ္ဂရုံးခန်းနဲ့ ကျောင်းသား သမဂ္ဂက ထုတ်တဲ့ သတင်းစာ အယ်ဒီတာရုံးခန်းတို့က တနေရာတည်းမှာ ဖွင့်ထားတာပါ။

ကျောင်းသား သမဂ္ဂ သတင်းစာ အယ်ဒီတာအဖွဲ့က အကူအညီတောင်းလို့ ကျနော်၊ ဆရာမြသန်းတင့် ဆီကို စာမူသွားတောင်းခဲ့ပါတယ်။ ဆရာမြသန်းတင့်က ကျောင်းသား သမဂ္ဂ သတင်းစာကို သူအားပေးပါတယ်၊ ထောက်ခံပါတယ်တဲ့။ ဒါပေမဲ့ သူ့စာမူကိုတော့ ကျောင်းသားသမဂ္ဂ သတင်းစာမှာ မထည့်ပါနဲ့တဲ့။ သူတင်မက ဆရာဒဂုန်တာရာတို့ ဘာတို့ ဆီကလည်း မတောင်းပါနဲ့တဲ့။

ဘာဖြစ်လို့လဲဆိုတော့ သူတို့ ဒဂုန်တာရာတို့ စာမူတွေပါလာရင် မဆလ စစ်အစိုးရက ကျောင်းသားတွေထဲကို အနီတွေ၊ လက်ဝဲတွေ၊ ဗကပတွေ လွှမ်းမိုး ထိုးဖောက်နေပြီလို့ မတရား စွပ်စွဲလာလိမ့်မယ်တဲ့။ ဒါကြောင့် ဆရာမြဆီက စာမူ မရခဲ့ပါဘူး။ ကျောင်းသားတွေကလည်း ဒီအချက်ကို နားလည် လက်ခံကြပါတယ်။

ဆရာမြသန်းတင့်ဟာ သူ့အသက်ရှိသရွေ့ ကျနော်တို့ လူငယ်တွေ ပြည်သူတွေကို ရှေ့ဆောင်လမ်းပြခဲ့တဲ့ ပုဂ္ဂိုလ်ကြီးပါ။ ဆရာမကွယ်လွန်ခင် အရေးကြီးတဲ့ မှတ်ချက်တခုကို စာပေလောက အဝန်းအဝိုင်းမှာ ဆရာ တရားဝင် ပြောခဲ့တာကို အားလုံးက မှတ်မိနေကြပါတယ်။

အဲဒါကတော့ မြန်မာ့ဒီမိုကရေစီ ခေါင်းဆောင်၊ ကမ္ဘာ့ငြိမ်းချမ်းရေး နိုဘယ်ဆုရှင် ဒေါ်အောင်ဆန်းစုကြည်နဲ့ ပတ်သက်တဲ့ မှတ်ချက်ပါ။ ဆရာမြသန်းတင့်က ရင်ဆိုင်ရတဲ့ ရန်သူရဲ့ အနေအထား၊ ဖြတ်သန်းရတဲ့ ခေတ်ကာလ အခြေအနေတွေနဲ့ နှိုင်းယှဉ်ပြောရရင်တော့ သမီးလုပ်တဲ့ ဒေါ်အောင်ဆန်းစုကြည်က ဖအေဖြစ်တဲ့ ဗိုလ်ချုပ်အောင်ဆန်း ထက် ပိုပြီး တော်တယ်လို့ ကျနော် သတ်မှတ်ချင်ပါတယ် ဆိုတဲ့ စကားပါပဲ။

အခုတော့ ဆရာ မြသန်းတင့် ကွယ်လွန်ခဲ့တာ (၁၁) နှစ် တိုင်ခဲ့ပါပြီ။ ဆရာဟာ ကွယ်လွန်တဲ့အချိန်မှာ မဆလ စစ်အစိုးရ စာပေစိစစ်ရေးဌာနရဲ့ ဘလက်လစ် (black list) ထဲမှာ No 1 ရန်သူ နံပါတ်တစ် အဖြစ် သတ်မှတ်ခံထားခဲ့ရသူပါ။

ဆရာဟာ နောက်ဆုံးထွက်သက် အထိ ပြည်သူဘက်က ရပ်တည်ခဲ့တဲ့ အရေးတော်ပုံ ပေါ်ရင် ပြည်သူတွေနဲ့ အတူ တက်တက်ကြွကြွ၊ ရဲရဲရင့်ရင့်၊ ယုံကြည်ရင်ခုန်ခဲ့တဲ့ ပြည်သူ့ဘက်သား၊ တိုင်းပြုပြည်ပြု စာရေးဆရာကြီး တယောက်ဆိုတာ သမိုင်းက သက်သေပြခဲ့ပါပြီ။

ဆရာ့ရဲ့ ရဲဘော်ကြီး ဆရာဦးဝင်းတင်ကတော့ အခုအချိန်အထိ အဲန်အယ်လ်ဒီ (အဲန်အယ်လ်ဒီ (NLD)) နဲ့ ပြည်သူလူထုကို ရဲရဲရင့်ရင့် ဦးဆောင်နေဆဲပါပဲ ဆရာ။

အားလုံးကို ဦးညွှတ် ဂုဏ်ပြုလိုက်ပါတယ်။ ။

## အရေးတော်ပုံ ရင်ခုန်သူများ (အပိုင်း ၃)

***အောက်တိုဘာ ၂၄၊ ၂၀၀၉***

အဲဒီနေ့က ဒေါ်အောင်ဆန်းစုကြည် မြန်မာပြည်မှာ လူထုကို ပထမဆုံး မိန့်ခွန်းပြောတဲ့နေ့ပါပဲ။ ၁၉၈၈ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်။ နေရာက ရန်ကုန်ဆေးရုံကြီး နှလုံးရောဂါဆောင်ရှေ့မှာ ဖြစ်ပါတယ်။



*ဆရာမောင်သော်က*

ရှစ်လေးလုံး အရေးတော်ပုံကြီး ဒီရေမြင့်တက်လာတာနဲ့အမျှ ရန်ကုန်မြို့ နေရာအနှံ့မှာ ဒီမိုကရေစီ ဟောပြောပွဲတွေ ခြိမ့်ခြိမ့်သဲသဲ ထွက်ပေါ်လာခဲ့ပါတယ်။ စာရေးဆရာ၊ ကဗျာဆရာတွေ၊ ရုပ်ရှင်နဲ့ ဂီတ အနုပညာသည်တွေ၊ ရှေ့နေတွေ၊ ဆရာဝန်တွေ၊ ကျောင်းဆရာတွေ၊ နိုင်ငံရေးသမားဟောင်းတွေ၊ တပ်မှူးဟောင်းတွေ၊ ကျောင်းသား ခေါင်းဆောင်ဟောင်းတွေ၊ ကိုကိုးကျွန်းပြန်တွေ စသည်ဖြင့် ဟောပြောပွဲ စင်မြင့် အသီးသီးမှာ တက်တက်ကြွကြွ ဟောပြောနေကြတဲ့ အချိန် ဖြစ်ပါတယ်။ ထောင်သောင်းချီတဲ့ ပရိသတ်ကလည်း တခဲနက် အားပေးနေတဲ့ အချိန်ပါ။

ရန်ကုန် ဆေးရုံကြီးထဲမှာ ဟောပြောပွဲ စင်မြင့်က ပထမ နှစ်ခုရှိခဲ့ပါတယ်။ တခုက အရေးပေါ်ဌာနဘေးက ကွက်လပ်မှာ ဖြစ်ပါတယ်။ ရန်ကုန်ဆေးရုံကြီးကို စစ်တပ်က သေနတ်နဲ့ ပစ်ခတ်မှု ဖြစ်ပြီးတဲ့နောက်မှာ ၈၈ ကျောင်းသား ခေါင်းဆောင်တွေနဲ့ ၇၄-၇၅-၇၆ ကျောင်းသား ခေါင်းဆောင်ဟောင်းတွေ ပူးပေါင်းပြီး ထိုးလိုက်တဲ့ စင်မြင့်ဖြစ်ပါတယ်။ ရန်ကုန်မြို့မှာ ပထမဆုံး ပေါ်ထွက်လာတဲ့ ဒီမိုကရေစီ ဟောပြောပွဲ စင်မြင့်လို့ ဆိုနိုင်ပါတယ်။

ရန်ကုန်ဆေးရုံကြီးထဲမှာပဲ နောက်ထပ် ဟောပြောပွဲ စင်မြင့်တခုက နှလုံးရောဂါဆောင်ရှေ့က ကျနော်တို့ စာပေနဲ့ အနုပညာရှင်တွေရဲ့ စင်မြင့်ပါပဲ။ ရရာ၊ တွေ့ရာ ရေတိုင်ကီပုံးတွေကို ခင်းပြီး အရေးပေါ် လုပ်ထားတဲ့ စင်တခု ပါပဲ။

၁၉၈၈ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်၊ အဲဒီနေ့က အဲဒီရေတိုင်ကီပုံး စင်မြင့်ပေါ်မှာ ဒေါ်အောင်ဆန်းစုကြည်က "စည်းကမ်းရှိ ညီညွတ်ပြီး အမှန်တရားနဲ့ ကိုက်ညီတဲ့ အင်အားမျိုးကို ကျမတို့ ထူထောင်ရမယ်" ဆိုတဲ့ သူ့ရဲ့ မြန်မာပြည်သူလူထုကို ပထမဆုံး ပြောကြားတဲ့ မိန့်ခွန်း ပြောခဲ့တာပါ။

ဒေါ်အောင်ဆန်းစုကြည် မိန့်ခွန်းပြောဖို့ စင်ပေါ်ကို တက်လာတော့ ဒေါ်အောင်ဆန်းစုကြည်ကို ဘေးက ခြံရံလို့ စင်ပေါ်ကို အတူတက်လိုက်လာသူကတော့ ကိုယ်ကလေးစောင်းစောင်း ခေါင်းကလေးစောင်းစောင်းနဲ့ ဆရာမောင်သော်က ပါပဲ။

နောက် ၅ ရက်လောက် ကြာတဲ့အခါမှာတော့ ၁၉၈၈ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက် ရန်ကုန် တက္ကသိုလ် ဆဲဗင်းဂျူလိုင် ရင်ပြင်မှာ ကျင်းပတဲ့ မင်းကိုနိုင်၊ ကိုကိုကြီး၊ မိုးသီးဇွန် ဗကသများ အဖွဲ့ချုပ် ပြန်လည် ဖွဲ့စည်းခြင်း အခမ်းအနားမှာ စာပေနဲ့ အနုပညာရှင်များကိုယ်စား မိန့်ခွန်း ပြောရပါတယ်။ ဆရာက မိန့်ခွန်း ပြောနေစဉ်မှာ သူ့ကဗျာ တပုဒ် ထည့်ရွတ်ဆိုသွားခဲ့ပါတယ်။

"ငါ့တွင် ဒဏ်ရာ
ရခဲ့ပါ၏
သို့ငြားသော်လည်း ငါမသေ။
ငါ့ဒဏ်ရာလည်း

သွေးစိမ်းရှင်ထွက်
တသက်မကြေ၊ ငါမသေ။
လဲလျောင်း ခဏ
မနက်ဖြန် ထလို့
ငါတို့တိုက်ပွဲ ဆက်ဆင်နွှဲ" တဲ့။

ဆရာဟာ ရှစ်လေးလုံးအရေးတော်ပုံကြီးအတွင်းမှာ စာပေနဲ့ အနုပညာရှင်တွေကို တပ်ဦးကနေ ရွပ်ရွပ်ချွန်ချွန် ဦးဆောင်ခဲ့တဲ့ ပုဂ္ဂိုလ်ပါ။ ဆရာဟာ မြန်မာနိုင်ငံ လွတ်လပ်ရေးရတဲ့ ပထမဆုံးနေ့မှာပဲ အပျော်လွန်ပြီး သေနတ်ဖောက်မိလို့ စစ်တပ်အချုပ် ကွာတား ကျသွားရတဲ့ ရေတပ်သားကလေး ဘသော် ဘဝကနေ ရေတပ်ဗိုလ်မှူး ဘသော် အဖြစ်နဲ့ တပ်မတော်က အငြိမ်းစား ယူခဲ့တဲ့ နိုင်ငံကျော် စာရေးဆရာကြီး ဖြစ်ပါတယ်။

ရှစ်လေးလုံး အရေးတော်ပုံကြီးအတွင်းမှာ ဗိုလ်ချုပ်ကြီးဟောင်း သူရ ဦးတင်ဦးနဲ့အတူ မျိုးချစ်တပ်မှူးဟောင်းတွေ၊ ကြည်းရေလေ တပ်မတော်သားတွေ လူထုနဲ့ လက်တွဲပြီး ဒီမိုကရေစီ တိုက်ပွဲထဲ ဝင်ရောက်လာကြပါတယ်။

ဆရာမောင်သော်ကဟာ သူဟောပြောတဲ့ စင်မြင့်တိုင်းမှာ တပ်မတော်သားတွေကို ဦးတည်ပြီး ပြည်သူ့ဘက်က ရပ်တည်တဲ့ ပြည်သူ့တပ်မတော်အဖြစ် ကူးပြောင်းလာဖို့ ရဲရဲတောက် ဟောပြောတတ်ပါတယ်။ တချို့စင်မြင့်တွေမှာ သူနဲ့အတူ တပ်မတော်အကြောင်း ပြောဖို့ စစ်တပ်က လတ်တလော ထွက်လာတဲ့ ကဗျာဆရာ နေဇော်နိုင်နဲ့ စစ်သား သားသမီးတယောက် ဖြစ်တဲ့ ကျနော့်ကို ဆရာက တွဲခေါ်တတ်ပါတယ်။

ကျနော်တို့ စာနယ်ဇင်းသမဂ္ဂ ဖွဲ့စည်းတဲ့ အခါမှာတော့ အားလုံးက ဆရာမောင်သော်ကကို ဥက္ကဋ္ဌအဖြစ် တညီတညွတ်တည်း ရွေးချယ် တင်မြှောက်လိုက်ကြပါတယ်။ ဆရာ ဦးဆောင်ပြီးတော့ ကျနော်တို့ စာနယ်ဇင်း သမဂ္ဂဟာ ဒေါ်အောင်ဆန်းစုကြည်ကို ဝိုင်းရံခဲ့တယ်၊ ကျောင်းသားသမဂ္ဂကို ဝိုင်းရံခဲ့တယ်။ ဆရာ့ဦးဆောင်မှုနဲ့ပဲ ကျနော်တို့ စာနယ်ဇင်းသမဂ္ဂဟာ ရုပ်ရှင်နဲ့ ဂီတ၊ ဒီမိုကရေစီ အင်အားစုတွေကို စုစည်းပြီး ကြီးမားတဲ့ အနုပညာ တပ်ပေါင်းစုကြီး တခု တည်ဆောက်နိုင်ခဲ့ပါတယ်။

ဆရာမောင်သော်ကဟာ ရှစ်လေးလုံး အရေးတော်ပုံကြီး မတိုင်ခင် ကတည်းက မြန်မာ့ ဆိုရှယ်လစ် လမ်းစဉ်ပါတီကို ဝေဖန်တဲ့ သရော်စာတွေ အမြောက်အများ ရေးခဲ့တဲ့သူပါ။

၁၉၅၆ ဆရာ ရေတပ်ဗိုလ်ကြီးဘဝနဲ့ တနင်္သာရီ ကမ်းလွန် ပင်လယ်ပြင်မှာ သင်္ဘော မုန်တိုင်းမိ နစ်မြုပ်ပြီး ပင်လယ်ထဲ ရက်ပေါင်းများစွာ မျှောပါ ရုန်းကန်ခဲ့ရတဲ့အကြောင်း ရေးထားတဲ့ "တိုက်ရေယာဉ် ၁၀၃" ဆိုတဲ့ စာအုပ်ထဲမှာ ဆရာ့ရဲ့ ခေါင်းဆောင်ပီသမှု၊ ကိုယ်ကျိုးစွန့် အနစ်နာခံမှု၊ စိတ်ဓာတ်ကြံ့ခိုင် မာကျောမှုတွေကို တွေ့နိုင်ပါတယ်။

ဒေါ်အောင်ဆန်းစုကြည် အဲန်အယ်လ်ဒီ (NLD) ပါတီ တည်ထောင်တဲ့အခါ ဆရာဟာ အဖွဲ့ချုပ်ရဲ့ ထိပ်တန်း ခေါင်းဆောင်တဦး ဖြစ်လာပါတယ်။ ဒါပေမဲ့ မကြာလိုက်ပါဘူး။ ၁၉၈၉ မှာ ဆရာဦးဝင်းတင်၊ ဒေါ်အောင်ဆန်းစုကြည်၊ ဦးတင်ဦးတို့နဲ့ မရှေးမနှောင်းမှာပဲ နဝတ စစ်အစိုးရက တပ်မတော်ကို ဖြိုခွဲတယ် ဆိုတဲ့ စွဲချက်နဲ့ ဆရာမောင်သော်ကကို ဖမ်းဆီးလိုက်ပြီး ၈၉ ခုနှစ်၊ အောက်တိုဘာလမှာ စစ်ခုံရုံးကနေ တသက်တကျွန်း ထောင်ဒဏ် အနှစ် (၂၀) ချမှတ်လိုက်ပါတော့တယ်။

၁၉၅၆ ပင်လယ်ပြင်မှာ သင်္ဘောမှောက်တုန်းက အသက် မသေဘဲ ကျန်ခဲ့တဲ့ ဆရာဟာ နာမည်ဆိုးနဲ့ ကျော်ကြားတဲ့ အင်းစိန် အကျဉ်းထောင်ထဲမှာ လူမဆန်တဲ့ စစ်ထောက်လှမ်းရေးတွေ၊ ထောင်အာဏာပိုင်တွေရဲ့ ပြင်းထန်တဲ့ နှိပ်စက် ညှင်းပန်းမှု ဒဏ်တွေကြောင့် ၁၉၉၁ ခုနှစ်၊ ဇွန်လ ၁၁ ရက်နေ့မှာ ကျဆုံးခဲ့ရရှာပါတယ်။

သိမ်ဖြူလမ်း မွတ်ဆလင် သုသာန်မှာ အကျဉ်းရုံးပြုလုပ်တဲ့ ဆရာ့ ဈာပနကိုတော့ စစ်တပ်က စောင့်ကြည့်နေတဲ့ကြားက ကျနော်တို့ လေထန်ကုန်းက စာပေနဲ့ အနုပညာသမားတွေ သွားရောက် ဂါရဝ ပြုခဲ့ကြပါတယ်။

ဆရာဟာ နဝတ စစ်အစိုးရရဲ့ မတရားမှုတွေကို ကြံ့ကြံ့ခံ ခုခံ ရင်ဆိုင်ရင်း သူရဲကောင်း ပီသစွာ ကျဆုံးသွားခဲ့တာပါ။ ဆရာဟာ ပြည်သူ့ရဲ့ သူရဲကောင်း တဦးပါပဲ။

ဆရာဟာ ဒေါ်အောင်ဆန်းစုကြည်ခေတ် ဒုတိယ လွတ်လပ်ရေး တိုက်ပွဲအတွက် အသက်ပေးသွားတဲ့ အာဇာနည် တဦးပါပဲ။ ဆရာ့ကို ဆရာ ဘာသာပြန်ခဲ့တဲ့ အင်္ဂလိပ် ကဗျာ တပိုဒ်နဲ့ ဂုဏ်ပြုလိုက်ပါတယ်။

"သို့ပေလည်း
ပင်လယ်ငှက်က အိပ်တန်းဆီ ပြန်သွားပြီ
သားရဲက သူ့သားရဲတွင်းထဲ ချည်းနင်း လှဲအိပ်
ချွေးသိပ်ရမယ့် ရာသီ ပီပီပင် ရောက်သော်လည်း
ငါ့တဲအိမ် ငါပြင်ဖို့ သွားရဦး၊
ငါ့တဲအိမ် ငါပြင်ဖို့ သွားရဦး ..."။ ။

## အရေးတော်ပုံ ရင်ခုန်သူများ (အပိုင်း - ၄)

*နိုဝင်ဘာ ၁၊ ၂၀၀၉*

တိုင်းပြည်တပြည်၊ လူမျိုးတမျိုးရဲ့ ဘဝမှာ စာပေနဲ့ အနုပညာဟာ ဘယ်အခန်းကဏ္ဍက ပါဝင်သလဲ။ ဘယ်လို အနေအထားမှာ ရှိသလဲ။



*ရုပ်ရှင်မင်းသားကြီး ထွန်းဝေ*

ဆရာဇော်ဇော်အောင်ရဲ့ "ဝေဝေရီရီ" ဝတ္ထုထဲမှာ ဖတ်ခဲ့ဖူးတဲ့ စာသားတွေကို ကျနော် ပြန်အမှတ်ရလာပါတယ်။ ဆရာဇော်ဇော်အောင်က -

နိုင်ငံဟာ ဖျားနာနေတယ်။ နာတာရှည်ပေါ့။ ရောဂါ ရနေတယ်။ အဲဒါ စာပေအနုပညာက ပျောက်ကင်းအောင် ကုသ ကယ်တင်ရမယ်။ အဲဒီတော့ စာပေအနုပညာက လုပ်ငန်းတာဝန် (၃) ခုကို ယူရလိမ့်မယ်တဲ့။ တခုက နှစ်သက်ကြည်နူးမှု ရသ ပေးဖို့။ ဒုတိယက အမှားအမှန် ခွဲခြားပြသ ညွှန်ကြားဖို့။ နောက်ဆုံးတခုကတော့ လူတွေရဲ့ ဝိညာဉ်ကို ကယ်တင်ဖို့နဲ့ နိုင်ငံတော်ကို ကုစားဖို့ပါပဲတဲ့။

ပြီးတော့ ဆရာဇော်ဇော်အောင်က အခုလို ဆက်ပြောပြပါသေးတယ်။

ရုပ်ပစ္စည်း ချမ်းသာဖို့၊ ကြွယ်ဝဖို့၊ ပြည့်စုံဖို့ ဆိုတာ သိပ်မခက်ဘူး။ တကယ် ခက်တာက စိတ်။ စိတ်ဓာတ် အရေးအရာတွေမှာ အားနည်းနေတာ၊ အောက်တန်းကျနေတာ၊ ချွတ်ခြုံကျနေတာတွေကို ဖြည့်ဆည်းဖို့က သိပ်ခက်တယ်။ သိပ္ပံနဲ့ နည်းပညာကလည်း ထိထိရောက်ရောက် မကယ်တင်နိုင်ဘူး။ စိတ်ဓာတ်မှာ စွဲကပ်နေတဲ့ နာတာရှည်ရောဂါမျိုးကို ကယ်တင်နိုင်တာ စာပေနဲ့ အနုပညာပဲရှိတယ်တဲ့။

ဟုတ်ပါတယ်။ ဆရာဇော်ဇော်အောင် ပြောတာကို ကျနော်တို့ လက်ခံရမယ်။ သဘောတူတယ်။ ဒါပေမဲ့ ကျနော်တို့ တိုင်းပြည်မှာကတော့ စာပေနဲ့ အနုပညာဟာ နည်းမှန် လမ်းမှန်နဲ့ လွတ်လွတ်လပ်လပ် ရှင်သန်ခွင့်ရတဲ့ အခြေအနေမှာ မရှိဘူး။ ကျနော်တို့ တိုင်းပြည်မှာ စာပေနဲ့ အနုပညာ လွတ်လပ်ခွင့် လုံးဝမရှိဘူး။ ဒီလို မရှိတဲ့ အခြေအနေကြားမှာပဲ ဖက်ဆစ်ဝါဒ ဓားမိုးထားတဲ့ အောက်ကပဲ စာပေနဲ့ အနုပညာသည်တွေဟာ ပြည်သူလူထုကို ဖြေဖျော်ဖို့၊ လမ်းပြဖို့၊ တိုင်းပြည်ကို ကယ်တင်ဖို့ ကြိုးစားခဲ့ကြတာပဲ မဟုတ်လား။

အဲဒီ အထဲကမှ ဝါရင့် သဘာရင့် အာဂ ရုပ်ရှင် အနုပညာရှင်ကြီး တယောက်ရဲ့ ပြည်သူ့ဘက်က ရဲရဲရင့်ရင့် ရပ်တည်မှုနဲ့ သူ့ရဲ့ ကိုယ်ကျိုးစွန့် အနစ်နာခံမှုတွေ ကျနော် ပြန်လည် အောက်မေ့တသလာမိပါတယ်။

၁၉၈၈ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်၊ ရန်ကုန်မြို့၊ ရွှေတိဂုံဘုရား အနောက်ဘက်မုခ်။

ရှစ်လေးလုံး အရေးတော်ပုံကြီးအတွင်း ရန်ကုန်တမြို့လုံးကလူတွေ အဲဒီနေရာမှာ လာပြီး စုကြတဲ့နေ့။ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ပထမဆုံး သမိုင်းဝင် လူထု အစည်းအဝေးကြီး။ ပရိသတ် ၅ သိန်းကျော်ဟာ မိုးတဖွဲဖွဲအောက်မှာ သူတို့ရဲ့ ဒီမိုကရေစီ ခေါင်းဆောင်ကို စောင့်မျှော်နေကြပါတယ်။ သူတို့ခေါင်းဆောင်ရဲ့ မိန့်ခွန်းကို မျှော်လင့်

နေကြပါတယ်။ သောင်းနဲ့ချီတဲ့ ခွပ်ဒေါင်းအလံ၊ သုံးရောင်ခြယ်အလံ၊ ဖက်ဆစ်တော်လှန်ရေးအလံ၊ ကြယ်ငါးပွင့် ပြည်ထောင်စု အလံတွေကို၊ ဝှေ့ယမ်းနေတဲ့ လူထုကြီးရဲ့ ရင်ခုန်သံက မိုးသံလေသံကို ဖုံးအုပ်သွားပါတယ်။

အဲဒီ အချိန်မှာ အခမ်းအနားစင်မြင့် ဆီကနေ "ဒီမိုကရေစီ မြတ်နိုးတဲ့ လူထုပရိသတ်ကြီး ခင်ဗျား" ဆိုပြီး အောင်မြင်ခံ့ညား ထည်ဝါလှတဲ့ အသံသြဇာနဲ့ ပရိသတ်ကို လှုပ်နှိုးလိုက်တဲ့အသံကို ကြားလိုက်ရပြီး ပရိသတ်က စင်မြင့်ဆီကို လှမ်းကြည့်လိုက်ကြတဲ့ အခါမှာတော့။

ပရိသတ်ကြီးရဲ့ လက်ခုပ်သြဘာသံတွေဟာ သောင်းသောင်းညံသွားခဲ့ပါပြီ။ ပရိသတ်ကြီးဟာ သူတို့ အင်မတန် ချစ်ခင်လေးစားတဲ့ ရုပ်ရှင်မင်းသားကြီး တယောက်ကို ဒေါ်အောင်ဆန်းစုကြည်ရဲ့ လူထု အစည်းအဝေးကြီးမှာ အခမ်းအနားမှူး တဦးအဖြစ် မြင်တွေ့လိုက်ရတော့ အလွန့်ကို အားတက်ကျေနပ် ပီတိဖြစ်သွားကြပါတော့တယ်။

အဲဒီနေ့က ရုပ်ရှင်မင်းသားကြီး ဦးထွန်းဝေက သူ့ရဲ့ အနုပညာ အောင်မြင်ကျော်ကြားမှုတွေကို စတေးပြီး ပြည်သူ့ဘက်သား တယောက်အနေနဲ့ လူထုရှေ့မှောက် ရဲရဲထွက်ရပ်ပြခဲ့တာပဲ မဟုတ်လား။ ဒီအခမ်းအနားဟာ မြန်မာ့ သမိုင်းမှာရော ဒေါ်အောင်ဆန်းစုကြည် သမိုင်းမှာပါ အင်မတန်ကြီးကျယ် လေးနက်တဲ့ အခမ်းအနားပါ။

ရင်းနှီးသူတွေက "လေးလေး" လို့ ခေါ်ကြတဲ့ ရုပ်ရှင်မင်းသားကြီး ဦးထွန်းဝေဟာ အဲဒီလို ဒီမိုကရေစီ တိုက်ပွဲမှာ ရှေ့တန်းက ပါဝင်ခဲ့တဲ့အတွက် နဝတ၊ နအဖ စစ်အာဏာသိမ်း အစိုးရ အဆက်ဆက်မှာ ရုပ်ရှင်ရိုက်ခွင့် မရခဲ့တော့ပါဘူး။ (အခု အချိန်မှာ ရုပ်ရှင်သရုပ်ဆောင် ကိုကျော်သူကို အဓမ္မ ပိတ်ပင်ထားတာမျိုးပေါ့)

ဦးထွန်းဝေတို့၊ ရုပ်ရှင်မင်းသားကြီး ဦးမြတ်လေးတို့ ဆိုတာ သမိုင်းနဲ့ အစဉ်အလာနဲ့ ဖြတ်သန်းလာခဲ့ကြတဲ့ အနုပညာသည်တွေပါ။ ခုမှ မဟုတ်ပါဘူး။ ၁၉၆၇ မြန်မာနိုင်ငံမှာ ဆန်ရှားပါးတဲ့ ပြဿနာတွေဖြစ်တော့ မဆလ စစ်တပ် က လူထု အာရုံပြောင်းအောင် တရုတ်-ဗမာ အဓိကရုဏ်း ဖန်တီးတဲ့အခါ ဦးထွန်းဝေနဲ့ ဦးမြတ်လေးတို့ကို မဆလ အစိုးရက ဖမ်းဆီးထောင်ချခဲ့ဖူးပါတယ်။

ပြည်တွင်းမှာတုန်းက တနေ့မှာ ဆရာမောင်စွမ်းရည်နဲ့ ကျနော် လေးလေးဦးထွန်းဝေ နေတဲ့ ဘောက်ထော်က အိမ်ကို လူမမာမေး ရောက်သွားကြပါတယ်။

နဝတ အစိုးရ တက်လာကတည်းက ရုပ်ရှင် မရိုက်ရတော့တဲ့ လေးလေးဟာ ကျောင်းသုံး မြေဖြူလုပ်ငန်း ကလေးနဲ့ ရပ်တည်ခဲ့ရပါတယ်။ ရုပ်ရှင် ပိတ်ကားပေါ်မှာ တွေ့ခွင့် မရတော့ပေမဲ့ နှစ်စဉ်လိုလို တောင်သမန်က အမေ လူထုဒေါ်အမာရဲ့ မွေးနေ့ပွဲတွေမှာ လေးလေးကို အမြဲ ပြုံးပြုံးရွှင်ရွှင်နဲ့ တွေ့ရတတ်ပါတယ်။

ဦးထွန်းဝေက သူ့ကို ရုပ်ရှင်ရိုက်ခွင့် ပိတ်ထားတာနဲ့ ပတ်သက်လို့ နဝတ၊ နအဖ အစိုးရတွေကို ပြစ်တင်တာ၊ ရှုတ်ချတာတွေ တခွန်းမှ မပြောပါဘူး။ အသနားလည်း မခံပါဘူး။ ပြည်သူ့ရင်ထဲမှာ "ထွန်းဝေ" ရှိနေရင် ပြည့်စုံတာပဲလို့ သူခံယူတဲ့အကြောင်း ဦးထွန်းဝေက ဆရာစွမ်းတို့၊ ကျနော်တို့ကို ပြောပြပါတယ်။

လေးလေးဟာ အင်မတန် လူကြီးလူကောင်း ပီသတဲ့ ရုပ်ရှင် အနုပညာသည်ကြီးပါ။ သူ့ရဲ့ အနုပညာတွေကို တာဆီး ပိတ်ပင်ထားတဲ့ အတွက် တိုင်းပြည်နဲ့ လူမျိုးအဖို့ အများကြီး နစ်နာ ဆုံးရှုံးရပါတယ်။

ခုတော့ လေးလေးဦးထွန်းဝေ ကွယ်လွန်ခဲ့ပါပြီ။ သူကွယ်လွန်တဲ့အချိန်မှာ နာရေးကြော်ငြာကိုတောင် လွတ်လွတ်လပ်လပ် ထည့်ခွင့်မရတဲ့ အထိ စစ်အစိုးရက ဖိနှိပ် ချုပ်ချယ်ခဲ့ပါတယ်။

ဘယ်လိုပဲ ဖိနှိပ် ဖိနှိပ်၊ ဘယ်လိုပဲ ချုပ်ချယ် ချုပ်ချယ် ပြည်သူတွေရင်ထဲက ရုပ်ရှင်မင်းသားကြီး ဦးထွန်းဝေရဲ့ အနုပညာနဲ့ စစ်အာဏာရှင် ဆန့်ကျင်ရေး စိတ်ဓာတ်တွေဟာ ဘယ်တော့မှ သေဆုံးမသွားဘူးလို့ ကျနော် ယုံကြည်နေ ဆဲပါပဲ။

ပြီးခဲ့တဲ့ ရွှေဝါရောင် သံဃအရေးတော်ပုံမှာတုန်းက ရုပ်ရှင်သရုပ်ဆောင် ကိုကျော်သူတို့၊ ကိုဇာဂနာတို့ လူထု ရှေ့မှောက် ရဲရဲထွက်ရပ်ခဲ့တာလည်း မင်းသားကြီး ဦးထွန်းဝေ လမ်းစဉ်ကို ဆက်ခံ လျှောက်လှမ်းခဲ့ကြတာပဲ မဟုတ်ပါ လား။

လေးလေး ဦးထွန်းဝေ ကောင်းရာ သုဂတိ ရောက်ပါစေ။ ။

## အရေးတော်ပုံ ရင်ခုန်သူများ (အပိုင်း - ၅)

*နိုဝင်ဘာ ၈၊ ၂၀၀၉*

ရှစ်လေးလုံး အရေးတော်ပုံကြီး ပြီးစ မြန်မာ့နိုင်ငံရေး အခြေအနေနဲ့ ပတ်သက်လို့ ကျနော်တို့ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် ပြောခဲ့ဖူးတဲ့ စကားတခွန်းက အင်မတန် အလင်္ကာ ဆန်လှပါတယ်။



*စာရေးသူ ကဗျာဆရာ အောင်ဝေး*

ဒေါ်အောင်ဆန်းစုကြည်က "မိုးကုတ်စက်ဝိုင်းမှာတော့ မုန်တိုင်းမိုးတိမ်တွေက ဆင်နေဆဲပါပဲ" လို့ တင်စား ပြောခဲ့တဲ့ စကားပါ။ အဲဒီလို မိုးထဲလေထဲက အဖြစ်အပျက်လေးတခုကို ကျနော် ပြန်အမှတ်ရလာပါတယ်။

(၈) ရက် (၈) လ (၈၈) နေ့ နောက်ပိုင်း ရန်ကုန်မြို့ပေါ်မှာ လူထု ဆန္ဒပြပွဲတွေ ပိုပြီး အင်အား ကြီးမားလာတဲ့ အချိန်။ တနေ့မှာ ဆန္ဒပြ လူထု စစ်ကြောင်းကြီး တကြောင်းဟာ ရန်ကုန်ဆေးရုံကြီး ရှေ့ကနေ ဗိုလ်ချုပ်အောင်ဆန်း လမ်းမကြီးအတိုင်း ဆူးလေ-ပန်းဆိုးတန်းဘက်ကို ဖြတ်သန်း ချီတက်လာကြပါတယ်။ အဲဒီစစ်ကြောင်းကြီးထဲမှာ ကျနော် တို့ စာပေ၊ ရုပ်ရှင် ဂီတ အနုပညာရှင်များလည်း ပါပါတယ်။

အဲဒီနေ့က ကျနော်တို့ ကဗျာဆရာတွေနဲ့ အတူ ချီတက်လိုက်ပါလာတဲ့သူ တဦးက ကဗျာဆရာ ဒါရိုက်တာ "ပိုင်သ" ပါပဲ။ ကျနော်တို့တွေ ကြွေးကြော်သံတွေ ကြွေးကြော်လိုက်၊ လက်သီးလက်မောင်း တန်းလိုက်၊ ကိုယ့်အာရုံနဲ့ ကိုယ် မိုးထဲလေထဲမှာ ဖွဲနဲ့ ရှေ့ကို အပြင်း ချီတက်နေကြတာပဲ ဆိုပါတော့။

ဗိုလ်ချုပ်အောင်ဆန်း လမ်းမကြီးပေါ်က ရုပ်ရှင်ရုံတွေ ရှေ့ကို ဖြတ်ကြတော့ ကျနော်တို့ အားလုံး ရုပ်ရှင်ရုံ တရုံရဲ့ ရှေ့မျက်နှာစာပေါ်က ရုံဆင်ပိုစတာကြီးတခုကို အာရုံစိုက်မိသွားကြပါတယ်။ အဲဒီ ရုပ်ရှင်ပိုစတာက ရန်အောင်၊ နေအောင်၊ မို့မို့မြင့်အောင်တို့ ပါဝင် သရုပ်ဆောင်ထားကြတဲ့ "အချစ်နားနီး အချစ်" ဆိုတဲ့ ရုပ်ရှင်ဇာတ်ကား ကြော်ငြာ ပိုစတာပါ။ အဲဒီ ဇာတ်ကားကို ရိုက်ကူးတဲ့ ဒါရိုက်တာကတော့ ပိုင်သ။ အခု ကျနော်တို့နဲ့အတူ ချီတက် ဆန္ဒပြနေတဲ့ ပိုင်သပါပဲ။

ပိုင်သခမျာ ခေတ်ပျက်ကြီးထဲမှာမှ ရုံတင်လာတဲ့ သူ့ရဲ့ ရုပ်ရှင်ဇာတ်ကား ပိုစတာကို ကြည့်ငေးရင်း ကြေကွဲ နေပုံရပါတယ်။ ဒီဇာတ်ကားဟာ သူ ဒါရိုက်တာ လုပ်ပြီး ပထမဦးဆုံး ရိုက်ကူးခဲ့တဲ့ ရုပ်ရှင်ဇာတ်ကားပါ။ ၁၉၈၅ က စရိုက်ခဲ့တဲ့ ဇာတ်ကား။ ပိုင်သအတွက်တော့ ဂုဏ်ယူကျေနပ် အမှတ်တရ ဖြစ်စရာပေါ့။ အဲဒီဇာတ်ကားမှာ ဒါရိုက်တာ ဦးဝင်းဖေတို့က သူ့ကို အများကြီး ပါဝင် ကူညီပေးထားတယ်လို့လည်း ပိုင်သက ဆိုပါတယ်။

အခုတော့ ဒါရိုက်တာဟာ သူ့ရဲ့ ပထမဦးဆုံးလက်ရာအတွက် ဂုဏ်မယူအားသေးပါဘူး။ ဒီမိုကရေစီ ရရှိရေး - ဒို့အရေး ဆိုပြီး အများပြည်သူတွေနဲ့အတူ ချီတက် ဆန္ဒပြနေရပါတယ်။ ဆန္ဒပြ စစ်ကြောင်းကြီးထဲက ရုပ်ရှင်ချစ်သူ ပြည်သူလူထုတွေ ခမျာလည်း ဒါရိုက်တာပိုင်သရဲ့ လက်ရာဆိုတဲ့ အဲဒီ "အချစ်နားနီး အချစ်" ရုပ်ရှင်ပိုစတာကို တချက် မော့ကြည့်ရုံ ကြည့်ပြီး မဆုံးသေးတဲ့ ရှေ့ခရီးကို အပြင်း ဆက်နှင်သွားကြပါပြီ။

ရုပ်ရှင် ဒါရိုက်တာ တယောက်ရဲ့ ရင်ထဲမှာ သူပြောချင်တဲ့ သူပြချင်တဲ့ အနုပညာ ခံစားမှုအကြောင်းတွေ၊ သူရိုက်ချင်တဲ့ စိတ်ကူးတွေ၊ ဇာတ်လမ်းတွေ အများကြီး ရှိနိုင်ပါတယ်။ အဲဒီအချိန်တုန်းက ကျနော်တို့ အားလုံးဟာ အသက်အရွယ်ကလည်း ငယ်ကြသေးတာကိုး။ ကျနော်တို့မှာ လုပ်ချင် ကိုင်ချင်တဲ့ အနုပညာအလုပ်တွေက ရင်နဲ့ မဆံ့ အောင် ရှိနေခဲ့ကြတာပဲ မဟုတ်လား။

သို့သော် ကျနော်တို့ လုပ်ချင်တဲ့ အနုပညာ အလုပ်တွေဟာ လုပ်လို့မရအောင်ကိုဘဲ မဆလ စစ်အာဏာရှင် ကြီးစိုးတဲ့ ခေတ်ပျက်ထဲကြီးမှာ အနုပညာ လွတ်လပ်ခွင့်တွေ ဆိတ်သုန်းပျောက်ကွယ်ခဲ့တယ်။ အနုပညာ ဖန်တီး၊ ဖော်ထုတ်ခွင့်တွေ တားမြစ် ပိတ်ပင်ခံခဲ့ရတယ်။ ကျနော်တို့ အနုပညာလောကကြီး တိုင်းပြည်ရဲ့ ကံကြမ္မာနဲ့အတူ မိုးမှောင်ကျခဲ့ရတာပဲ မဟုတ်လား။

မဆလ စစ်အုပ်စုဟာ စာပေ၊ ရုပ်ရှင်၊ ဂီတ ဘယ်အနုပညာကိုပဲ ဖြစ်ဖြစ် သူတို့အာဏာ တည်မြဲရေး၊ စစ်ဝါဒ သက်ဆိုးရှည်ရေးအတွက် အသုံးချတဲ့ ဝါဒဖြန့် ကရိယာတွေအနေနဲ့ပဲ ခွင့်ပြုထားတယ်။ ပြည်သူခံစားချက်ကို ဖော်ထုတ်ဖို့ လူထုဘဝကို ထင်ဟပ်ဖို့၊ ပြည်သူလူထုရဲ့ မျှော်လင့်ချက်၊ ယုံကြည်ချက်ကို ဖော်ပြဖို့ဆိုတဲ့ အခွင့်အရေးတွေ အားလုံးကိုတော့ မဆလ အစိုးရက ပိတ်ပင် ချုပ်ချယ်ထားခဲ့တယ်။

ဒါကြောင့်မို့လည်း ကျောင်းသားတွေ ဦးဆောင်တဲ့ ရှစ်လေးလုံး အရေးတော်ပုံကြီး ပေါ်ပေါက်လာတဲ့အခါ ဖိနှိပ်ချုပ်ချယ်ခံနေရတဲ့၊ ကန့်သတ်ပိတ်ပင် ခံနေရတဲ့၊ ဖမ်းဆီး ချုပ်နှောင်ခံနေရတဲ့ စာပေ၊ ရုပ်ရှင်၊ ဂီတ အနုပညာသမားတွေဟာ သူတို့ အသိစိတ်ဓာတ်နဲ့ သူတို့ လူထုအုံကြွမှု တိုက်ပွဲထဲကို တခဲနက် ခုန်ဝင်ခဲ့ကြတာပဲ မဟုတ်လား။ လက်တွဲဆောင်ရွက်ခဲ့ကြတာပဲ မဟုတ်လား။

ဗိုလ်ချုပ်အောင်ဆန်း လမ်းမကြီးပေါ်မှာ မိုးက တဖွဲဖွဲ ရွာနေပါတယ်။ သူငယ်ချင်း ပိုင်သက နောက်မှာ ကျန်ရစ်တဲ့ သူ့ရဲ့ ရုပ်ရှင်ဇာတ်ကား ရုံဆင် ပိုစတာကို ခြသေ့ံလည်ပြန် တချက် လှမ်းကြည့်လိုက်ပါတယ်။ သူ့မျက်ဝန်းတွေက ဆွေးမြေ့ ရီဝေနေမယ် ဆိုတာ သေချာပါတယ်။ ပြီးတော့ ကြွေးကြော်သံတွေကို သူ အားပါးတရ ကြွေးကြော်လိုက်ပြီး သူရှေ့ကို ဆက်လက် ချီတက်သွားပါတော့တယ်။

အဲဒီနေ့က ကျနော်တို့ဘေးမှာ ကျနော်တို့နဲ့အတူ ပိုင်သရဲ့ ညီဖြစ်တဲ့ "ဆူး" ကလည်း မမိုတ်မသုန် လိုက်ပါချီတက်နေတာပါ။ ဆူးဟာ နာမည်ကျော် တေးရေးဆရာ၊ အဆိုတော် တယောက်ပါ။

ရှစ်လေးလုံး အရေးတော်ပုံကြီး ဖြိုခွင်းခံရပြီးတဲ့ နောက်မှာတော့ ပိုင်သတို့က ပန်းဆိုးတန်း ကိုတင်လှိုင်လက်ဖက်ရည်ဆိုင်မှာ စုမိသွားကြပါတယ်။ ဆူးကတော့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ အထက်မြန်မာပြည် စည်းရုံးရေးခရီးစဉ်တွေမှာ ချင်းတောင်တန်းတွေပေါ်အထိ လိုက်ပါခဲ့သူပါ။ ကျနော်ကတော့ ၁၉၈၉ အာဇာနည်နေ့ အရေးအခင်းနဲ့ ပုသိမ်ထောင်ထဲ ပြန်ရောက်သွားပါတယ်။

ကျနော် ထောင်က ပြန်လွတ်လာတော့ ပိုင်သကို သူတို့ရဲ့ ပန်းဆိုးတန်း ဟောလိဝုဒ်ကလေးမှာပဲ ဆရာမြတ်လေး၊ ဆရာမောင်သာရ၊ မောင်ခက်ပန် တို့နဲ့အတူ တက်တက်ကြွကြွ ပြန်တွေ့ရပါတယ်။ ပြီးတော့ ရှစ်လေးလုံး အရေးတော်ပုံမှာ ပါဝင်ခဲ့လို့ အလုပ်ဖြုတ်ခံလိုက်ရတဲ့ မြန်မာ့ရုပ်သံက ပညာရှင်တွေဖြစ်ကြတဲ့ ကိုစန်းအောင်နဲ့ ချားလ်စ်ဘရှင် တို့ကိုလည်း အဲဒီမှာ တွေ့လိုက်ရပါတယ်။ ဆူးကတော့ မကျန်းမာလို့ မန္တလေးကို ပြန်သွားခဲ့ပါပြီ။

ဘာပဲပြောပြော ဖက်ဆစ်ဝါဒ ဓားမိုးထားတဲ့အောက်ကပဲ အနုပညာက လုပ်နိုင်သလောက်၊ လုပ်ခွင့်ရသလောက် အလုပ်တွေကို ဒီပုဂ္ဂိုလ်တွေ တနည်း ပြည်သူချစ်တဲ့ အနုပညာသည်တွေက ကြိုးစားပမ်းစား လုပ်ခဲ့တာပဲလို့ ကျနော် အမြဲ ယုံကြည်နေပါတယ်။

ခေတ်အဆက်ဆက်၊ အရေးတော်ပုံပေါ်ရင် ရင်ခုန် ပါဝင်ရဲတဲ့ ရုပ်ရှင်သမားတွေ၊ ဂီတသမားတွေကို ပြည်သူလူထုကြီး တရပ်လုံးက လေးစားဂုဏ်ယူနေကြတာပဲ မဟုတ်လား။

အခုအချိန်မှာတော့ ဒီမိုကရေစီမြတ်နိုးတဲ့ ပိုင်းသနဲ့ ဆူး၊ မန္တလေးသား ညီအစ်ကို နှစ်ယောက် မရှိကြတော့ပါဘူး။

မိုးကုတ်စက်ဝိုင်းမှာတော့ မှန်တိုင်း မိုးတိမ်တွေက ဆင်နေဆဲပါပဲလေ။ ။

**အရေးတော်ပုံ ရင်ခုန်သူများ (အပိုင်း - ၆)**
***နိုဝင်ဘာ ၁၅၊ ၂၀၀၉***

ကျနော် ကဗျာဆရာတယောက်ပါ။ "မဆလခေတ်တုန်းက ကဗျာဆရာတယောက်ဟာ စင်ပြိုင်အစိုးရ တရပ်ဖြစ်တယ်" ဆိုတဲ့ ရုရှားကဗျာဆရာ ယက်ဖ်တူရှင်ကိုရဲ့ စကားနဲ့ ကျနော်တို့ ဖြတ်သန်းလာခဲ့ကြတယ်။



*ရုပ်ရှင်မင်းသားကြီး မြတ်လေး*

ရှစ်လေးလုံးအရေးတော်ပုံခေတ်၊ ဒုတိယလွတ်လပ်ရေးတိုက်ပွဲခေတ်ကို ရောက်လာတဲ့အခါကျတော့ "နိုင်ငံမှာ အရေးရယ်လို့ ကြုံလာရင် ကဗျာဆရာတွေဟာ ဘယ်တော့မဆို ရှေ့ကရောက်လာပြီး ပါဝင် ဆင်နွှဲကြလေ့ရှိပါတယ်။ အဲဒါဟာ ကဗျာဆရာတွေရဲ့ ထူးခြားချက်လို့ ကျမတော့ ထင်မိတယ်" ဆိုတဲ့ မြန်မာ့ ဒီမိုကရေစီ ခေါင်းဆောင်၊ ကမ္ဘာ့ငြိမ်းချမ်းရေး နိုဘယ်ဆုရှင် ဒေါ်အောင်ဆန်းစုကြည်ရဲ့ မှတ်ချက်စကားဟာ ကျနော်တို့ ကဗျာဆရာတွေအတွက် အားပါ။

ဒီလိုပါပဲ။ စစ်သားဟောင်းကြီး တဦးရဲ့ အမြင်ကလည်း "ကဗျာဆရာ စတဲ့ အနုပညာရှင်တွေဟာ အမှန်တရားကို ရှာဖွေသူတွေ အမှန်တရား၊ သစ္စာတရားကို ယုံကြည်ကိုးကွယ်သူတွေ ဖြစ်ကြပါတယ်။ နိုင်ငံတနိုင်ငံမှာ အရေးအခင်း တခု ကြုံရရင် အမှားဘက်၊ အမှန်ဘက်ဆိုတာ ရှိစမြဲပါပဲ။ ဒီအခါမှာ အမှန်တရားဘက်ကနေပြီး ကဗျာဆရာတွေက ရှေ့ဆုံးက ပါဝင်လာကြတယ်လို့ ကျနော်ထင်ပါတယ်" တဲ့။ အဲဒီ မှတ်ချက်ပေးခဲ့သူကတော့ ဗိုလ်ချုပ်ကြီး (ဟောင်း) သူရ ဦးတင်ဦးပါ။

ရှစ်လေးလုံး အရေးတော်ပုံအတွင်းက ဆရာမောင်သော်က၊ ဆရာဦးဝင်းတင်၊ ဆရာမောင်မိုးသူ၊ ဆရာဦးဝင်းခက်တို့ ဦးဆောင်ပြီး စာနယ်ဇင်းသမဂ္ဂ ဖွဲ့ခဲ့ကြပါတယ်။ အဲဒီ စာနယ်ဇင်းသမဂ္ဂထဲမှာ ဆရာမောင်ဝံသ တို့ရဲ့ သတင်းစာဆရာများ အဖွဲ့နဲ့ ကျနော်တို့ မြန်မာနိုင်ငံ ကဗျာဆရာများ အဖွဲ့တွေဟာ အခြား ကာတွန်းဆရာ၊ ပန်းချီဆရာ၊ ဓာတ်ပုံဆရာတွေနဲ့ အတူ တက်တက်ကြွကြွ ပါဝင်ခဲ့ကြတာပဲပေ့ါ။

ရန်ကုန်မြို့မှာ ဒီမိုကရေစီ ဟောပြောပွဲ စင်မြင့်တွေ ဟိုကဒီက အလျှိုအလျှို ထွက်ပေါ်လာပြီ ဆိုတာနဲ့ ကျနော်တို့ မြန်မာနိုင်ငံ ကဗျာဆရာများအဖွဲ့ကလည်း ၃၃ လမ်းထိပ်မှာ ဒီမိုကရေစီ ဟောပြောပွဲ စင်တခု ထိုးလိုက်ကြပါတယ်။

၃၃ လမ်းဟာ ကဗျာဆရာတွေရဲ့ လမ်းပါ။ ၃၃ လမ်းက လမ်းတိုကလေးပါ။ ဒါပေမဲ့ ကဗျာဆရာတွေရဲ့ ဒုက္ခကတော့ ရှည်လျားလှပါတယ်။ ၃၃ လမ်းထိပ်မှာ ရွှေကြည်အေး လက်ဖက်ရည်ဆိုင်ရှိတယ်။ ရွှေကြည်အေးမှာ ထိုင်တဲ့ ကဗျာဆရာတွေ အားလုံး ပြည်သူလူထုကြီးနဲ့ အတူ ဒီမိုကရေစီ တိုက်ပွဲထဲရောက်နေကြပြီ။

လေသာ မိုးသာထဲနေ့ တနေ့မှာ ကျနော်တို့ ကဗျာဆရာတွေရဲ့ ပထမဦးဆုံး ၃၃ လမ်း ဒီမိုကရေစီ ဟောပြောပွဲကို စတင်လိုက်ကြပါတယ်။ အဲဒီပွဲမှာ ကဗျာဆရာ အစစ်တွေနဲ့အတူ ပါဝင် ဟောပြောသူတဦးကတော့ ရုပ်ရှင်ထဲက ကဗျာဆရာပါပဲ။

အဲဒီနေ့က နေရောင် ပြည့်ပြည့် မရတဲ့နေ့ပါပဲ။ ၃၃ လမ်းထိပ် ခရေပင်ရိပ်မှာ ချွေးသိပ် အမောဖြေနေတဲ့ တိုက်ပွဲဝင် ကဗျာဆရာတွေနဲ့ အတူ ဒီမိုကရေစီ လူထုပရိသတ်ကြီး။

ကဗျာဆရာ ဇော်ဦးထက်က စင်ပေါ်ကနေ ဂျာမန်ကဗျာဆရာ ဗားတော့ဘရက်ရဲ့ "အကုန် ရရင်ရ၊ မရရင် ဘာမှ မလိုချင်ဘူး။ အကုန်လွတ်ရင်လွတ်၊ မလွတ်ရင် တယောက်မှ မလွတ်ချင်ဘူး။ တယောက်တည်း လွတ်သွားလည်း၊ သူရပ်တည်နိုင်မှာမဟုတ်ဘူး။ သေနတ်လား၊ အချုပ်အနှောင် သံကြိုးလား၊ ရွေးကြစို့" ဆိုတဲ့ ကဗျာကို ရွတ်တော့ စင်အောက်က ပရိသတ်ကြီးက သံပြိုင် လိုက်ရွတ်ဆိုကြပါတယ်။

အဲဒီတုန်းက ကဗျာဆရာ ဇော်ဦးထက်က ဆရာတက္ကသိုလ် ဘုန်းနိုင်တို့ နာယက အဖြစ် ပါဝင်တဲ့ တက္ကသိုလ်ဆရာများသမဂ္ဂကိုလည်း သူက ကိုယ်စားပြုထားပါတယ်။ အရေးအခင်း ပြီးတော့ ဇော်ဦးထက် မြန်မာပြည်မြောက်ဖျား ဖြစ်ကြီးနား တက္ကသိုလ် အပြောင်းခံရပြီး မကြာခင် ငှက်ဖျားရောဂါနဲ့ ကွယ်လွန်သွားခဲ့ရပါတယ်။

အဲဒီနေ့က ဇော်ဦးထက်ပြီးတော့ စင်ပေါ်ကို တက်လာသူကတော့ ရုပ်ရှင်ဇာတ်ကားထဲက ကဗျာဆရာပါပဲ။ အပြင်မှာတော့ ကဗျာဆရာ မဟုတ်ပါဘူး။ ဗန်းမော်တင်အောင်ရဲ့ ဝတ္ထုကို ရိုက်ကူးတဲ့ "ဝမ်းနည်းဝမ်းသာ" ရုပ်ရှင်ထဲမှာ သူက ကဗျာဆရာ ကိုသစ္စာ အဖြစ် မြင့်မြင့်ခင်နဲ့ တွဲဖက် သရုပ်ဆောင်ခဲ့တာပါ။

အခု ကိုသစ္စာက ဟောပြောဖို့ စင်မြင့်ပေါ်ကို ရောက်နေပါပြီ။ သူ မျက်ခုံးတချက် ပင့်၊ ပခုံးတချက် တွန့်လိုက်ပါတယ်။ လူထု ပရိတ်သတ်ကြီးဆီက လက်ခုပ်သြဘာသံတွေ ဆိုတာ တော်တော်နဲ့ မစဲတော့ပါဘူး။ သူဆိုတာ တခြားသူမှ မဟုတ်ဘဲ။ လုထုချစ်တဲ့၊ ပရိသတ်က လေးစားတဲ့ မင်းသားကြီး ဦးမြတ်လေးပါပဲ။ ကျနော်တို့ အားလုံး ဦးမြတ်လေးရဲ့ ဟောပြောမှု ရေအလျဉ်ထဲမှာ တသိမ့်သိမ့် စီးမျောပါသွားကြပါပြီ။

ဦးမြတ်လေး။ ဆရာမြတ်လေး။ ရုပ်ရှင်မှာ ကောလိပ်ဂျင်နေဝင်း၊ မြတ်လေး။ နိုင်ငံရေးမှာ ထွန်းဝေ၊ မြတ်လေး။ တက္ကသိုလ်မှာ စန္ဒရားချစ်ဆွေ၊ မြတ်လေး။ ဒီအစဉ်အလာတွေကို ကျနော် ပြန်အမှတ်ရလာပါတယ်။ ပါလီမန်ဒီမိုကရေစီခေတ်တုန်းက ပြည်တွင်းစစ် ရပ်စဲရေး၊ ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက်ရေး ကြိုးပမ်းမှုထဲမှာ ဆရာမြတ်လေး ရေးခဲ့တဲ့ "စစ်ကိုမလိုပါ၊ ငြိမ်းချမ်းရေးသာ ပေးကြပါ။ စစ်ဆိုသည်မှာ အနုတ်လက္ခဏာ၊ ငြိမ်းချမ်းရေးသာ အပေါင်းလက္ခဏာ" ဆိုတဲ့ သီချင်းသံကို ပြန်ကြားလာရပါတယ်။

၁၉၆၀ အောက်တိုဘာလမှာ ဗကသများအဖွဲ့ချုပ်ရဲ့ ဆဋ္ဌမအကြိမ်မြောက် ညီလာခံကို ကျင်းပပါတယ်။ ဗကသ ဥက္ကဋ္ဌက ကိုခင်မောင်အုန်း။ (အခုကွယ်လွန်သွားပြီ ဖြစ်တဲ့ စာရေးဆရာ မိုးဟိန်းကိုပါ) အဲဒီညီလာခံမှာ "အောင်ပွဲအဆက်ဆက်ခံဦးမည်" ဆိုတဲ့ ဗကသများ အဖွဲ့ချုပ် သီချင်းကို အတည်ပြု ပြဋ္ဌာန်းလိုက်ကြပါတယ်။ ဒီသီချင်းကို ရေးစပ်သီကုံးသူကတော့ ဆရာမြတ်လေးပါပဲ။ ဆရာစန္ဒရားချစ်ဆွေနဲ့အတူ ပူးတွဲပြီး ကေသီပန် တီးဝိုင်းနဲ့ အသံသွင်းပေးခဲ့တဲ့ သီချင်းပါ။

ဒါဟာ မြတ်လေးပါပဲ။ ကျောင်းသားတွေရဲ့ မြတ်လေး၊ ခွပ်ဒေါင်းတွေရဲ့ မြတ်လေး၊ ပြည်သူတွေရဲ့ မြတ်လေးပါပဲ။ အခု ကျောင်းသားတွေရဲ့ မြတ်လေးဟာ ကျောင်းသားတွေ ဦးဆောင်တဲ့ ဒီမိုကရေစီ အရေးတော်ပုံကြီးမှာ ပြည်သူတွေနဲ့ အတူ ခွပ်ခေါင်း အလံတော်အောက်မှာ ချီတက်နေပါပြီ။ ဒီမိုကရေစီ ဟောပြောပွဲ စင်မြင့်ပေါ်မှာ ရဲရဲတောက် ဟောပြောနေပါတယ်။

အဲဒီနေ့က ၃၃ လမ်းထိပ် ခရေပင်ရိပ်မှာ နေရောင်ပြည့်ပြည့်မရပေမဲ့၊ ပွဲဖျက်မယ့် ပဋိပက္ခမိုးတွေကတော့ တစက်မှ မရွာခဲ့ပါဘူး။

မြန်မာနိုင်ငံ ကဗျာဆရာများ အားလုံး ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြပါစေ။ ။

## အရေးတော်ပုံ ရင်ခုန်သူများ (အပိုင်း - ၇)

***နိုဝင်ဘာ ၂၂၊ ၂၀၀၉***

နိုင်ငံတကာ သမိုင်းဖြစ်ရပ်တွေနဲ့ ဆက်စပ်ပတ်သက်နေတဲ့ ဥပဒေဆိုင်ရာ စကားတခွန်း ရှိပါတယ်။ အဲဒီစကားကတော့ "ခေတ်တခေတ်မှာ အဲဒီခေတ်နဲ့ ကိုက်ညီတဲ့ ရာဇဝတ်ကောင်ဆိုတာ အမြဲရှိတယ်" ဆိုတဲ့ စကားပါပဲ။



***(ပန်းချီ အောင်လတ်)***

ကျနော်တို့နိုင်ငံမှာတော့ ၁၉၅၈၊ ၁၉၆၂ စစ်အာဏာသိမ်းမှုတွေကနေ ပေါက်ဖွားလာတဲ့ ဗိုလ်ချုပ်ကြီး နေဝင်းနဲ့ သူ့ရဲ့ တော်လှန်ရေးကောင်စီအစိုးရ၊ နောက်တော့ ဗိုလ်ချုပ်ကြီးနေဝင်း တဖြစ်လဲ သမ္မတ ဦးနေဝင်းနဲ့ သူ့ရဲ့ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ အစိုးရ။

ခေတ်သမိုင်းရဲ့ ရာဇဝတ်ကောင် ဆိုတာ ရှိသလို အဲဒီရာဇဝတ်ကောင်ကို တော်လှန်ဆန့်ကျင်တဲ့ ပုန်ကန်ခြားနားတဲ့ လူထုလူတန်းစား အင်အားစု အသီးသီးလည်း အမြဲ ရှိခဲ့တာပါပဲ။ မြန်မာပြည်က သမိုင်းရာဇဝတ်ကောင်ဟာ စစ်ရာဇဝတ်ကောင် ဖြစ်ပါတယ်။ စစ်အာဏာရှင် ဖြစ်ပါတယ်။ အဲဒီ စစ်ရာဇဝတ်ကောင်၊ စစ်အာဏာရှင်ကို ဆန့်ကျင်ပုန်ကန်ကြတဲ့သူတွေထဲမှာ ကျောင်းသားတွေဟာ တပ်ဦးက ပါဝင်ခဲ့တယ်။ အလုပ်သမား၊ လယ်သမား အခြေခံနိုင်ငံရေးပါတီတွေ ပါဝင်ခဲ့တယ်။ ခေတ်ပညာတတ်တွေ၊ ပညာရှင်တွေ ပါဝင်ခဲ့တယ်။ ရဟန်းသံဃာတော်တွေ ပါဝင်ခဲ့တယ်။

ဒ့ါအပြင်လည်း ထူးခြားချက်အနေနဲ့ မြန်မာပြည် စစ်ရာဇဝတ်ကောင်၊ စစ်အာဏာရှင် ဆန့်ကျင်ရေးမှာ စစ်တပ်အတွင်းကလည်း လူထုသူရဲကောင်းတွေ ထွက်ပေါ်လာတယ်ဆိုတဲ့ အချက်ပါပဲ။ အင်းစိန်အကျဉ်းထောင်ထဲမှာ ကြိုးပေး ကွပ်မျက်ခံခဲ့ရတဲ့ ဗိုလ်ကြီး အုန်းကျော်မြင့်၊ စစ်ထောက်လှမ်းရေးတွေရဲ့ လူမဆန်တဲ့ နှိပ်စက်မှုတွေကြောင့် ရေကြည်အိုင်မှာ ကွယ်လွန်ခဲ့ရတဲ့ ဗိုလ်ကြီးမြင့်ထူး၊ မော်လမြိုင် အကျဉ်းထောင်မှာ ကျဆုံးခဲ့ရတဲ့ ဗိုလ်ကြီး ဝင်းဘို စတဲ့ ပြည်သူ့ဘက်က ရပ်တည်ပြီး စစ်ကျွန်စနစ်ကို ဆန့်ကျင်ခဲ့တဲ့ တပ်မတော်သားကောင်းတွေ ရှိခဲ့ပါတယ်။

အဲဒီလို သမိုင်းခေတ်ရဲ့ စစ်ရာဇဝတ်ကောင်ကို ဆန့်ကျင်ခဲ့ကြတဲ့ အထဲမယ် စာရေးဆရာတွေ၊ သတင်းစာဆရာတွေရဲ့ အခန်းကဏ္ဍဟာလည်း ကြီးကျယ်ထင်ရှားတဲ့ အပိုင်းက ပါဝင်ခဲ့ပါတယ်။ ဒါဟာ ဆရာကြီး သခင်ကိုယ်တော်မှိုင်း လျှောက်လှမ်းခဲ့တဲ့ ငြိမ်းချမ်းရေး၊ ညီညွတ်ရေး၊ ဒီမိုကရေစီရေး လမ်းစဉ်အတိုင်းပါပဲ။

တိုးတက်တဲ့၊ တော်လှန်တဲ့ သမိုင်းအစဉ်အလာကို ဆက်ခံတဲ့ စာပေ အင်အားစုတွေကို အိမ်စောင့်အစိုးရလက်ထက်မှာရော မဆလအစိုးရ လက်ထက်မှာပါ စစ်အာဏာရှင် ဗိုလ်ချုပ်ကြီးနေဝင်းက ၁၉၆၀ နဲ့ ၁၉၇၀ ဟိုးဝေးလံတဲ့ ကိုကိုးကျွန်းတွေဆီကို အကြိမ်ကြိမ် ပို့ခဲ့ပါတယ်။

အင်းစိန်အကျဉ်းထောင်နဲ့ အခြားနာမည်ကြီး အကျဉ်းထောင်တွေထဲမှာ ဖမ်းဆီးချုပ်နှောင် နှိပ်စက်ခဲ့ပါတယ်။ ဗန်းမော်တင်အောင်၊ သခင်မြသန်း၊ မြသန်းတင့်၊ လေးထီးဦးအုန်းမောင် တို့ဟာ ကိုကိုးကျွန်းပြန် စာရေးဆရာတွေပါပဲ။

လူထုဦးလှ၊ လူထု ဒေါ်အမာ၊ ဒဂုန်တာရာ တို့ဟာ ထောင်ထွက် စာရေးဆရာတွေပါပဲ။

ဒီလိုနဲ့ စစ်အာဏာရှင်ခေတ် တလျှောက်လုံးမှာ တိုးတက် တော်လှန်တဲ့ စာပေအင်အားစုတွေဟာ စစ်အစိုးရက မျက်မုန်းကျိုးတဲ့၊ စစ်အစိုးရက မနှစ်မြို့တဲ့၊ အစိုးရ စစ်ထောက်လှမ်းရေးတွေက အမြဲစောင့်ကြည့်နေတဲ့ အတိုက်အခံ အင်အားစုတခုလို ဖြစ်လာပါတယ်။

ဒါကြောင့် မဆလ စစ်အစိုးရက စာရေးဆရာ၊ သတင်းစာဆရာတွေကြားကို ဝင်ရောက် သွေးခွဲဖို့ ကြိုးစားပါတယ်။ စစ်အစိုးရက ဦးဆောင်ပြီး စာပေလုပ်သား အဖွဲ့ဆိုတာ ဖွဲ့ပါတယ်။ အတွေးအခေါ်၊ အယူအဆ မခိုင်မာတဲ့၊ ကိုယ်ကျိုးစီးပွား မျှော်မှန်းတဲ့ စာပေသမားတချို့က စစ်အစိုးရနဲ့ ပူးပေါင်းသွားပြီး အဲဒီ စာပေလုပ်သားအဖွဲ့ထဲ ဝင်ခဲ့ကြပါတယ်။

တချို့လည်း စစ်အစိုးရက အတင်းအဓမ္မ သေနတ်ထောက်ပြီး မဝင်မနေရလို့ မဝင်ချင်ဘဲနဲ့ ဝင်ခဲ့ရတဲ့ စာပေသမားတွေလည်း ရှိခဲ့ပါတယ်။

မဆလ တခေတ်ဟာ နိုင်ငံရေး အကင်းမပါးတဲ့ စာပေ အနုပညာသမားတွေ အဖို့၊ တနည်း စစ်အစိုးရရဲ့ ပရိယာယ်ကို နားမလည်တဲ့အတွက် မဆလစစ်အုပ်စုရဲ့ အသုံးချခံတွေ၊ မဆလအစိုးရရဲ့ ပထွေးအားကိုး ပုဆိန်ရိုးတွေ ဖြစ်သွားခဲ့ရတဲ့ စိတ်မကောင်းစရာ ဖြစ်ရပ်တွေလည်း ရှိခဲ့တာပါပဲ။

ဘာပဲဖြစ်ဖြစ် စစ်အာဏာရှင်စနစ်ကို ဆန့်ကျင်ဖြုတ်ချရမယ် ဆိုတဲ့ အတွေးအခေါ်ရှိတဲ့ စာပေအင်အားစုဝင်တွေဟာ အရေးတော်ပုံပေါ်ပြီ ဆိုတာနဲ့ တိုက်ပွဲအလံကို မြင့်မြင့်မားမား လွှင့်ထူခဲ့ကြတာပဲ မဟုတ်လား။

မြန်မာပြည်မှာ ကျောင်းသားတွေ ဦးဆောင်တဲ့ ရှစ်လေးလုံး ဒီမိုကရေစီ အရေးတော်ပုံကြီး ပေါ်ပေါက်လာတဲ့အခါ ကျောင်းသားတွေရဲ့ နောက်မှာ အခြား လူထုလူတန်းစား အသီးသီးနဲ့ အတူပဲ မြန်မာနိုင်ငံက စာရေးဆရာတွေ၊ သတင်းစာဆရာတွေ၊ ကဗျာဆရာတွေ၊ ကာတွန်းဆရာတွေ၊ ဓာတ်ပုံဆရာတွေဟာ အင်နဲ့ အားနဲ့ တက်တက်ကြွကြွ ပါဝင်ခဲ့ကြတာပဲ မဟုတ်လား။

ရှစ်လေးလုံး အရေးတော်ပုံကြီးရဲ့ တိုက်ပွဲ လယ်လောက်မှာ ရွှေနေကြီး သခင်ချစ် ဦးစီးတဲ့ ဆရာမောင်ကိုယု၊ ခေါ်မြင့်မြင့်ခင်တို့ ရွှေ့နေများကောင်စီက လက်မှတ်တွေရေးထိုးပြီး မဆလ စစ်တပ်ရဲ့ လူမဆန်တဲ့ ပစ်ခတ်သတ်ဖြတ်မှုတွေ ရပ်ဆိုင်းပစ်ဖို့ နိုင်ငံတော်ကောင်စီကို စာတင်ပါတယ်။

ကျနော်တို့ စာပေအင်အားစုကလည်း အဲဒီလို စာတင်ဖို့ ရန်ကုန်မြို့လုံး ပတ်ပြီး စာရေးဆရာ ကြီးငယ်တွေဆီမှာ လက်မှတ်လိုက်ထိုးကြပါတယ်။

မြန်မာစာပေလောကရဲ့ အကြီးအမှူးတွေ ဖြစ်ကြတဲ့ ဆရာဇော်ဂျီနဲ့ ဆရာမင်းသုဝဏ်တို့က အရင်ဦးဆုံး လက်မှတ်ထိုးခဲ့ကြပါတယ်။ ဆရာ ဦးခင်မောင်လတ်နဲ့ ဆရာမကြီး ဒေါ်ခင်မျိုးချစ်တို့ ဇနီးမောင်နှံကလည်း ချက်ချင်း လက်မှတ်ထိုးခဲ့တယ်။ မန္တလေးက ဆရာမကြီး အမေလူထုဒေါ်အမာကလည်း တယ်လီဖုန်းနဲ့ လှမ်းပြီး လက်မှတ်ထိုးပါတယ်။

အဲဒီအချိန်မှာ ဆရာဇော်ဂျီက အသက် ၈၁ နှစ်၊ ဆရာမင်းသုဝဏ်က ၇၉ နှစ် ရှိနေကြပါပြီ။ လူထုဒေါ်အမာ၊ ဦးခင်မောင်လတ်၊ ဒေါ်ခင်မျိုးချစ်တို့ သုံးဦးက ၇၃ နှစ်ထဲမှာပါ။

အဲဒီလို သက်ကြီးရွယ်အို စာရေးဆရာတွေဟာ ငယ်ရွယ်နုပျိုတဲ့ မျိုးဆက်သစ် စာပေသမားတွေနဲ့ အတူ ရင်ပေါင်တန်းပြီး စစ်အာဏာရှင်ကို ဆန့်ကျင်တဲ့ လက်မှတ်တွေ မကြောက်မရွံ့ ထိုးခဲ့ကြတာပါပဲ။ ဆရာမောင်သော်ကတို့၊ ဆရာဦးဝင်းတင်တို့ စာနယ်ဇင်းသမဂ္ဂ ဖွဲ့တဲ့အခါမှာလည်း ဒီဆရာသမားကြီးတွေက နယကတွေအဖြစ်နဲ့ ရဲရဲရင့်ရင့် ရပ်တည်ပေးခဲ့ကြတာပဲ မဟုတ်လား။

အခု ဒီဆရာကြီး၊ ဆရာမကြီးတွေ မရှိကြတော့ပါဘူး။ ဆရာဇော်ဂျီက ၁၉၉၀ ပြည့်နှစ်မှာ (၈၃) နှစ်နဲ့ ကွယ်လွန်ခဲ့သလို ဦးခင်မောင်လတ်က ၁၉၉၆ အသက် (၈၁) နှစ်မှာ၊ ခေါ်ခင်မျိုးချစ်က ၁၉၉၉၊ အသက် (၈၄) နှစ်အရွယ်မှာ ကွယ်လွန်ခဲ့ကြပါတယ်။ ဆရာမင်းသုဝဏ်က ၂၀၀၄ ခုနှစ်၊ အသက် (၉၅) နှစ် အရွယ်မှာ ကွယ်လွန်ခဲ့ပြီး အမေလူထု ဒေါ်အမာ ကတော့ ၂၀၀၈ ခုနှစ်၊ အသက် (၉၃) နှစ်မှာ ကွယ်လွန်ခဲ့တာပါ။

ဒီဆရာကြီး၊ သမားကြီးတွေဟာ သူတို့ အသက်ရှင်သရွေ့ ဘဝတလျှောက်လုံးမှာ တိုင်းပြည်နဲ့ လူမျိုးအကျိုးကို စွမ်းစွမ်းတမံ ထမ်းဆောင်ပြီး ငြိမ်းချမ်းသာယာတဲ့ နိုင်ငံတော် အနာဂတ်ကို မမှိတ်မသုန် ယုံကြည် မျှော်မှန်းခဲ့ကြတဲ့ တိုင်းပြုပြည်ပြု စာဆိုတွေ ဖြစ်ကြပါတယ်။ အခု ဒီကျောက်အုတ်တို့ ပြိုခဲ့ပါပြီ။

ကျောက်အုတ်တို့ ပြိုလေရာ နောက်ထပ်ကျောက်အုတ် အသစ်တွေနဲ့ အစားထိုးနိုင်ဖို့ ကျနော်တို့ စာပေမျိုးဆက်သစ်တွေက မဆုတ်မနစ် ဆက်လက်ကြိုးပမ်းသွားကြရမယ်လို့ ကျနော် ယုံကြည်မျှော်လင့်ပါတယ်။

ဓာသွားထက် ကလောင်သွား ထက်ပါတယ်။

ကျနော်တို့ လက်ချင်းမြဲမြဲ ဆုပ်ကြပါစို့။ ။

**အရေးတော်ပုံ ရင်ခုန်သူများ (အပိုင်း - ၈)**
***နိုဝင်ဘာ ၂၉၊ ၂၀၀၉***



*(ပန်းချီ အောင်လတ်)*

သတင်းစာများသည် သမိုင်းကိုပြောနေကြသည်။

မြန်မာနိုင်ငံ သတင်းစာသမိုင်းကို ပြောမယ်ဆိုရင် ဟို လွန်ခဲ့တဲ့ (၂၁) နှစ် ရှစ်လေးလုံး အရေးတော်ပုံကြီး အတွင်းက ထွက်ပေါ်ခဲ့တဲ့ ပြည်သူ့သတင်းစာတွေအကြောင်း မပါရင် ပြည့်စုံမှာ မဟုတ်ပါဘူး။ ဘာကြောင့် ပြည်သူ့ သတင်းစာလို့ ပြောရတာလည်း ဆိုရင်တော့ ရှစ်လေးလုံး မတိုင်ခင်က မြန်မာပြည်မှာ အစိုးရပိုင် သတင်းစာ၊ အစိုးရ ဝါဒဖြန့်ချိရေး သတင်းစာတွေပဲ ရှိခဲ့လို့ပါ။

ကျောင်းသားတွေ ဦးဆောင်တဲ့ ရှစ်လေးလုံး အရေးတော်ပုံကြီး ဖြစ်ပေါ်လာတဲ့ အခါကျတော့ အဲဒီအစိုးရပိုင် သတင်းစာတွေကလည်း ပြည်သူ၊ ကျောင်းသားတွေနဲ့ အတူ လက်တွဲပြီး ဒီမိုကရေစီ တိုက်ပွဲထဲ ဝင်လာကြပါတယ်။ အစိုးရပိုင် သတင်းစာတွေက မဆလ အစိုးရကို သပိတ်မှောက်လိုက်ကြပါပြီ။

အဲဒီတုန်းက ဆရာမောင်ဝံသတို့၊ ဦးအုန်းကြိုင် (အောင်ဝင့်) တို့၊ ဦးစိန်လှဦးတို့ ပါဝင်တဲ့ သတင်းစာသပိတ် ကော်မတီ ဆိုတာ ပေါ်ထွက်လာပါတယ်။ ဆရာဦးဝင်းတင်တို့ စာနယ်ဇင်းသမဂ္ဂ ဖွဲ့တော့ သတင်းစာဆရာတွေ တက်တက်ကြွကြွ ပါဝင်ခဲ့ကြတယ်။ ကျောင်းသားနဲ့ ပြည်သူတွေရဲ့ ဒီမိုကရေစီ တောင်းဆိုမှုတိုက်ပွဲကို သေးသိမ်အောင် ရှုတ်ချ တိုက်ခိုက် ရေးသားထားတဲ့ မဆလအာဘော် ဆောင်းပါး တပုဒ်ကို ကြေးမုံသတင်းစာတိုက်က စာစီရဲဘော် တွေက စာစီမပေးနိုင်ဘူးလို့ ကန့်ကွက်ဆန္ဒပြရာကနေ သတင်းစာသပိတ် စတင်လာခဲ့တယ်လို့ မှတ်သားရဖူးပါတယ်။

ကျောင်းသားနဲ့ ပြည်သူ လူထုလူတန်းစား အသီးသီး စာလွှာအသီးသီးက ထုတ်ဝေတဲ့ သတင်းစာ၊ သတင်းလွှာ တွေနဲ့ အပြိုင်ပဲ မဆလ အစိုးရကို သပိတ်မှောက်ထားတဲ့ အစိုးရပိုင်သတင်းစာ အသီးသီးမှာလည်း ရန်ကုန်နဲ့ နယ်က သပိတ်သတင်းတွေ၊ မဆလ အစိုးရကို ဝေဖန်တဲ့ ဆောင်းပါးတွေ အင်တိုက်အားတိုက် ဖော်ပြလာခဲ့ကြပါတယ်။

ကြေးမုံ၊ မြန်မာ့အလင်း၊ ဗိုလ်တထောင် အစရှိတဲ့ မဆလအစိုးရက ပြည်သူပိုင်သိမ်းခဲ့တဲ့ သတင်းစာစာတိုက် တွေက အယ်ဒီတာတွေ၊ သတင်းထောက်တွေ၊ ဝန်ထမ်းတွေဟာ သတင်းစာပညာကို စနစ်တကျ တတ်ကျွမ်း နားလည် ကြတဲ့သူတွေပါ။ ကျောင်းသားသမဂ္ဂက ထုတ်တဲ့ သတင်းစာ၊ ကျနော်တို့ စာနယ်ဇင်းသမဂ္ဂက ထုတ်တဲ့ သတင်းစာ စသည်ဖြင့် ပြည်သူလူထုထဲက သတင်းစာတွေ အမြောက်အများ ထွက်လာတာ မှန်ပေမဲ့ အများစုဟာ သတင်းစာပညာ သဘောအရ တနစ်တကျ ရှိခဲ့တာတော့ မဟုတ်ပါဘူး။

ဒါပေမဲ့ ဒီမတတ်တတတ်နဲ့ လုပ်ခဲ့တဲ့ လူထုသတင်းစာ၊ သတင်းလွှာတွေဟာ ဒီမိုကရေစီတိုက်ပွဲကို အလင်း ဆောင်နိုင်ခဲ့တယ်။ ပြည်သူကို မျက်စိ ဖွင့်ပေးနိုင်ခဲ့တယ်။ မဆလ အစိုးရရဲ့ အမှောင်တိုက်ကို ထိုးနှက်ဖြိုခွင်းနိုင်ခဲ့တယ်။ အရေးပေါ်သတင်းစာတွေ ဆိုပေမဲ့ အတိုင်းအတာ တခုအထိ တော်လှန်ရေးကို စွမ်းဆောင်နိုင်ခဲ့ပါတယ်။

မန္တလေးမြို့မှာတော့ ရှစ်လေးလုံးသတင်းစာ ဆိုပြီး ထွက်ပေါ်ခဲ့ပါတယ်။ ဒီသတင်းစာကို မန္တလေး စာပေနှင့် အနုပညာအဖွဲ့က ထုတ်ဝေတာဖြစ်တယ်။ ရှစ်လေးလုံး အရေးတော်ပုံကြီး ဒီရေမြင့်တက်နေတဲ့ အချိန် မဆလအစိုးရ သမ္မတ ဦးနေဝင်း၊ သမ္မတ ဦးစိန်လွင်တို့ တဆင့်ပြီးတဆင့် ပြုတ်လို့ ဒေါက်တာမောင်မောင် သမ္မတအဖြစ် တာဝန် ယူနေတဲ့ အချိန်၊ ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်နေ့ အဲဒီ မန္တလေး ရှစ်လေးလုံး သတင်းစာ အယ်ဒီတာ့အာဘော် ခေါင်းကြီးပိုင်းမှာ တိုက်ပွဲ ခေါ်သံ ပေးထားတာကို အခုလို ဖတ်ခဲ့ကြပါတယ်။

"ပြည်သူ့တိုက်ပွဲကို ရှေ့တလှမ်း တက်ကြစို့။ နိုင်ငံရေး ထုံးတမ်းစဉ်လာအတိုင်း ပြည်သူတွေရဲ့ လိုလားချက်ကို တောင်းမယူဘဲ တိုက်ယူကြစို့။ ပြည်သူတရပ်လုံးက မဆလ တပါတီ ဖျက်ပစ်ဖို့ တောင်းဆိုခဲ့တယ်။ သူတို့က မဖျက်ခဲ့ပါဘူး။ ဒါပေမဲ့ ပြည်သူ့ တွန်းအားကြောင့် မဆလပါတီ ပျက်ပါပြီ။ နောက်တခု ဖြစ်တဲ့ ကြားဖြတ်အစိုးရ ဖွဲ့စည်းရေးအတွက် သပိတ်မှောက်ပြည်သူတွေက ရှေ့တလှမ်း တိုးရပါလိမ့်မယ်။

ဒါကြောင့် ပြည်သူ့အာဏာ ရယူရေးအတွက် အာဏာသိမ်း တိုက်ပွဲများ ဆင်နွှဲရမယ့် အချိန် ရောက်ပါပြီ။ အဲဒီလို ဆင်နွှဲနိုင်အောင် ကျစ်လျစ်တဲ့ ရဟန်းတော်များ၊ ကျောင်းသားများ၊ လူတန်းစား အသင်းအဖွဲ့ သမဂ္ဂများ၊ ဖွဲ့စည်းကြရပါမယ်။ အမြန်ဖွဲ့စည်းပြီး မြို့နယ်၊ ဒေသဆိုင်ရာ ညီလာခံများ ခေါ်ရပါမယ်။ ပြီးရင် တနိုင်ငံလုံးဆိုင်ရာ ညီလာခံခေါ်ပြီး ဒီညီလာခံက ယာယီ အမျိုးသား အစိုးရ ဖွဲ့စည်းကြရပါမယ်" တဲ့။

အဲဒီခေါင်းကြီးပိုင်းကို ရေးသားပေးခဲ့သူက အမေ လူထုဒေါ်အမာ ဖြစ်ပါတယ်။ အမေ လူထုဒေါ်အမာဟာ မြန်မာ့နိုင်ငံရေးကို အင်မတန်နားလည် ခေတ်မီတဲ့ ဝါရင့် သတင်းစာ ဆရာမကြီး တဦးပါ။

မဆလ စစ်အုပ်စုဟာ ၁၉၈၈ ဩဂုတ်လကုန်လောက် ကတည်းက စပြီး မင်းမဲ့စရိုက်တွေ၊ ဆူပူအကြမ်းဖက် ဂလေဂချေ စရိုက်တွေကို လူထုကြားမှာ တစတစ ဖြစ်ပွားလာအောင် လုပ်ကြံ ဖန်တီးလာခဲ့ပါတော့တယ်။ အဲဒီအချိန်ဟာ ကျောင်းသားတွေရဲ့ မင်းကိုနိုင်၊ ကိုကိုကြီး၊ မိုးသီးဇွန်၊ ဗကသများအဖွဲ့ချုပ် ပေါ်ထွက်လာပြီးတဲ့နောက် ဒေါ်အောင်ဆန်းစုကြည် အနေနဲ့လည်း လူထုခေါင်းဆောင် တယောက်အဖြစ်နဲ့ ဒီမိုကရေစီတိုက်ပွဲထဲ စွမ်းစွမ်းတမံ ဝင်ရောက်လာတဲ့အချိန်၊ ဒီမိုကရေစီ အင်အားစုက အသာစီးရနေတဲ့ အချိန်ဖြစ်ပါတယ်။ ကြည်း၊ ရေ၊ လေ တပ်မတော်သားတွေ၊ အစိုးရ ဝန်ထမ်းတွေလည်း ပြည်သူလူထုနဲ့ ပူးပေါင်းလာတဲ့ အချိန်ဖြစ်ပါတယ်။

ဒီအချိန်မှာ မဆလအစိုးရ စစ်ထောက်လှမ်းရေးတွေရဲ့ တန်ပြန်တော်လှန်ရေး လုပ်ရပ်ကြောင့် တချို့ ဒီမိုကရေစီ အင်အားစုတွေ အလွန်အကျွံ ဖြစ်ကုန်ကြပါတယ်။ ပြည်သူတစုက အဆိပ်ခတ်တဲ့ မဆလ သူလျှို တချို့ကို ခေါင်းဖြတ် သတ်ပစ်တာမျိုးအထိ ဖြစ်လာခဲ့ပါတယ်။

အဲဒီ သတင်းတွေကို သတင်းစာကျင့်ဝတ်တွေ ဘာတွေ စနစ်တကျ နားမလည်ခဲ့တဲ့ လူထုသတင်းစာ အချို့မှာ ဓာတ်ပုံတွေနဲ့တကွ ဖော်ပြလာတဲ့အခါမှာတော့ ဝါရင့် သတင်းစာဆရာမကြီး တဦးဖြစ်တဲ့ ခေါ်ခင်မျိုးချစ်က အခုလို သတိပေးခဲ့ပါတယ်။

"ခုတလော သတင်းစာတွေ ပလူပျံသလို ထွက်နေတယ်။ နှစ်ပေါင်း ၂၆ နှစ်ကြာ ချုပ်ကိုင်ခံခဲ့ရတဲ့ သတင်းစာလွတ်လပ်မှုကို လက်ဝယ်ရရှိခဲ့ကြတယ်။ လွတ်လပ်မှုအခွင့်အရေးကို တာဝန်မဲ့ မသုံးမိကြဖို့ အလွန်အရေးကြီးပါတယ်။ အဲဒီလို အလေ့အကျင့် အပြုအမူတွေဟာ ဒီမိုကရေစီရဲ့ အားထားရာ ဖြစ်တဲ့ သတင်းစာလွတ်လပ်မှုကို ပျက်စီးစေတတ်ပါတယ်။ လွတ်လပ်မှုဆိုတာလည်း တာဝန်နှင့် ယှဉ်တွဲနေပါတယ်။ တာဝန်မဲ့ရင် လွတ်လပ်မှု ဆုံးရှုံးတတ်ပါတယ်။

သတင်းစာ ဆရာဆိုတာ ဒီမိုကရေစီရဲ့ မဏ္ဍိုင်ကြီးကို ထိန်းသိမ်းဖို့ တာဝန် ရှိပါတယ်။ ဒီတာဝန်ကို သိက္ခာရှိရှိ ထမ်းရွက်ကြဖို့ အရေးကြီးပါတယ်။ ဝါရင့် သတင်းစာ ဆရာကြီးတွေကလည်း ထိန်းသိမ်းပေးကြပါလို့ ပန်ကြားလိုက်ပါတယ်" တဲ့။

အဲဒီဆောင်းပါးကို ဆရာမကြီး ခေါ်ခင်မျိုးချစ်ဟာ စစ်တပ်က အာဏာမသိမ်းခင် နှစ်ရက်အလို ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက် နေ့စွဲနဲ့ ရေးသားခဲ့တာပါ။ စက်တင်ဘာ ၁၈ ရက်နေ့မှာ စစ်တပ်က တရားမဝင် အာဏာသိမ်းခဲ့ပါတယ်။

အခု စစ်တပ်က အာဏာသိမ်းခဲ့တာ (၂၁) နှစ်ကျော်ပါပြီ။ ဒီမိုကရေစီ တိုက်ပွဲကို ဖျက်ဆီးပစ်ဖို့ လုပ်ကြံ ဖန်တီးထားတဲ့ စစ်အာဏာရှင် လက်တဆုပ်စာရဲ့ တန်ပြန်တော်လှန်ရေး လုပ်ရပ်တွေဟာလည်း ဒီကနေ့အထိ ရှိနေတုန်းပါပဲ။

အခုအချိန်မှာ ဝါရင့် သတင်းစာဆရာကြီးတွေ ဖြစ်ကြတဲ့ ဆရာဦးဝင်းတင်တို့၊ ဆရာဦးအုန်းကြိုင် (အောင်ဝင့်) တို့၊ ဦးစိန်လှဦး (ဆရာမောင်နွယ်ဦး) တို့လို အဲန်အယ်လ်ဒီ (NLD) အတွင်းက သတင်းစာဆရာတွေ၊ ဆရာလူထု စိန်ဝင်းတို့၊ ဆရာဦးသာဘန်းတို့လို အဲန်အယ်လ်ဒီ (NLD) အပြင်က သတင်းစာဆရာတွေဟာ ဒီနေ့ခေတ်ရဲ့ အခြင်းအရာတွေကို ပြည်သူလူထုကြားမှာ ပိုပြီး ခွဲခြမ်းစိတ်ဖြာ ပြနိုင်လိမ့်မယ်လို ကျနော် ယုံကြည်ထားပါတယ်။

ဒီမိုကရေစီ အင်အားစုများ အားလုံး တော်လှန်ရေးသတိ အစဉ်ရှိကြပါစို့။ ။



အောင်ဝေး

## အရေးတော်ပုံ ရင်ခုန်သူများ (အပိုင်း - ၉)
*ဒီဇင်ဘာ ၇၊ ၂၀၀၉*



*ဆရာ မင်းသိခ် (ပန်းချီ - အောင်လတ်)*

ရှစ်လေးလုံး အရေးတော်ပုံကြီး အတွင်းတုန်းက ရန်ကုန်မြို့မှာ ထူးထူးခြားခြား ထွက်ပေါ်လာတဲ့ နံရံကပ်ပိုစတာ တခုကို ကျနော် ပြန်အမှတ်ရ မိပါတယ်။

ဒီအချိန်မှာ တတိုင်းပြည်လုံး လှည်းနေလှေအောင်း မြင်းဇောင်းမကျန် မဆလ တပါတီ စစ်အာဏာရှင်စနစ် ဖြုတ်ချဖို့ သပိတ်မှောက် ဆန္ဒပြ တိုက်ပွဲဝင်နေကြပါပြီ။ တနိုင်ငံလုံးမှာ ကျခဲ့ရတဲ့ ကျောင်းသားသွေးတွေ၊ ပြည်သူ့သွေး တွေဟာ စုစည်းလိုက်ရင် မြစ်ကြီးအဖြစ် ချင်းချင်းနီရဲသွားမယ့် အချိန်ပါ။

ကြည်း၊ ရေ၊ လေ တပ်မတော်သားတွေ ပြည်သူလူထုနဲ့ ပူးပေါင်းလာကြပါပြီ။ အစိုးရ ဝန်ထမ်းတွေ ဒီမိုကရေစီ တောင်းဆိုဖို့ လမ်းမပေါ် ထွက်လာကြပါပြီ။ ဒီအချိန်မှာ ရန်ကုန်မြို့ပေါ်က တိုက်ပွဲဝင် ပိုစတာပေါင်းစုံကြားမှာ ကျနော်တို့ အလန့်တကြား တွေ့လိုက်ရတဲ့ ပိုစတာ တခုကတော့ "ကျော်ဟိန်း ဘာလဲ ဘယ်လဲ၊ မောင်သာရ ဘာလဲ ဘယ်လဲ"

ရှစ်လေးလုံး မတိုင်ခင်တုန်းက ဆရာမောင်သာရ ရေးတဲ့ "နောက်ဆုံးတော့ ကျော်ဟိန်းက ကျော်ဟိန်းပါပဲ" ဆိုတဲ့ စာအုပ်ဟာ အလွန် နာမည်ကြီးပါတယ်။ ကျော်ဟိန်းက ပရိသတ် အင်အားကြီးတဲ့ ရုပ်ရှင်မင်းသား။ မောင်သာရ က ပရိသတ်တောင့်တဲ့ စာရေးဆရာ။ လူထုက ပြည်သူက သူတို့ ချစ်တဲ့၊ သူတို့ လေးစားတဲ့ ဒီရုပ်ရှင်မင်းသား၊ ဒီစာရေးဆရာကို သူတို့ရဲ့ ဒီမိုကရေစီတိုက်ပွဲကြားမှာ အတူယှဉ်တွဲ မြင်ချင်ရှာကြပါလိမ့်မယ်။

တခြား တခြား ရုပ်ရှင်မင်းသား၊ မင်းသမီးတွေ၊ တခြားတခြား စာရေးဆရာ ကဗျာဆရာတွေ ကျောင်းသား ပြည်သူတွေနဲ့ အတူ တိုက်ပွဲဝင်နေတာ မြင်နေရလေတော့ သူတို့နှစ်ဦး ဦးကျော်ဟိန်းနဲ့ ဆရာမောင်သာရတို့ကိုလည်း လူထုကြီးက တိုက်ပွဲကြားမှာ တွေ့ချင်ရှာပါလိမ့်မယ်။ ဒါက ပြည်သူလူထုရဲ့ ဆန္ဒပါ။ လူထုက ဒီလိုဆန္ဒဖြစ်တယ် ဆိုတာ လူထုက အဲဒီအနုပညာသည်တွေကို ချစ်လို့ မြတ်နိုးလို့ တန်ဖိုးထားလို့ပါ။

ဒီအတွက် ဦးကျော်ဟိန်းတို့၊ ဆရာမောင်သာရတို့ ဘက်မှာလည်း သူ့အကြောင်းနဲ့သူ ရှိခဲ့လိမ့်မယ် ဆိုတာ ကိုတော့ ကျနော်တို့ နားလည် လက်ခံပေးခဲ့ကြပါတယ်။

ပြည်သူက ချစ်တဲ့ အနုပညာသမားမှန်ရင် စာပေ၊ ရုပ်ရှင်၊ ဂီတ ဘယ်အနုပညာရှင်ဖြစ်ဖြစ် သူ့ရဲ့ အဓိက တာဝန်က ပြည်သူကို ပြန်ချစ်ဖို့ပဲ မဟုတ်လား။

အရေးတော်ပုံကြီး အတွင်းမှာ ပြည်သူချစ်တဲ့ စာရေးဆရာ၊ ကဗျာဆရာတွေဟာ ဒီမိုကရေစီ ဟောပြောပွဲတွေ နေ့မနား ညမနား ဖိတ်ကြားခံရပါတယ်။ ဒီအတွက် စာနယ်ဇင်းသမဂ္ဂ (ဗဟို) နဲ့ သက်ဆိုင်ရာ မြို့နယ်ရပ်ကွက် သပိတ် ကော်မတီတွေက စီစဉ် တာဝန်ယူကြပါတယ်။ လူထုလူတန်းစား အလွှာအသီးသီးကို ကိုယ်စားပြုတဲ့သူတွေဟာ ဒီမိုကရေစီ စင်မြင့်မှာ ရဲရဲတင်းတင်း ရင်ဖွင့်ခဲ့ကြတယ်။ ၂၆ နှစ်တာ မဆလခေတ်ရဲ့ အနိဋ္ဌာရုံတွေကို မကြောက်တမ်း မရွံ့တမ်း ဝေဖန် ထိုးနှက်ခဲ့ကြတာပါ။

ကျနော်တို့ ကဗျာဆရာတွေလည်း ဖိတ်ကြားခံရလို့ ရန်ကုန်မြို့ နေရာအနှံ့ သာမက မြို့ပြင်ဘက်ပါ ထွက်ပြီး ဟောခဲ့ရပါတယ်။ တရက်မှာတော့ မအူပင် သပိတ်ကော်မတီက တကူးတက လာရောက် ဖိတ်ခေါ်လို့ ကျနော်နဲ့ နောင်တော် ကျူရှင်ဆရာ၊ စာရေးဆရာ တဦး မအူပင်မှာ ဟောပြောဖို့ လိုက်သွားကြပါတယ်။ ကျနော်တို့ နှစ်ယောက် မအူပင် ဒီမိုကရေစီ ဟောပြောပွဲ သွားကြမယ်ဆိုတဲ့ သတင်းက ဆရာမင်းသိခ်ဆီကို ရောက်သွားခဲ့ပါတယ်။

ဒီတော့ ဆရာမင်းသိခ်က ကျနော်တို့ မြန်မာနိုင်ငံ ကဗျာဆရာတွေရဲ့ သပိတ်စခန်းဖြစ်တဲ့ ၃၃ လမ်း၊ ရွှေကြည်အေး လက်ဖက်ရည်ဆိုင်ကို သူကိုယ်တိုင် ရောက်လာပါတယ်။ သူ့နောက်ကလည်း စစ်ထောက်လှမ်းရေး တွေက တဝုန်းဝုန်း လိုက်နေတဲ့အချိန်ပါ။ သူဟောပြောရာ စင်တိုင်း စင်တိုင်းမှာ ပရိသတ်ကလည်း ဝက်ဝက်ကွဲ ဖြစ်နေ တဲ့အချိန်ပါ။

ဆရာမင်းသိခ်က မအူပင်သွားမယ့် ကျနော်တို့ နှစ်ယောက်ကို သူ့ရဲ့ စာပေလုပ်သား ကဒ်ကလေး တရိုတသေ ပေးအပ်ပါတယ်။ ပြီးတော့ သူက အနူးအညွတ် မေတ္တာရပ်ခံ မှာကြားပါတယ်။ "မောင်ရင်တို့ နှစ်ယောက် ကိုယ့်ဇာတိ မအူပင်ရောက်ရင် ပရိသတ် ရှေ့မှောက်မှာ ကိုယ့်ရဲ့ စာပေလုပ်သားကဒ်ကို မီးရှို့ ဖျက်ဆီးပေးကြပါ" တဲ့။

ဆရာခန့်က ကျနော်တို့ ကဗျာဆရာတွေလည်း  ပွဲအတော်များများ တွဲဟောဖူးကြပါတယ်။ ကျနော့်အနေနဲ့က ဗိုလ်တထောင် သစ်စက် တခုမှာ ဆရာခန့်အတူ ဟောခဲ့ရပါတယ်။

ဆရာမင်းသိခ် ဟောပြောပွဲတိုင်းဟာ စစ်သားတွေ၊ စစ်ကားကြီးတွေ၊ သေနတ်တွေ၊ သံဆူးကြိုးတွေ ဘေးက ခြံရံ စောင့်ကြပ်ပြီး ဟောခဲ့ ပြောခဲ့ရတဲ့ ပွဲတွေချည်းပါပဲ။ ဆရာမင်းသိခ်က တပ်မတော်သားတွေကို တိုက်ခိုက်ပြီး မပြော ပါဘူး။ စစ်အာဏာရှင်စနစ်နဲ့ စစ်တပ် လက်ဝါးကြီးအုပ် အာဏာရှင် လက်တဆုပ်စာကိုသာ ဦးတည် တိုက်ခိုက် ဟောပြောတာပါ။ ဆရာခရဲ့ ဟောပြောချက်တွေဟာ မျှတတယ်လို့ လူထုက ယူဆကြပါတယ်။ တချို့တပ်မတော် သားကြီးတွေ ငိုင်ပြီး ငြိမ်နားထောင်နေတာ၊ တချို့စစ်သားလေးတွေ လက်ခုပ်လက်ဝါးတီး သြဘာပေးကာ ဆရာခရဲ့ စင်တိုင်းလိုလိုမှာ တွေ့နေရပါတယ်။

အဲဒီဆရာခက သူ့ရဲ့ စာပေလုပ်သားကဒ်ကို သူ့ဇာတိ မအူပင်မှာ မီးရှို့ခိုင်းလို့ ကျနော်တို့ကလည်း အောင်မြင် ခမ်းနားစွာ မီးရှို့ခဲ့ကြတာပါပဲ။

စက်တင်ဘာ ၁၆ ရက်၊ ၁၉၈၈ ခုနှစ်၊ စစ်တပ်က အာဏာမသိမ်းခင် နှစ်ရက်အလို၊ ကန်တော်ကလေး ဖဆပလ ရပ်ကွက် စစ်ဝန်ကြီးရုံးရှေ့က ဆရာမင်းသိခ် ဟောပြောပွဲကတော့ မဆလစစ်တပ်နဲ့ လူထု အကြီးအကျယ် အဓိက ရုဏ်းဖြစ်ခဲ့တဲ့ ပွဲကြီး ပွဲကောင်း တပွဲလို့ ဆိုရမှာပါ။

စက်တင်ဘာ ၁၈ ရက် စစ်တပ်က အာဏာသိမ်းလိုက်ပြီးတဲ့နောက် ဒီမိုကရေစီ အင်အားစုတွေ တချို့တောထဲ ရောက်၊ တချို့ထောင်ထဲဝင်နဲ့ ကျနော်တို့က အဲန်အယ်လ်ဒီ (NLD) ဌာနချုပ် ခြံကြီးထဲမှာ။ ကျနော်တို့ ဗဟိုရုံးအဖွဲ့မှူးက ဆရာဦးဝင်းခက်ပါ။ ဒေါ်စမ်းစမ်းအောင် ချက်ကျွေးတဲ့ ဒီမိုကရေစီ ထမင်းကို ကျနော်တို့ တိုကင် ယူပြီး စားကြရပါတယ်။ ဆရာမင်းသိခ်လည်း ကျနော်တို့နဲ့ အတူတူပါပဲ။

ဆရာမင်းသိခ်က တရုံးလုံးရဲ့ ဝေယျာဝစ္စတွေကို သူတယောက်တည်း အကုန်လုပ်ပါတယ်။ သောက်ရေအိုး တွေ ဖြည့်တယ်။ ခြံတခြံလုံး အမှိုက်တွေ သူရှင်းတယ်။ တံမြက်စည်း လှည်းတယ်။ ဆရာခမှာ ဘာမာန်မာနမှ မရှိ သလိုပါပဲ။ အောက်ခြေအလုပ်တွေကို မညည်းမငြူဘဲ သူဒိုင်ခံလုပ်နေတာပါ။

အဲဒီအချိန်မှာ စစ်ထောက်လှမ်းရေးတွေက နေ့တိုင်း အဲန်အယ်လ်ဒီ (NLD) ခြံဝ လာလာပြီး ဆရာမင်းသိခ်ကို အပ်ဖို့၊ ထုတ်ပေးဖို့ချည်း ပြောနေပါတယ်။ ခြံထဲ၊ ရုံးထဲကိုတော့ သူတို့ ဝင်ပြီး မဖမ်းပါဘူး။ ကျနော်တို့ ဒေါ်အောင်ဆန်းစုကြည်ကို အသိမပေးရသေးဘူး။ စစ်ထောက်လှမ်းရေးတွေက ဆရာမင်းသိခ် အဲန်အယ်လ်ဒီ (NLD) ခြံထဲမှာ ရှိနေတာကို သိနေပြီ။ ထွက်အဖမ်း မခံရင် ဌာနချုပ်ကိုပါ အကြီးအကျယ် ပြဿနာရှာနိုင်တယ်။ ကျနော်တို့ ဘာလုပ်ကြမလဲ။ ကာယကံရှင် ကိုယ်တိုင်ကကော။ ကာယကံရှင်ကကော ဘာလုပ်မလဲ။

မင်းသိခ်ဘာလဲ ဘယ်လဲ။

နောက်ဆုံးတော့ ဆရာခက ရဲရဲဝံ့ဝံ့ ထွက်အဖမ်းခံလိုက်ပြီး ကျနော်တို့ကို လွတ်လွတ်လပ်လပ် ထားရစ်ခဲ့ပါ တော့တယ်။

ကျနော် လွမ်းပါတယ်။ အလွမ်းတွေကို အင်အားအဖြစ် ပြောင်းလဲပစ်ကြပါစို့။ ။

**အရေးတော်ပုံ ရင်ခုန်သူများ (အပိုင်း ၁၀)**
***ဒီဇင်ဘာ ၁၄၊ ၂၀၀၉***




***(သရုပ်ဖော် ပန်းချီ - အောင်လတ်)***

တော်လှန်ရေးနဲ့ အနုပညာ။ တော်လှန်ရေး အနုပညာဆိုပါတော့။ ဗိုလ်ချုပ်အောင်ဆန်း ပြောခဲ့ဖူးတဲ့ စကားရှိတယ်။ "တော်လှန်ရေးမှာ အနုပညာ ပါရမယ်။ အနုပညာ မပါတဲ့ တော်လှန်ရေးဟာ မအောင်မြင်နိုင်ဘူး" တဲ့။

ဗိုလ်ချုပ်အောင်ဆန်း ဒီလိုပြောခဲ့တယ်ဆိုတာကို ကျနော်တို့ ဆရာဒဂုန်တာရာရေးတဲ့ ရုပ်ပုံလွှာ စာအုပ်ထဲက "အောင်ဆန်း (သို့မဟုတ်) အရိုင်း" ဆောင်းပါးမှာ ဖတ်ခဲ့ကြရတယ်။ တော်လှန်ရေးမှာ အနုပညာပါရမယ်တဲ့။ အနုပညာ မပါတဲ့ တော်လှန်ရေးဟာ မအောင်မြင်နိုင်ဘူးတဲ့။ ဗိုလ်ချုပ်ရဲ့ ဒီ အဘိဓမ္မာကို ကျနော်တို့တွေရဲ့ ကျောင်းသား တိုက်ပွဲ၊ လူထု တိုက်ပွဲ၊ ဒီမိုကရေစီ အရေးတော်ပုံတွေထဲကနေ၊ လက်တွေ့ဘဝထဲကနေ နားလည်ခံယူ ကျင့်သုံးခဲ့ကြတာပါ။ တော်လှန်ရေးနဲ့ အနုပညာဟာ ဆက်စပ်နေတယ် ဆိုတာ သမိုင်းက သက်သေပြခဲ့ပြီပဲ မဟုတ်လား။

သခင်ဘသောင်းရဲ့ သခင်စိတ်ဓာတ်၊ သခင်အတွေးအခေါ်ကနေ 'တို့ဗမာသီချင်း'ရဲ့ အရေးကြီးတဲ့ စာသားတွေ မွေးဖွားလာခဲ့တယ်။ တေးသွားသံစဉ် သီကုံးပေးသူက ဗိုင်အမ်ဘီ ဆရာတင်ပါ။ တို့ဗမာသီချင်းဟာ ကိုလိုနီခေတ် အမျိုးသား လွတ်မြောက်ရေး တိုက်ပွဲဝင် သီချင်း ဖြစ်ခဲ့ပါတယ်။

ဒီလိုပါပဲ။ နာမည်ကျော် 'နဂါးနီ' သီချင်း ဆိုရင်လည်း ရည်ရွယ်ချက် အနှစ်သာရ စာသားတွေကို ဦးနု၊ သခင်နု က ရေးသားပေးခဲ့တာပါ။ နောက် ဆရာ ရွှေတိုင်ညွှန့် ရေးဖွဲ့ သီကုံးခဲ့တဲ့ 'တပ်မတော် အင်အားရှိမှ တိုင်းပြည် အင်အား ရှိမယ်' ဆိုတဲ့ သီချင်းဟာ ဗိုလ်ချုပ်အောင်ဆန်း တောင်းဆိုလို့ ရေးပေးခဲ့တဲ့ သီချင်းပါ။ ဒီသီချင်းမှာ ဗိုလ်ချုပ်အောင်ဆန်း ရဲ့ တိုင်းပြည်နဲ့ တပ်မတော်အပေါ် မျှော်မြင်မှုတွေကို တွေ့ရမယ်။

လွတ်လပ်ရေးရပြီး ပြည်တွင်းစစ်မီးကြီး ထတောက်လာတဲ့ အခါမှာလည်း ပြည်တွင်းစစ် ရပ်စဲရေး ပြည်တွင်း ငြိမ်းချမ်းရေး တောင်းဆိုတဲ့ ဆရာမြတ်လေးတို့၊ စန္ဒရားချစ်ဆွေတို့၊ မာမာအေးတို့ရဲ့ သီချင်းတွေ ထွက်ပေါ်လာခဲ့ပါတယ်။ ဗကသ၊ တကသ၊ ကျောင်းသားသမဂ္ဂ သီချင်းတွေ ထွက်ပေါ်လာခဲ့ပါတယ်။

ဗိုလ်ချုပ်ကြီး နေဝင်း အိမ်စောင့်အစိုးရလက်ထက်နဲ့ မဆလ အစိုးရလက်ထက်တွေမှာ နိုင်ငံရေး အကျဉ်းသား တွေကို ကိုကိုးကျွန်း နှစ်ကြိမ် ပို့ခဲ့ပါတယ်။ ဒုတိယအခေါက် ကျွန်းမှာ ကျွန်းဖျက်သိမ်းရေး ရက်ပေါင်း (၅၀) ကျော် အစာငတ်ခံ တိုက်ပွဲဆင်ခဲ့တာ အကျဉ်းသားတွေဘက်က အောင်ပွဲခံခဲ့ပါတယ်။ ဒီတိုက်ပွဲမှာ အကျဉ်းသား ၈ ဦး အသက် ပေးလှူခဲ့ရတယ်။ အဲဒီ ကျွန်းတိုက်ပွဲမှာ ရေးစပ်သီဆိုခဲ့တဲ့ သီချင်းတွေလည်း ဒီနေ့အထိ အသက်ရှင်ကျန် နေသေးတဲ့ ကျွန်းပြန်ကြီးတွေက သီဆိုပြနိုင်ကြတုန်းပါ။

၁၉၆၂ ခုနှစ်၊ ဆဲဗင်းဂျူလိုင် အရေးအခင်းမှာ ပေါ်ထွက်ခဲ့တဲ့ သမိုင်းဝင် သီချင်းတွေ ဆိုရင် ဒီနေ့ အထိ ပြည်ပ ရေဒီယိုတွေကနေ ပြန်လွှင့်နေတာ အမြဲ နားဆင်နေရပါတယ်။

ကျနော်တို့ ခေတ်ကို ရောက်လာတော့ ၁၉၇၄ - ၇၅ - ၇၆ အလုပ်သမား အရေးအခင်း၊ ရွှေတိဂုံ အထွေထွေ သပိတ်၊ မှိုင်းရာပြည့် စတဲ့ တိုက်ပွဲတွေကို ဖြတ်သန်းခဲ့ကြတယ်။ မဆလ စစ်အုပ်စုရဲ့ ဖမ်းဆီး ထောင်ချမှုကြောင့် ကျောင်းသားတွေ၊ အလုပ်သမားတွေ အမြောက်အများ အကျဉ်းထောင်တွေထဲကို ရောက်ခဲ့ကြတယ်။ အကျဉ်းထောင်ထဲကို ရောက်သွားကြတဲ့ ကျောင်းသား၊ အလုပ်သမားတွေဟာ သူတို့ရဲ့ တိုက်ပွဲဝင် အနုပညာကို မရ ရတဲ့နည်းနဲ့ ဖော်ထုတ်ခဲ့ကြတယ်။ တိုက်ပွဲဝင် သီချင်းတွေ ရေးခဲ့ကြ၊ ဆိုခဲ့ကြတယ်။ အကျဉ်းထောင်ထဲမှာ ဖိနှိပ် ချုပ်ချယ်ထားတဲ့ကြားက တော်လှန်ရေးနဲ့ အနုပညာကို ဖြစ်နိုင်သမျှ ပေါင်းစပ်ခဲ့ကြတယ်။

ကျနော့် ကိုယ်တွေ့အရ ကျနော်တို့ ၁၉၇၆ မတ်လ ပုသိမ်ကောလိပ် အရေးအခင်းနဲ့ ပုသိမ်ထောင်ထဲ ရောက်လာတဲ့ အုပ်စုဆိုရင် ကျနော်တို့ ပုသိမ်ကောလိပ်ကျောင်းအုပ်ကြီး ဆရာတက္ကသိုလ်ဘုန်းနိုင် ရေးစပ်တဲ့ "အရိုင်းစနစ်ကို တွန်းလှန် ဖြိုဖျက်မည်" ဆိုတဲ့ သီချင်းကို ထောင်ထဲမှာ တိုက်ပွဲဝင် သီချင်းအဖြစ် သီဆိုခဲ့ကြတာပါ။

ကျနော်တို့နဲ့ ခေတ်ပြိုင် အင်းစိန် အကျဉ်းထောင်ထဲ ရောက်ခဲ့တဲ့ ပညာရေး တက္ကသိုလ်က ကျောင်းသား နှစ်ယောက်ရဲ့ သီချင်းတပုဒ်ဟာ ဒီနေ့ချိန်အထိ ရှင်သန်နေဆဲပါ။ သီချင်းနာမည်က "နိုးထလော့ ရောဝတီ" ဖြစ်ပါတယ်။

"သံလွင် စစ်တောင်း၊ ညာလက်မောင်းဟော့၊ စစ်မောင်းသံချီ၊ ဒုဋ္ဌဝတီ၊ ပြည်သူရဲ့သွေး၊ ပြည်သူရဲ့သွေး၊ ပြည်သူရဲ့ သွေး ရောဝတီ ... ... ... ဂျွန် ဂျွန် ကြွကြွ၊ သူပုန် သူပုန် ထထ" ဆိုတဲ့ သီချင်းပါ။ ဒီသီချင်းရဲ့ စာသားရေးသူက ကိုဝင်းမောင်ပါ။ သံစဉ် ဖွဲ့သူက ကိုဝင်းနိုင် ဖြစ်ပါတယ်။ သူတို့ နှစ်ယောက်စလုံး ရောဝတီ ရေကြည်မြို့နယ် ဘက်ကပါ။ သူတို့ရဲ့ "နိုးထလော့ ရောဝတီ" သီချင်းကိုလည်း ပြည်ပရေဒီယို တချို့ကနေ ရံဖန်ရံခါ ထုတ်လွှင့်ပေးနေတာကို ကြားနေရပါတယ်။

ခေတ်အဆက်ဆက် ပေါ်ထွက်ခဲ့တဲ့ တိုက်ပွဲဝင် သီချင်းတွေဟာ စစ်အာဏာရှင် ဆန့်ကျင်ရေး လမ်းကြောင်း တိုက်ပွဲဝင်သူ ရဲဘော်တွေအကြောင်းကို ကောင်းကောင်း ပြောပြနိုင်ကြပါတယ်။ ကောင်းကောင်း မှတ်တမ်းတင်နိုင်ကြပါတယ်။ ဒီလို မော်ကွန်းတင် သီချင်းမျိုးတွေဟာ သွေးနဲ့ စကားပြောပြီးမှ ရေးခဲ့ရတာမို့ တန်ဖိုး အလွန် ကြီးလှပါတယ်။

၁၉၈၈ ရှစ်လေးလုံး အရေးတော်ပုံကြီး အတွင်းမှာတော့ ကျနော်တို့ဟာ ကြီးကျယ် မြင့်မြတ်တဲ့ အနုပညာမြောက် သီချင်းတပုဒ်ကို ရရှိခဲ့ကြပါတယ်။ ဒီသီချင်းကတော့ နိုင်မြန်မာ ရေးစပ်တဲ့ "ကမ္ဘာမကြေဘူး" သီချင်းပါပဲ။ ဒီသီချင်းဟာ ကိုယ်ပိုင်သံစဉ် သီချင်းတပုဒ် အနေနဲ့ မဟုတ်သော်လည်း သီချင်းရေးသူရဲ့ စေတနာ စိတ်ဓာတ်နဲ့ တေးစာသား အကြောင်းအရာက ခံစားချက် ပြင်းပြ မြန်မာဆန်တာကြောင့် ဒီနေ့အချိန်အထိ ဂန္ထဝင်မြောက် တိုက်ပွဲဝင် သီချင်းတပုဒ် ဖြစ်နေတယ်ရယ်လို့ ဂီတပညာရှင် မာမာအေးက ကောက်ချက်ချခဲ့ဖူးပါတယ်။

ရှစ်လေးလုံး အရေးတော်ပုံကြီး အတွင်းမှာ သံပြိုင် သီဆိုခဲ့ကြတဲ့ ဒီသီချင်းဟာ စစ်တပ်က အာဏာသိမ်းလိုက်ပြီးတဲ့ နောက်မှာ အသံတိတ် တိုးတိမ်သွားခဲ့ရပါတယ်။ ဒါပေမဲ့ အာဏာသိမ်း နဝတ စစ်အုပ်စုက ပုဒ်မ ၁၄၄ တွေ၊ နေဝင်မီးငြိမ်း ကာဖျူးအမိန့်တွေ ထုတ်ပြီး ဖိနှိပ်ချုပ်ချယ်ထားတဲ့ကြားက တချိန်မှာတော့ ဒီကမ္ဘာမကြေဘူး သီချင်းသံဟာ ရန်ကုန်မြို့ကြီးက ကတ္တရာလမ်းမတွေပေါ်မှာ ဖုံးအုပ်ပဲ့တင် သွားပါတော့တယ်။

"ကိုယ်တော်မှိုင်း ရာဇဝင်တွေလည်း ရိုင်းခဲ့ရပြီ အဖိုးရေ၊ သခင်အောင်ဆန်း နိုင်ငံတော်မှာ သွေးစွန်းခဲ့ပြီ အဖရေ"

အဲဒီနေ့က ဗိုလ်ချုပ်အောင်ဆန်းကတော် ဒေါ်ခင်ကြည်၊ ဒေါ်အောင်ဆန်းစုကြည်ရဲ့ မိခင်ကြီး ဒေါ်ခင်ကြည် အဲဒီ အမိရဲ့ ဈာပနမှာ ကျောင်းသား လူငယ်တွေဟာ အဖိုး သခင်ကိုယ်တော်မှိုင်းနဲ့ အဖ ဗိုလ်ချုပ်အောင်ဆန်းတို့ကို တိုင်တည် ရင်ဖွင့်ထားတဲ့ နိုင်မြန်မာရဲ့ "ကမ္ဘာမကြေဘူး" သီချင်းကို သံပြိုင် သီဆိုဟစ်ကြွေးရင်း ဈာပန ပို့ဆောင်ခဲ့ကြတာကို ကျနော် ပြန်လည် မြင်ယောင် အမှတ်ရနေဆဲပါ။

သွေးနဲ့ ရင်းထားရတဲ့ တော်လှန်ရေးဟာ တိမ်ကောသွားရိုး ထုံးစံ မရှိပါဘူး။ ဒီလိုပါပဲ။ သွေးနဲ့ ရင်းခဲ့ရတဲ့ တော်လှန်ရေး အနုပညာတွေဟာလည်း ဘယ်တော့မှ တိမ်ကော ပျောက်ကွယ်သွားမှာ မဟုတ်ပါဘူး။ စစ်ဦး ဘီလူးလို့ ဆိုတဲ့ အဲဒီ နဝတ ခေတ်ဦးမှာပဲ ကျနော်တို့ဟာ မပြီးဆုံးသေးတဲ့ ကျနော်တို့ အားလုံးရဲ့ ဒီမိုကရေစီ တိုက်ပွဲအတွက် နောက်ထပ် သမိုင်းဝင် ကိုယ်ပိုင် သီချင်း တပုဒ်ကို ထိုက်ထိုက်တန်တန် ရရှိလိုက်ကြပါသေးတယ်။

အဲဒီ သီချင်းကတော့ ထူးအိမ်သင် ရေးစပ်ပြီး မွန်းအောင် သီဆိုထားတဲ့ "အဆုံးသတ်တိုက်ပွဲ" သီချင်းပါပဲ။ ။

**အရေးတော်ပုံ ရင်ခုန်သူများ (အပိုင်း ၁၁)**
***ဒီဇင်ဘာ ၃၀၊ ၂၀၀၉***



***ထူးအိမ်သင် (သရုပ်ဖော် ပန်းချီ - အောင်လတ်)***

"... ထူးအိမ်သင် တောထဲမှာ ရေးစပ်ခဲ့တဲ့ အရေးကြီးပြီး ညီနောင်အပေါင်းတို့၊ သွေးစည်းကာ ညီစေညီကြစို့ ဆိုတဲ့ အဆုံးသတ်တိုက်ပွဲ သီချင်းကို ..."

တညနေ ဆည်းဆာအောက်မှာ ခြေစုံရပ်ပြီး ကောင်းကင်ပေါ် ငှက်တအုပ် ဖြတ်ပျံသွားတာကို ကြည့်ငေး နေမိတယ်။ ချက်ချင်းပဲ ကျနော့်စိတ်ထဲက ကိုရီးယားစကားပုံ တခုကို အမှတ်ရမိသွားပါတယ်။ "မိုးတိမ်တွေက လေစုန်နဲ့ မျှော်လိုက်တတ်ကြတယ်။ ငှန်းရိုင်းတွေက လေဆန်ကို ဖြတ်ပြီး အိပ်တန်းရှာကြတယ်လေ" တဲ့။ ကျနော့်ရင်ထဲမှာ ထိထိရှရှဖြစ်ပြီး ကျနော့် တိုင်းပြည်ကလေးက လေဆန်ငှက် တကောင်ကို သတိရ တမ်းတမိ သွားပါတော့တယ်။

လွန်ခဲ့တဲ့ အနှစ် (၂၀) ကျော် အတိအကျ ပြောရရင် ၁၉၈၉ ခုနှစ်၊ မိုးဦးကျ လေဦးကျအချိန် ဖြစ်ပါတယ်။ အဲဒီအချိန်မှာ ကျနော်က အဲန်အယ်လ်ဒီ (NLD)ရဲ့ ဧရာဝတီတိုင်း စည်းရုံးရေးတာဝန်နဲ့ ပုသိမ်မြို့ကို ရောက်နေပါတယ်။ ပုသိမ်မြို့ တံတားကြီးတန်းရပ် ဓနိတန်းကမ်းမှာ ကျနော်တို့ရဲ့ အဲန်အယ်လ်ဒီ (NLD) တိုင်းရုံး ရှိပါတယ်။ အဲဒီအချိန်က ၁၉၈၉ ခုနှစ်၊ ဇန်နဝါရီလတုန်းက ဒေါ်အောင်ဆန်းစုကြည်ရဲ့ ဧရာဝတီတိုင်း အနောက်ခြမ်း ခရီးစဉ်မှာ ကျနော်တို့ တအုပ်စုလုံး အဖမ်းခံရပြီး အာမခံနဲ့ ပြန်လွှတ်၊ တပတ်တခါ တရားရုံး ရင်ဆိုင်နေရတဲ့ အချိန်ဖြစ်ပါတယ်။

မိုးဦးကျ လေဦးကျမှာ ဧရာဝတီတိုင်း ငြိမ်ပိဥက္ကဋ္ဌဖြစ်သူ နတခ တိုင်းမှူး ဗိုလ်ချုပ် မြင့်အောင်ကလည်း စစ်ဦး ဘီလူး သရဲမရဲ စီးသလို အင်မတန် ကြမ်းနေပါတယ်။ ဒေါ်အောင်ဆန်းစုကြည် ဧရာဝတီတိုင်း အနောက်ခြမ်း ခရီးစဉ်မှာ တင်ပဲ ဧရာဝတီတိုင်းအဝင် မအူပင်က စပြီး ဧရာဝတီတိုင်းအထွက် မြန်အောင်၊ ကြံခင်း အဆုံး အားလုံး အဲန်အယ်လ်ဒီ (NLD) အဖွဲ့ဝင်ပေါင်း ၈၀ ကျော် အဖမ်းခံခဲ့ရတာပါ။ ဗိုလ်ချုပ်မြင့်အောင် ဆိုတာ တခြားနေရာမှာ ဒီမိုကရေစီ ရချင်ရ မယ် သူ့နယ်မြေမှာ ဘယ်တော့မှ မရစေရဘူးလို့ နှုတ်က ထုတ်ပြောခဲ့တဲ့သူပါပဲ။

အဲဒီလို ဖက်ဆစ် သံဖနောင့်အောက်က ဖိနှိပ်မှုတွေ တင်းကျမ်းပြည့်နေတဲ့ နေရာကို မိုးဦးလေဦးနဲ့အတူ လေဆန်ငှက်တကောင် မုန်တိုင်း မိုးတိမ်တွေထဲမှာ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာခဲ့ပါတယ်။ မိုးတွေ သဲသဲမဲမဲ ရွာနေတဲ့ တနေ့မှာ ကျနော်ရှိရာ ဓနိတန်းလမ်းထဲက အဲန်အယ်လ်ဒီ (NLD) တိုင်းရုံးကို သူရောက်ရှိလာပါတယ်။ သူ့တကိုယ်လုံး မိုးရေတွေ ရွှဲရွှဲစိုလို့ပါ။ ကျနော်တို့ တိုင်းရုံးမှာရှိတဲ့ အဲန်အယ်လ်ဒီ (NLD) လူငယ်တွေက သူ့ကို လှိုက်လှိုက်လှဲလှဲ နွေးထွေးစွာ ကြိုဆိုခဲ့ကြပါတယ်။ သူကလည်း အားလုံးကို တရင်းတနှီး ပြန်လည် နှုတ်ဆက် ပွေ့ဖက် ပါတယ်။

မိုးစဲလေစဲမှာတော့ အဲန်အယ်လ်ဒီ (NLD) တိုင်းရုံးမှာ အဆိုတော် ထူးအိမ်သင် ရောက်နေတယ် ဆိုတဲ့ သတင်းက ပုသိမ်မြို့ပေါ်က ကျောင်းသား လူငယ်တွေကြားမှာ သတင်းပျံ့သွားပါတော့တယ်။ အဲဒီနေ့က ထူးအိမ်သင်နဲ့ ကျနော် တံတားကြီးတန်း ဘုရားကြီးကျောင်းတိုက်ရှေ့က လှငွေး လက်ဖက်ရည်ဆိုင်ကလေးမှာ စကားတွေ အများကြီး ပြောဖြစ်ခဲ့ကြပါတယ်။

အဲဒီအချိန်က သူတောထဲက ပြန်ရောက်လာတာ မကြာလှသေးပါဘူး။ ရှစ်လေးလုံး အရေးတော်ပုံကြီး ဖြစ်တော့ သူက သူ့မိဘများရှိရာ မော်လမြိုင်ကို ရောက်နေပါတယ်။ အဲဒီကနေ စစ်တပ်က အာဏာသိမ်းလိုက်တဲ့အခါ အခြား ဒီမိုကရေစီ အင်အားစုတွေနဲ့ အတူ သူ တောထဲကို ရောက်သွားပါတယ်။ ပထမ သေဘောဘိုးကို အရင်

ရောက်သွားတယ်လို့ ထင်ပါတယ်။ အဲဒီမှာ သူ တောခိုလာတဲ့ ကျောင်းသားတွေ၊ လူငယ်တွေကြားမှာ အဆိုတော် မွန်းအောင်နဲ့ တွေ့ဆုံလိုက်ရတာပါပဲ။

ကိုမွန်းအောင်နဲ့ သူ ပထမတော့ သဘောဘိုးမှာပဲ အတူနေနေကြရတယ်။ နောက်တော့မှ တော်လှန်ရေး အတွက် အနုပညာဌာနဖွင့်ဖို့ သူတို့နှစ်ယောက် မာနယ်ပလောက ခေါ်လိုက်ပုံရပါတယ်။ ကိုမွန်းအောင်နဲ့ ထူးအိမ်သင် တို့ မာနယ်ပလောကို ရောက်သွားကြတယ်လို့ ဆိုပါတယ်။

ကျောင်းသားတွေ တောထဲရောက်ပြီး နီးစပ်ရာ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့တွေနဲ့ တွဲနေရတဲ့ အချိန်ပါ။ ဒီအချိန်မှာ ဗိုလ်ချုပ်ကြီး ခင်ညွန့်က ကျောင်းသားတွေကို အိမ်ပြန်လာဖို့ ပြန်လည် ဖိတ်ခေါ်တဲ့ ကြေညာချက် ထုတ်ပါ တယ်။ ပြန်လာတဲ့ သူတွေကို အရေးမယူဘူး ဆိုတဲ့ နဝတရဲ့ သဘောထား ကြေညာချက်ထဲမှာ ပါပါတယ်။

ဒီလို အခြေအနေမှာ ထူးအိမ်သင် အနေနဲ့ လက်နက်ကိုင် တော်လှန်ရေးမှာ သူ့အနေနဲ့ စွမ်းဆောင်နိုင်တဲ့ အရည်အသွေး မရှိဘူး။ ဒီနေရာဟာ သူနဲ့ မကိုက်ညီဘူး။ ဒီတော့ သူနဲ့ ကိုက်ညီတဲ့ နေရာကို ပြန်ပါရစေဆိုပြီး ကိုမွန်းအောင်တို့ အားလုံးကို တောင်းပန်ပြီး သူအိမ်ပြန်လာခဲ့တာပဲလို့ ထူးအိမ်သင်က ပြောပြပါတယ်။ သူ့ရဲ့ mother unit ဖြစ်တဲ့ ဂီတလောကကို သူပြန်လာခဲ့တာပါပဲ။

သူပြန်လာတဲ့အချိန်မှာ နဝတ စစ်အုပ်စုက ကိုမင်းကိုနိုင်ကို ထောင်ထဲ ဖမ်းထည့်လိုက်ပါပြီ။ ကိုမိုးသီးဇွန် တောခိုသွားပါပြီ။ ရွေးကောက်ပွဲက ဘယ်နေ့မှန်း မသိသေးပါဘူး။ ဒေါ်အောင်ဆန်းစုကြည်ရဲ့ စည်းရုံးရေး ခရီးစဉ်တွေကို နဝတ က အကြီးအကျယ် ပိတ်ပင် ဟန့်တားနေတဲ့ အချိန်ပါ။

ဒီအချိန်မှာ သူ ကျနော်ရှိတဲ့ ပုသိမ်ကို ရောက်လာခဲ့တယ်။ ၁၉၈၉ မိုးဦး လေဦး။ ကျနော်တို့ ညီအစ်ကို သူငယ်ချင်း နှစ်ယောက် လတ်တလော နိုင်ငံရေး အခြေအနေတွေကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးကြပါတယ်။ ကျနော် ကဗျာ မရေးဘဲ အဲန်အယ်လ်ဒီ (NLD) မှာ နိုင်ငံရေး ဝင်လုပ်နေတာကိုတော့ သူဘာမှတ်ချက်မှ မပေးပါဘူး။

အဲဒီမှာ ထူးအိမ်သင်ဆီက ပုသိမ်က ကျောင်းသားလူငယ်တွေအတွက် သူ တစ်ခုခု လုပ်ပေးချင်တယ် ဆိုလို့ ကျနော်တို့ ဓနိတန်းလမ်းရုံးမှာ ကျောင်းလူငယ်တွေကို  စုစည်း စီစဉ်ပေးရပါတယ်။ သူနဲ့ အတူလိုက်လာတဲ့ ပုသိမ်က ငယ်သူငယ်ချင်း တယောက်က ထူးအိမ်သင် တောထဲမှာ ရေးစပ်ခဲ့တဲ့ "အရေးကြီးပြီ ညီနောင်အပေါင်းတို့၊ သွေးစည်း ကာ ညီစေညီကြစို့" ဆိုတဲ့ အဆုံးသတ်တိုက်ပွဲ သီချင်းကို အသေအချာ စနစ်တကျ နုတ်စ်တွေ ဘာတွေနဲ့ ပုသိမ်မြို့က လူငယ်တွေကို သင်ပေးခဲ့တာပါပဲ။

ထူးအိမ်သင် ပုသိမ်ကနေ ပြန်သွားတော့ ကျနော် သူ့လက်ထဲ ကျနော်ရွတ်ဆို အသံသွင်းထားတဲ့ ရောဝတီ တိုင်း စည်းရုံးခရီးစဉ် ကဗျာ တိပ်ခွေကလေး ထည့်ပေးလိုက်ပါတယ်။

၁၉၈၉ ခုနှစ်၊ အာဇာနည်နေ့ အရေးအခင်းနဲ့  ကျနော်တို့တစ်တွေ ပုသိမ်ထောင်ထဲ ရောက်ကြရပြန်တော့ ထူးအိမ်သင် သင်ပေးခဲ့တဲ့ အဆုံးသတ်တိုက်ပွဲ သီချင်းဟာ ထောင်ထဲမှာ ကျနော်တို့ရဲ့ တိုက်ပွဲဝင် သီချင်း ဖြစ်လာခဲ့ တော့တာပဲပေါ့။

၁၉၉၂ မှာ ကျနော် ထောင်က ပြန်လွတ်လာပြီး ရန်ကုန်တက်လာတော့ ထူးအိမ်သင်က ၃၃ လမ်း လေထန် ကုန်းမှာ ကျနော့်ကို လာတွေ့ပါတယ်။ ကျနော့်အတွက် နာရီတလုံးနဲ့ သူ့ရဲ့ "အတ္တပုံဆောင်ခဲများ" အခွေ လက်ဆောင် ပေးပါတယ်။

ငှက်တကောင်ကတော့ လေဆန်ကိုဖြတ်ပြီး ပျံသန်းသွားပါပြီ။ ကျနော်တို့ အိပ်တန်း ရှာတွေ့ဖို့ပဲ လိုပါတော့ တယ်။

လေဆန်မှာ မြူးတန်းလန်းနဲ့ ပျံသန်းရဲတဲ့ ငှက်သာ မနက်ဖြန်အတွက် ဖြစ်တယ်။ ။

**အရေးတော်ပုံ ရင်ခုန်သူများ (အမှတ် ၁၂)**
***ဇန်နဝါရီ ၄၊ ၂၀၀၉***



***စိုင်းထီးဆိုင် (သရုပ်ဖော် ပန်းချီ - အောင်လတ်)***

ကျွန်တော်တို့ တိုင်းပြည်ဟာ တိုင်းရင်းသားလူမျိုးပေါင်းစုံနဲ့ ဖွဲ့စည်းထားတဲ့ ပြည်ထောင်စု တိုင်းပြည် ဖြစ်တယ်။ မြန်မာ့ နိုင်ငံရေးဟာ တိုင်းရင်းသားနိုင်ငံရေး ဖြစ်တယ်လို့ ပြောရပါမယ်။ တိုင်းရင်းသားအရေးဟာ ကျနော်တို့ရဲ့ အမျိုးသား အရေးပဲ မဟုတ်လား။

ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်ခဲ့တဲ့ ပထမ လွတ်လပ်ရေးတိုက်ပွဲဟာ တိုင်းရင်းသား လူမျိုးပေါင်းစုံ တိုင်းတပါး နယ်ချဲ့နဲ့ ဖက်ဆစ်အောက်က လွတ်မြောက်အောင် ကြိုးပမ်းခဲ့တဲ့ သမိုင်း ဖြစ်တယ်။ အခု ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်တဲ့ ဒုတိယ လွတ်လပ်ရေး တိုက်ပွဲကတော့ စစ်ကျွန်စနစ်၊ စစ်အာဏာရှင် အောက်ကနေ အဖိနှိပ်ခံ တိုင်းရင်းသား လူမျိုးပေါင်းစုံ လွတ်မြောက်ဖို့ ကြိုးပမ်းနေတဲ့ တိုက်ပွဲရဲ့ သမိုင်းပဲ မဟုတ်လား။

ဗြိတိသျှ သမိုင်းပညာရှင်ကြီး ပါမောက္ခ လုစ်ရဲ့ အဆိုအရ မြန်မာနိုင်ငံသမိုင်း တလျှောက်မှာ တိုင်းရင်းသား လူမျိုးပေါင်းစုံ စုစည်းညီညွတ်မှု အရှိဆုံး၊ အင်အားအကောင်းဆုံး အချိန်တွေဟာ ကျန်စစ်သားမင်းကြီး လက်ထက် ပုဂံခေတ်နဲ့ ဗိုလ်ချုပ်အောင်ဆန်း လက်ထက် ဖဆပလခေတ်တို့ပါပဲတဲ့။

ဗိုလ်ချုပ်အောင်ဆန်းခေတ် ပင်လုံညီလာခံ၊ ပင်လုံစာချုပ်နဲ့ ပထမ လွတ်လပ်ရေးတိုက်ပွဲမှာ မြန်မာပြည်သူတွေ အောင်ပွဲခံခဲ့တာပါပဲ။ အခု ဒေါ်အောင်ဆန်းစုကြည်ခေတ်၊ ဒုတိယ လွတ်လပ်ရေး တိုက်ပွဲမှာကော။

ဒီ ဒုတိယ လွတ်လပ်ရေး တိုက်ပွဲမှာလည်း ကျွန်တော်တို့ဟာ နောက်ထပ် ပင်လုံညီလာခံအသစ်၊ နောက်ထပ် ပင်လုံစာချုပ်အသစ်နဲ့ အောင်ပွဲခံဖို့ ကြိုးပမ်းနေကြတာပဲ မဟုတ်လား။ ကျနော်တို့ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် ဟာ ဒီအချက်ကို ကောင်းကောင်း သိမြင် အလေးထားသူ ဖြစ်တယ်။

၁၉၈၉ နဝတ ခေတ်ဦးတုန်းက အဲန်အယ်လ်ဒီ (NLD) ရဲ့ ပထမ ဦးဆုံး ပြည်ထောင်စုနေ့ အခမ်းအနားကို ဘယ်လိုနေရာမှာ၊ ဘယ်လိုပုံသဏ္ဌာန်၊ ဘယ်လိုအနှစ်သာရနဲ့ ဘယ်ပုံကျင်းပမယ်ဆိုတာနဲ့ ပတ်သက်တဲ့ အစည်းအဝေး တခုမှာ ဒေါ်အောင်ဆန်းစုကြည်က "ဒီမိုကရေစီ စနစ်အောက်မှာ ပြည်ထောင်စုကြီးကို ပြန်လည် တည်ဆောက်ကြ ရမှာဖြစ်ပါတယ်။ အဲဒီအတွက် ဒီမိုကရေစီ ရရေးဟာ ပထမပါ။ ဒီတော့ ဒီမိုကရေစီ ရရှိရေးအတွက် တိုင်းရင်းသား လူမျိုးစုအားလုံးဟာ လက်တွဲပြီး ဆောင်ရွက်ကြရမယ်။ ပြီးလို့ ဒီမိုကရေစီ ရတဲ့အခါကျလို့ ရှိရင် ပင်လုံ ကဲ့သို့သော ညီလာခံကြီး တခုခေါ်ပြီး တိုင်းရင်းသား လူမျိုးစု အားလုံးရဲ့ သဘောတူညီချက် အရ ပြည်ထောင်စုရဲ့ ပုံသဏ္ဌာန် အသစ်တခုကို ဖော်ဖို့ ကြိုးစားရမယ်။ အဲဒီ ပုံသဏ္ဌာန်ပေါ်မှာ မူတည်ပြီးတော့ နိုင်ငံရဲ့ ဖွဲ့စည်းပုံ အခြေခံ စည်းမျဉ်း ဥပဒေ အသစ် တခုကို ရေးဆွဲသွားဖို့ လိုတယ်" လို့ သဘောထားပေးခဲ့ပါတယ်။

အဲန်အယ်လ်ဒီ (NLD) က ၁၉၈၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက် (၄၂) နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို ရှမ်းပြည်နယ်တောင်ပိုင်း၊ ပင်လုံမြို့၊ ပင်လုံကျောက်တိုင် ရင်ပြင်မှာ စည်ကားသိုက်မြိုက် ခမ်းနားစွာ ကျင်းပခဲ့တာပါ။ ဒီအခမ်းအနားကို အဲန်အယ်လ်ဒီ (NLD) က ဒေါ်အောင်ဆန်းစုကြည် ဦးဆောင် တက်ရောက်ပြီး

အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် ကြေညာချက်အမှတ် (၉) (သို့မဟုတ်) ဒီမိုကရေစီ ပြည်ထောင်စုသစ် ကြေညာစာတမ်းကို ဒေါ်အောင်ဆန်းစုကြည် ကိုယ်တိုင် ဖတ်ကြားခဲ့ပါတယ်။

ပင်လုံမြေမှာ ဗိုလ်ချုပ်အောင်ဆန်းရဲ့ ဝိညာဉ်ဟာ ရှင်သန် လမ်းပြနေဆဲပါ။ ဒီလမ်းပေါ်မှာ ဒေါ်အောင်ဆန်းစုကြည် နဲ့တကွ အဖိနှိပ်ခံ တိုင်းရင်းသား လူမျိုးပေါင်းစုံ ပြည်သူလူထုကြီးဟာ ဒုတိယ ပင်လုံအိပ်မက်ကို အကောင်အထည်ဖော်ဖို့ မဆုတ်မနစ် ကြိုးပမ်းခဲ့ကြတယ်။ အဲဒီလို ကြိုးပမ်းခဲ့ကြတဲ့ သူတွေအထဲက တိုင်းရင်းသား စစ်စစ်ကြီး၊ အနုပညာသမား စစ်စစ်ကြီး တယောက်ကို ကျနော် ပြန်အမှတ်ရလာပါတယ်။ ကျနော် သူ့ကို ပြန်သတိရ တမ်းတနေမိပါတယ်။

၁၉၈၈ ကျောင်းသားတွေ ဦးဆောင်တဲ့ ရှစ်လေးလုံး အရေးတော်ပုံကြီး အတွင်းတုန်းက သူ့ကို ကျနော်တို့ ၇၄-၇၅-၇၆ ကျောင်းသား ခေါင်းဆောင်ဟောင်းတွေက စင်ပေါ်တက်ဖို့ တောင်းဆိုခဲ့ဖူးတာကို ကျနော် ပြန်မြင်ယောင်လာပါတယ်။

ရန်ကုန် ဆေးရုံကြီးကို စစ်တပ်က သေနတ်နဲ့ ပစ်ခတ်ပြီးတဲ့နောက် ဆေးရုံကြီး ပြင်ပလူနာဌာနဘေးက ရင်ပြင်မှာ ကိုမင်းကိုနိုင်တို့ မျိုးဆက်သစ်တွေနဲ့ ကျနော်တို့ မျိုးဆက်ဟောင်းတွေ ပူးပေါင်းပြီး ဒီမိုကရေစီ ဟောပြောပွဲ စင်တခုကို အရေးပေါ် ထိုးလိုက်ကြပါတယ်။

စင်ထိုးပြီးတော့ ဟောမယ့် ပြောမယ့်သူတွေကို လိုက်မေတ္တာရပ်ခံရပါတယ်။ အဲဒီအချိန်က မဆလ စစ်တပ်က လက်သံပြောင်ပြောင်နဲ့ မည်းမည်းမြင် အရင်ပစ်နေတဲ့အချိန် ဆိုတော့ စင်ပေါ် တက်ဟောပြောဖို့ဆိုတာ သိပ်စွန့်စားရတဲ့ အလုပ် ဖြစ်နေပါတယ်။ ကျနော်တို့ ဟောမယ့်လူ တော်တော်နဲ့ ရှာမရပါဘူး။

အဲဒီအချိန်မှာ မထင်မှတ်ဘဲ သူစင်ပေါ်တက်မယ်၊ သူဟောမယ် ဆိုတဲ့ တိုင်းရင်းသား စစ်စစ်ကြီး အနုပညာသမား စစ်စစ်ကြီး တယောက်ကို ကျနော်တို့ ရလိုက်တာပါပဲ။ အဲဒီနေ့က သူဟာ ခါတိုင်း သူသီချင်းဆိုတဲ့ စတိတ်ရှိုးတွေမှာ ပရိသတ်က အားပေးတဲ့ အားပေးမှုနဲ့ မတူတဲ့ လက်ခုပ်သြဘာတွေ အများကြီး ရခဲ့တာပါ။

ပြီးတော့ သူဟာ အဲဒီနေ့က တိုင်းပြည်က ချစ်တဲ့ တပ်မတော်ကလည်း ချစ်တဲ့ ဗိုလ်ချုပ်ကြီးဟောင်း သူရဦးတင်ဦး နဲ့အတူ တစင်တည်းမှာ ဟောပြောခဲ့ရတဲ့သူ ဖြစ်ပါတယ်။ သူ့ကို ပြည်သူလူထု ပရိသတ်ကြီးက အဆိုတော် စိုင်းထီးဆိုင် ဆိုတာထက်၊ ဒီမိုကရေစီ တိုက်ပွဲဝင်နေတဲ့ ရှမ်းတိုင်းရင်းသားကြီး စိုင်းထီးဆိုင်အဖြစ် ပိုပြီး နှစ်လိုအားပေး အသိအမှတ် ပြုခဲ့ကြမှာပါ။

အဲဒီ ရှမ်းတိုင်းရင်းသားကြီး၊ အဆိုတော်ကြီးဟာ ဒေါ်အောင်ဆန်းစုကြည် နဲ့အတူ လက်တွဲပြီး ရှမ်းပြည်နယ် တလွှား၊ အဖိနှိပ်ခံ တိုင်းရင်းသား လူမျိုးပေါင်းစုံကြားမှာ တက်တက်ကြွကြွ ပြေးလွှားလှုပ်ရှားခဲ့တယ် ဆိုတာကိုတော့ ဒီဘက်ခေတ် ပျိုရွယ်တဲ့ ကျောင်းသားလူငယ်တွေ သိချင်မှ သိကြပါလိမ့်မယ်။

ဒုတိယ ပင်လုံဟာ ကျနော်တို့က ဗိုလ်ထီးလို့ ချစ်စနိုးခေါ်တဲ့ စိုင်းထီးဆိုင်ရဲ့ အိပ်မက်ပါ။ သူ ဒီအိပ်မက်နဲ့ပဲ သေဆုံးတဲ့အချိန်ထိ ဘဝကို ဖြတ်သန်းခဲ့တယ်။ သူမသေခင် ထူးအိမ်သင်က အရင် ကွယ်လွန်သွားခဲ့ပါတယ်။ ထူးအိမ်သင် စျာပနမှာ ဗိုလ်ထီးပြောခဲ့တဲ့ စကားတွေကို ကျနော် ခုထိ ကြားယောင်နေဆဲပါ။

> "ကိုငှက်ကို ကျနော် အလေးပြုပါတယ်။ ကိုငှက် ကျနော့်ထက် ငယ်ပေမဲ့ သူ့ကို ကျနော် လေးစားတယ်။ အားကျတယ်။ သူ့လို ကျနော် ကောင်းကောင်း မခုခံနိုင်ခဲ့ဘူး။ သူ့လို ကျနော် မချစ်မနှစ်သက်တဲ့ သူတွေနဲ့ ကင်းကင်းရှင်းရှင်း မနေနိုင်ခဲ့ဘူး။ ကိုငှက်က ရှင်းတယ်၊ ပြတ်တယ်၊ သူ့အနုပညာကို ဘယ်လိုပဲ ပိတ်ပင် ပိတ်ပင်၊ ဘယ်လိုပဲ တားဆီးတားဆီး၊ ကိုငှက်ဟာ ပေါ်လစီ သီချင်းတပုဒ် တလေတောင်မှ ရေးလည်း မရေးခဲ့သလို ဆိုလည်း မဆိုခဲ့ဘူး။ ဒီအတွက် ကျနော် သူ့ကို လေးစားတယ်၊ ဆရာတင်တယ်။ ကိုငှက်က သူလုပ်ချင်တာတွေ လုပ်ခွင့်မရခဲ့ပေမဲ့ သူမလုပ်ချင်တဲ့ဟာတွေကို မလုပ်ဘဲနေရဲတဲ့ သတ္တိအပြည့်ရှိသူပါ။ ဒါကြောင့် ကျနော် သူ့စျာပနမှာ နောက်ဆုံးအနေနဲ့ ကိုငှက်ကို အလေးနီပြုပါတယ်" တဲ့။

စိုင်းထီးဆိုင် ရင်ဖွင့်ပြောကြားခဲ့တဲ့ စကားတွေပါ။ ကျနော်တို့ တိုင်းပြည်မှာက ဖက်ဆစ်ဝါဒ ဓားမိုးထားတဲ့ အောက်ကနေပဲ အနုပညာရှင် အသီးသီးက ရပ်တည် ရှင်သန်နေရ၊ ရုန်းကန် လှုပ်ရှားနေရတာ ဆိုတော့ တခါတရံမှာ စစ်အာဏာရှင်တွေဘက်က အတင်းအဓမ္မ ဖိအားပေး အကျပ်ကိုင် ခြိမ်းခြောက် အနိုင်ကျင့်တာမျိုးတွေကို အမြင်မစောင်းကြဖို့ အပြစ်တင် မစောဖို့ အထူးပဲ လိုပါတယ်လို့ ပြည်ပရောက် အဆိုတော်ကြီး ဒေါ်မာမာအေး အမြဲ သတိပေးနေတာ ဖြစ်ပါတယ်။

ဘာပဲဖြစ်ဖြစ် စိုင်းထီးဆိုင်ဟာ စိုင်းထီးဆိုင်ပါပဲ။

ကျနော်တို့ နှလုံးသားထဲက စိုင်းထီးဆိုင်က စိုင်းထီးဆိုင်ပါပဲ။ ။

## အရေးတော်ပုံ ရင်ခုန်သူများ (အမှတ် ၁၃)

***ဇန်နဝါရီ ၁၁၊ ၂၀၀၉***



ကျနော် ပြည်တွင်းမှာတုန်းက အောင်ပန်းမှာ နေတဲ့ ဆရာဒဂုန်တာရာရဲ့ မွေးနေ့ပွဲ သွားတိုင်း တောင်ကြီးကို ရောက်ဖြစ်ပါတယ်။ တောင်ကြီးရောက်ရင် သစ္စာလမ်းကို ကျနော် အမြဲ သွားကြည့်ပါတယ်။ သစ္စာလမ်းမှာ ကျနော်တို့ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ရဲ့ အသံတွေ ပဲ့တင်ရှိနေတုန်းပါပဲ။

၁၉၈၉ ခုနှစ်၊ ဖေဖော်ဝါရီ ၁၃ ရက် ပင်လုံက အပြန် ဒေါ်အောင်ဆန်းစုကြည် တောင်ကြီးမြို့ သစ္စာလမ်း အဲန်အယ်လ်ဒီ (NLD) ရုံးကို ရောက်လာတယ်။ ဒီနေ့က ဗိုလ်ချုပ်အောင်ဆန်းရဲ့ မွေးနေ့ပါ။ အဖေ့ရဲ့ မွေးနေ့မှာ သမီးဖြစ်သူက ဝေဖန်ရေးမြားတံနဲ့ ပစ်တာကို ခံနေရပါတယ်။ ဒေါ်အောင်ဆန်းစုကြည် ပင်လုံကို ထွက်လာတော့ ရန်ကုန်မှာ ဒေါ်အောင်ဆန်းစုကြည်ကို ဝေဖန်တဲ့ စာတမ်းတစောင် ထွက်လာပါတယ်။

ဝေဖန်ရေး စာတမ်းရေးသူက လူ့ဘောင်သစ် ဒီမိုကရက်တစ် ပါတီရဲ့ ဥက္ကဋ္ဌ ကိုမိုးသီးဇွန်ပါ။ သူ့စာတမ်းနာမည်က "အမျိုးသား နိုင်ငံရေး လှုပ်ရှားမှုနှင့် ဒေါ်အောင်ဆန်းစုကြည်အပေါ် သုံးသပ်ချက်" ဆိုပြီးတော့ ဖြစ်ပါတယ်။ ဥက္ကဋ္ဌ ကိုမိုးသီးဇွန်ရဲ့ စာတမ်းအနှစ်ချုပ်က ဒေါ်အောင်ဆန်းစုကြည်ကလည်း စည်းရုံးရေး ခရီးတွေချည်းပဲ ထွက်ထွက်နေတယ်။ ဒေါ်အောင်ဆန်းစုကြည် ရှေ့တန်းရောက်နေတုန်း နောက်တန်းမှာကျန်ရစ်တဲ့ အဲန်အယ်လ်ဒီ (NLD) ဗဟိုက တိုက်ပွဲဝင်နေတာ မရှိဘူး။ အဲန်အယ်လ်ဒီ (NLD) က လုပ်နေတဲ့ လုပ်ငန်းတွေကို အားမရဘူး ဆိုတဲ့ သဘောပါပဲ။

ဒေါ်အောင်ဆန်းစုကြည်က ဝေဖန်ရေးကို ကြိုဆိုခဲ့ပါတယ်။ တောင်ကြီးမြို့ သစ္စာလမ်း ရုံးခန်းမှာ လူထုကို သူ ပြန်ရှင်းပြခဲ့တာက - ဒီကိစ္စနဲ့ ပတ်သက်ပြီး ကျမ ရှင်းပြချင်တာကတော့ တိုက်ပွဲဆိုတာ ပုံသဏ္ဌာန် အမျိုးမျိုး ရှိပါတယ်။ တိုက်ပွဲဆိုတာ လမ်းပေါ်ထွက်ပြီး ဆန္ဒပြမှ တိုက်ပွဲ မဟုတ်ပါဘူး။ ကျမတို့ဟာ ၁၈ ရက်နေ့ စက်တင်ဘာမှာ စစ်အစိုးရကနေ အာဏာအရပ်ရပ်ကို သိမ်းပြီးနောက် တိုက်ပွဲပုံစံ ပြောင်းရမယ်ဆိုတာ ယုံကြည်လို့ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ကို ဖွဲ့ခဲ့တာပဲ။

နိုင်ငံရေး ပြဿနာတွေကို နိုင်ငံရေးနည်းနဲ့ ဖြေရှင်းတဲ့ အလေ့အထကို ကျမတို့ စပြီးတော့ ထူထောင်ရမယ်။ နိုင်ငံရေးနည်းနဲ့ မဟုတ်ဘဲ လက်နက်နည်း၊ အကြမ်းဖက်တဲ့ နည်းတွေနဲ့ နိုင်ငံရေး ပြဿနာတွေကို ဖြေရှင်းတဲ့ အလေ့အထ ဆိုတာ နိုင်ငံတခုအတွက် ကောင်းတဲ့ အလေ့အထ မဟုတ်ပါဘူး။ ဒီလို အလေ့အထတွေ မဖြစ်အောင် ဆိုပြီးတော့ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်ကို ဖွဲ့ခဲ့တာပါတဲ့။

ဒေါ်အောင်ဆန်းစုကြည် ပြောခဲ့တဲ့ စကားတချို့ထဲကပါ။

၂၀၀၄ ခုနှစ်တုန်းက ကျွန်တော် တရုတ်ပြည်၊ ရွှေလီမြို့ကို သွားတော့ မူဆယ် နမ့်ခမ်းဘက်မှာ တိုင်းရင်းသား လူထုရဲ့ စွန့်စားခန်းတခုကို သတိပြုခဲ့မိတယ်။ ၂၀၀၃ မေလ ဒေါ်အောင်ဆန်းစုကြည်ရဲ့ အထက်မြန်မာပြည် စည်းရုံးရေး ခရီးစဉ် ဗီဒီယိုအခွေတွေ တယောက်လက် တယောက်ကမ်းပြီး လျှို့ဝှက် ကြည့်နေကြတဲ့ အဖြစ်ပါပဲ။ ဘာကြောင့် လျှို့ဝှက်နေရတာလဲ။ ဒေါ်အောင်ဆန်းစုကြည်အခွေ လက်ဝယ်တွေ့ရင် စစ်အစိုးရက ဖမ်းဆီးမယ်၊ ထောင်ချမယ်လေ။ ဒါဖြင့် ဒီလောက် အန္တရာယ်ရှိတဲ့ အခွေကို လူထုက ဘာကြောင့် ကြည့်နေကြတာလဲ။ အဖြေက ရှင်းပါတယ်။

လူထုဟာ ဒေါ်အောင်ဆန်းစုကြည်ကို အပြည့်အဝ ထောက်ခံတယ်။ ဒေါ်အောင်ဆန်းစုကြည်ရဲ့ သြဝါဒကို ခံယူချင်တယ်။ ကြားနာချင်တယ်။ ဒေါ်အောင်ဆန်းစုကြည် စည်းရုံးရေး ခရီးစဉ်တွေမှာ ပြောတဲ့ မိန့်ခွန်းတွေဟာ

တိုင်းရင်းသားတွေကို လူထုတွေကို ခွန်အားသစ်တွေ ဖြစ်စေတယ်။ ရဲစွမ်းသတ္တိတွေပေးတယ်။ သူတို့ကို တိုက်ပွဲဝင်ရဲတဲ့ စိတ်ဓာတ်တွေ မွေးဖွားပေးတယ်လို့ တိုင်းရင်းသားထု တရပ်လုံးက ခံယူထားလို့ပါပဲ။

နဝတ၊ နအဖခေတ် တလျှောက်လုံး အဲန်အယ်လ်ဒီ (NLD) မှာ သတင်းစာလည်း မရှိဘူး၊ တယ်လီဖေးရှင်းလည်း မရှိဘူး။ စာရွက်စာတမ်း ထုတ်ဝေခွင့် "န-သ"လည်း စစ်အစိုးရက ပြန်ရုပ်သိမ်းသွားတာ ကြာပြီ။ ဒီတော့ အဲန်အယ်လ်ဒီ (NLD) နဲ့ လူထုနဲ့၊ ပါတီနဲ့ ပြည်သူနဲ့ အကောင်းဆုံး အထိရောက်ဆုံး ဆက်သွယ်ပေးနိုင်တာက အဲဒီ ဒေါ်အောင်ဆန်းစုကြည်ရဲ့ စည်းရုံးရေး ခရီးစဉ် အခွေတွေပဲ။ ဒါ စိတ်ကူးယဉ် မဟုတ်ဘူး။ လက်တွေ့ပဲ။

ဥက္ကဋ္ဌ ကိုမိုးသီးဇွန် ကိုယ်တိုင်လည်း ဒေါ်အောင်ဆန်းစုကြည်နဲ့အတူ မွန်ပြည်နယ်ခရီးစဉ် အတူ ထွက်ခဲ့ဖူးတာပါပဲ။ အဲဒီအချိန်က စစ်တပ်က အာဏာသိမ်းပြီးစ လွှင့်စင် ပြိုကွဲနေတဲ့ ဒီမိုကရေစီ အင်အားစုတွေကို ပြန်လည် စုစည်းဖို့ လူထုကို အကြောက်တရားက ဖယ်ရှားဖို့ ပြည်သူတွေကို ဒီမိုကရေစီတိုက်ပွဲ အတွေးအခေါ် တပ်ဆင်ပေးဖို့ ဒေါ်အောင်ဆန်းစုကြည် ကိုယ်တိုင် ခရီးတွေ မဖြစ်မနေ ထွက်နေရမှာပဲ။ ထွက်တဲ့ ခရီးစဉ်တိုင်းဟာလည်း နဝတ၊ နအဖ စစ်တပ်ရဲ့ ပိတ်ပင် တားဆီး အနှောင့်အယှက် အဟန့်အတား အမျိုးမျိုးကြားထဲက အသက်စွန့်ပြီး ထွက်ခဲ့ရတဲ့ ခရီးတွေချည်းပါပဲ။

အဲဒီလို ၁၉၈၉၊ ဇူလိုင် ပထမအကြိမ် နေအိမ်အကျယ်ချုပ် မကျခင်အထိ သွားခဲ့တဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ စည်းရုံးရေးခရီးစဉ်တွေဟာ ဒေါ်အောင်ဆန်းစုကြည် အထိန်းသိမ်းခံရပြီးတဲ့ နောက်မှာ ရုပ်သံမှတ်တမ်း ဗီဒီယိုခွေတွေ အဖြစ်နဲ့ လူထုကြားမှာ ပျံ့နှံ့ ရောက်ရှိသွားပါတယ်။ ဒီအခွေတွေဟာ ၁၉၉၀ ရွေးကောက်ပွဲမှာ အဲန်အယ်လ်ဒီ (NLD) အနိုင်ရဖို့ကိုလည်း တနည်းတလမ်းအားဖြင့် အထောက်အကူ ပြုနိုင်ခဲ့ပါတယ်။

ဒီလို ဒေါ်အောင်ဆန်းစုကြည် စည်းရုံးရေး ခရီးစဉ် ဗီဒီယိုခွေတွေကို လွယ်လွယ်ကူကူနဲ့ ရိုက်နိုင်ခဲ့တာတော့ မဟုတ်ပါဘူး။ ကျနော် ကိုယ်တွေ့ ဧရာဝတီတိုင်း အနောက်ခြမ်း စည်းရုံးရေး ခရီးစဉ်တုန်းကဆိုရင် ဒေါ်အောင်ဆန်းစုကြည် နဲ့အတူ ပါလာတဲ့ အဲန်အယ်လ်ဒီ (NLD) သတင်းနဲ့ ပြန်ကြားရေးအဖွဲ့က စာရေးဆရာတွေ၊ ကင်မရာမင်းတွေဟာ နဝတ အဖွဲ့ဝင် နတခ တိုင်းမှူး ဗိုလ်ချုပ်မြင့်အောင် လက်အောက်ခံ စစ်ဗိုလ်တွေ၊ စစ်သားတွေ၊ သေနတ်တွေကြားမှာ စွန့်စွန့်စားစား ရိုက်ခဲ့ရတာပါပဲ။

တသွေး တသံ တမိန့် ဖက်ဆစ်ဝါဒီ စစ်ဗိုလ်တချို့၊ စစ်သားတချို့ဟာ အင်မတန် ရန်လို ခက်ထန်ခဲ့ကြတာပါ။ စစ်အုပ်စုဟာ အထူးသဖြင့် မီဒီယာသမားတွေကို ပိုပြီး ရန်လို မုန်းတီး အပျောက်ရှင်းချင်တာပါ။ စစ်သားတွေ၊ သေနတ်တွေ၊ တင့်ကားတွေ၊ သံဆူးကြိုးတွေ ကြားမှာ ဗီဒီယို ကင်မရာ ထမ်းပြီး သတင်းယူနေရတဲ့သူအဖို့ အသက်ကို ဖက်နဲ့ ထုပ်ထားရတာပါပဲ။ လည်ပင်းမှာ ကင်မရာ လွယ်ထားတဲ့ သတင်းသမားဟာ စစ်တပ်ရဲ့ ပစ်မှတ် ဖြစ်နေတာပေါ့။

အဲဒီလို ခေတ်ပျက်ကြီးထဲမှာ စစ်သတင်းထောက်တွေလိုပဲ အဲန်အယ်လ်ဒီ (NLD) သတင်းနဲ့ ပြန်ကြားရေး အဖွဲ့ဝင်တွေဟာ ဒေါ်အောင်ဆန်းစုကြည် စည်းရုံးရေးခရီးစဉ်တွေကို သက်စွန့်စံဖျား ရိုက်ကူးခဲ့ကြရတာပါ။ အဲဒီတုန်းက အဲန်အယ်လ်ဒီ (NLD) ဗဟို သတင်းနဲ့ ပြန်ကြားရေးဌာန တာဝန်ခံက ရုပ်ရှင်မင်းသားကြီး ဦးအောင်လွင်ပါ။ စည်းရုံးရေး ခရီးစဉ် မှတ်တမ်းခွေတွေကို စနစ်တကျ တည်းဖြတ်၊ အသံထပ်၊ အခွေချော အဆင့်အထိ လုပ်ပေးနေတာက စာရေးဆရာ ဒါရိုက်တာ မောင်ခက်ပန်ပါ။ အခုတော့ သူ ကွယ်လွန်ခဲ့ပါပြီ။

မြန်မာပြည်မှာ Television Journalism ဆိုတာ အဲဒီတုန်းက ဆရာမောင်ခက်ပန်တို့ အဖွဲ့က စခဲ့တာလို့တောင် ပြောနိုင်ပါတယ်။ ခရီးစဉ်အခွေ ရိုက်တဲ့ ကင်မရာမင်းတွေရဲ့ ရိုက်ချက်တွေကလည်း အလွန် အနုပညာမြောက်လှပါတယ်။ ဥပမာ - ဘုရားရင်ပြင်တော်ပေါ်မှာ စစ်ဖိနပ်ကြီးနဲ့ သေနတ်ကြီးကိုင်ပြီး ကြောက်လန့်နေတဲ့ စစ်သားတယောက်နဲ့ ကျိုးကန်းတောင်းမှောက် သူ့ဘေးက ခွေးဝဲစား တကောင်ကို တွဲလျက် ရအောင် ရိုက်ထားတာမျိုးပါ။

အဲဒီအချိန်တွေက ဒီနေ့လို IT နည်းပညာ အားကောင်းသေးတာ မဟုတ်တော့ အဲဒီ ဒေါ်အောင်ဆန်းစုကြည် စည်းရုံးရေး ခရီးစဉ် ဗီဒီယိုခွေတွေကပဲ လူထုကို အကောင်းဆုံး စည်းရုံးနိုင်တဲ့ စည်းရုံးရေးလက်နက် ဖြစ်ခဲ့တာပါ။ အဲဒီလက်နက် ဘယ်လောက်ထက်သလဲဆိုရင် နဝတ၊ နအဖစစ်အုပ်စုက အခွေ လက်ဝယ်တွေ့တာနဲ့ မတရား ဖမ်းဆီး အမှုဆင် ထောင်ချတော့တာပဲ မဟုတ်လား။

အဲဒီလို ထက်မြက်တဲ့ လက်နက်တွေကို ရိုက်ကူးထုတ်လုပ်ပေးခဲ့တဲ့ စာရေးဆရာ၊ ဒါရိုက်တာ မောင်ခက်ပန်ကို ကျနော်တို့ ကျေးဇူးတင်ရပါမယ်။ သူဟာ တမလွန်မှာလည်း မပြီးဆုံးသေးတဲ့ ဒီမိုကရေစီ တိုက်ပွဲကို မှတ်တမ်းတင်နေဦးမယ်လို့ ယုံကြည်ပါတယ်။

ဆရာမောင်ခက်ပန် ကောင်းရာသုဂတိ ရောက်ပါစေ။ ။

## အရေးတော်ပုံ ရင်ခုန်သူများ (အမှတ် ၁၄)

*ဇန်နဝါရီ ၁၇၊ ၂၀၁၀*



*အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် အလံကို ရေးဆွဲသူ ပန်းချီဆရာမျိုးမြင့် (သရုပ်ဖော် အောင်လတ်)*

၁၉၈၉ ခုနှစ်၊ အဲန်အယ်လ်ဒီ (NLD) ရဲ့ ပထမဆုံး ပြည်ထောင်စုနေ့ အခမ်းအနား။ ရှမ်းပြည်နယ် တောင်ပိုင်း၊ ပင်လုံမြို့၊ ပင်လုံကျောက်တိုင်ရင်ပြင်။ အဲဒီမှာ ဒေါ်အောင်ဆန်းစုကြည်နဲ့ ဖိနိပ်ခံ တိုင်းရင်းသား လူမျိုးပေါင်းစုံက (၄၂) နှစ်မြောက် ပြည်ထောင်စုနေ့ အဓိဋ္ဌာန်ကို ရွတ်ဆိုခဲ့ကြတယ်။ ဒီအဓိဋ္ဌာန်ကို ရုပ်ရှင်မင်းသားကြီး အောင်လွင်က တိုင်ပေးပါတယ်။

> ကျွန်ုပ်တို့သည် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ နိုင်ငံ့ခေါင်းဆောင်ကြီးများ ပြုစုပျိုးထောင်ခဲ့သော ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး ထွန်းကားရန် အခြေခံအုတ်မြစ်ဖြစ်သည့် ပင်လုံစိတ်ဓာတ် ရှင်သန်ဖွံ့ဖြိုးရေးအတွက် လည်းကောင်း၊ ဒီမိုကရေစီ အရေးအခင်းတွင် သွေးမြေကျခဲ့ရသော ကျောင်းသား လူငယ်၊ ရဟန်းရှင် လူများ၏ သစ္စာကို စောင့်သိသောအားဖြင့် လူ့အခွင့်အရေးများကို အာမခံသည့် စစ်မှန်သော ဒီမိုကရေစီ ရရှိသည် အထိ လည်းကောင်း၊ ဖွဲ့ သတ္တိတို့ဖြင့် ညီညီညွတ်ညွတ် ကြိုးပမ်းသွားကြမည်ဟု အလေးအနက် အဓိဋ္ဌာန် ပြုပါ၏။

အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်ကို တည်ထောင်တဲ့ အချိန်မှာ အဖွဲ့ချုပ်ရဲ့ အလံဟာ ကျောင်းသားတွေကို ဂုဏ်ပြုတဲ့ ခွပ်ဒေါင်းအလံ ဖြစ်လာပါတယ်။ မပြီးဆုံးသေးတဲ့ ခေတ်သစ် ဖက်ဆစ်တော်လှန်ရေး၊ စစ်အာဏာရှင်စနစ် ဖြုတ်ချရေးအတွက် အနီခံမှာ ခွပ်ဒေါင်းအဝါရောင်နဲ့အတူ အဖြူရောင်ကြယ်ပွင့်ကြီးကို ထည့်သွင်းထားတဲ့ အလံတော် ပါပဲ။

ဒီအလံတော်ကို ရေးဆွဲပေးခဲ့သူက ပန်းချီမျိုးမြင့် ဖြစ်ပါတယ်။ ပန်းချီမျိုးမြင့်ဟာ တခါတုန်းက တိုက်ပွဲဝင် ကျောင်းသား အနုပညာရှင်တဦးပါ။

၁၉၇၄၊ ဦးသန့် ဈာပန အရေးအခင်း ဖြစ်တော့ ကျောင်းသားတွေက ရန်ကုန်တက္ကသိုလ် ဆဲဗင်းဂျူလိုင် ရင်ပြင်မှာ ကမ္ဘာ့ ငြိမ်းချမ်းရေး ဗိသုကာကြီး ဦးသန့်အုတ်ဂူ တည်ဆောက်ကြပါတယ်။ အုတ်ဂူမှာ သာသနအလံ၊ ခွပ်ဒေါင်းအလံ၊ ကုလသမဂ္ဂအလံ သုံးလက် ယှဉ်တွဲ လွှင့်ထူထားပါတယ်။ အုတ်ဂူနောက်ခံမှာ ဦးသန့်ပုံတူ ပန်းချီကားချပ်ကြီးကို ဆင်ယင် ချိတ်ဆွဲထားပါတယ်။ ဦးသန့် ပုံတူကို ရေးဆွဲခဲ့သူကတော့ တိုက်ပွဲဝင် ကျောင်းသား အနုပညာရှင် ပန်းချီမျိုးမြင့်ပါပဲ။

နောင် ၁၄ နှစ် အကြာမှာ သူဟာ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် အလံ၊ တနည်းအားဖြင့် ဒီမိုကရေစီ တော်လှန်ရေး အလံကို ရေးဆွဲတဲ့ ပန်းချီဆရာ ဖြစ်လာခဲ့ပါတယ်။

အခု ဒေါ်အောင်ဆန်းစုကြည်အိမ်က ရုံးခန်းမှာ ချိတ်ထားတဲ့ ဗိုလ်ချုပ်အောင်ဆန်းပုံတူ ပန်းချီကားကြီးဟာ ရုပ်ရှင် ဒါရိုက်တာ ပန်းချီစိုးမိုးရဲ့ လက်ရာ ဂန္ထဝင်မြောက် ပန်းချီကား ဖြစ်ပါတယ်။

၁၉၈၈ ခုနှစ်၊ ကျောင်းသားတွေ ဦးဆောင်တဲ့ ရှစ်လေးလုံး အရေးတော်ပုံမှာ ကျောင်းသား ပြည်သူတွေနဲ့ အတူ စာပေနဲ့ အနုပညာရှင်တွေလည်း တက်တက်ကြွကြွ ရဲရဲရင့်ရင့် ပါဝင်ခဲ့ကြပါတယ်။ စာပေလောကသားတွေ ဆိုရင်

စာရေးဆရာ၊ ကဗျာဆရာ၊ သတင်းစာဆရာတွေနဲ့ အပြိုင် ကာတွန်းဆရာတွေကလည်း သူတို့ရဲ့ ကာတွန်း ပိုစတာတွေနဲ့ မဆလ စစ်အုပ်စုကို သရော်ခဲ့၊ တိုက်ခိုက်ခဲ့တယ်။

ဓာတ်ပုံဆရာတွေကလည်း လူထုရဲ့ အရေးတော်ပုံကို သူတို့ ကင်မရာတွေနဲ့ အမိအရ မှတ်တမ်းတင်နိုင်ခဲ့ကြတယ်။

ပန်းချီဆရာတွေကကော။ ပန်းချီဆရာတွေက အနုပညာမြောက် ပိုစတာတိုက်ပွဲ ဆင်ခဲ့ကြတယ်။ အနုပညာမြောက် နဖူးစည်းတွေ ဆိုင်းဘုတ်တွေ အလံတွေ ထုတ်လုပ်ခဲ့ကြတယ်။ အနုပညာမြောက် ဆရာကြီး သခင်ကိုယ်တော်မှိုင်း၊ ဗိုလ်ချုပ်အောင်ဆန်း၊ ဗိုလ်အောင်ကျော်၊ ကိုဖုန်းမော်တို့ရဲ့ ပုံတူပန်းချီကားတွေ ရေးဆွဲပေးခဲ့ကြတယ်။

အဲဒီအထဲကမှ နောင်တော် ကဗျာဆရာ၊ ပန်းချီဆရာ တယောက်ကိုတော့ ကျနော့် ကိုယ်တွေ့အရမို့ အထူးသတိရ၊ အမြဲ အမှတ်ရနေပါတယ်။

ကျောင်းသားတွေရဲ့ တိုက်ပွဲအရှိန်ဟာ ဒီရေအလား တိုးတက် မြင့်မားလာပါတယ်။ သမ္မတကြီး ဦးနေဝင်း ဆင်းပြေးသွားရပါပြီ။ နောက်ထပ် တက်လာတဲ့ သမ္မတ ဦးစိန်လွင်လည်း အရှုံးမီးဝိုင်းဖြစ်ပြီး နုတ်ထွက်ပေးလိုက်ရပြန်ပြီ။ အခု ဒေါက်တာမောင်မောင် သမ္မတ ဖြစ်လာပြီး ကျောင်းသားသမဂ္ဂ အဆောက်အအုံသစ်ကြီးကို ပျော်ပျော်ပါးပါး အုတ်မြစ်ချကြတာပေါ့လို့ ပျားရည်နဲ့ ဝမ်းချလာတဲ့အချိန်။

ကျောင်းသားတွေ ဦးဆောင်တဲ့ လူထုတိုက်ပွဲဟာ အမြင့်ဆုံးအဆင့်ကို ရောက်လာပါပြီ။ အစိုးရဝန်ထမ်းတွေလည်း အုံနဲ့ကျင်းနဲ့ လမ်းပေါ်ထွက် ဆန္ဒပြလာကြပါပြီ။ ကြည်း-ရေ-လေ တပ်မတော်သား စစ်သည်တော် အမြောက်အမြားလည်း ကျောင်းသားပြည်သူတွေနဲ့ ပူးပေါင်းလာကြပါပြီ။ ဗိုလ်ချုပ်ကြီး(ဟောင်း) သူရဦးတင်ဦးတို့၊ ဆရာမောင်သော်ကတို့က ဒီမိုကရေစီ တိုက်ပွဲထဲ ဝင်လာတဲ့ ပြည်သူ့ဘက်သား စစ်သည်တော်တွေကို လှိုက်လှဲ နွေးထွေးစွာ ကြိုဆိုခဲ့ကြပါတယ်။

ဒါပေမဲ့ မဆလ စစ်ဗိုလ်ချုပ်တွေဟာ မည်းမည်းမြင် ရန်သူလို့ ထင်နေပါတယ်။ သူတို့ရဲ့ အမိန့်ပေးခံ လက်အောက်ခံ စစ်တပ်တွေက ဆန္ဒပြသမားတွေကို ရက်ရက်စက်စက် ပစ်ခတ် နှိမ်နင်းနေတုန်းပါ။

အဲဒီမှာ ကျွန်တော်တို့ရဲ့ နောင်တော် ကဗျာဆရာ၊ ပန်းချီဆရာဟာ သူ့စိတ်ထဲ မခံမရပ်နိုင် ဖြစ်လာပုံ ရပါတယ်။ သူက သင်္ဘောဆေး အနီတပုံး၊ စုတ်တံကြီးကြီး တချောင်းကိုင်ပြီး ပထမဆုံး အနော်ရထာလမ်းနဲ့ ဆူးလေလမ်းဆုံ ကတ္တရာလမ်းပေါ်မှာ တပ်မတော်အတွက် ပြည်သူ့အမိန့် ဆိုတဲ့ စာလုံးတွေ ရေးလိုက်ပြီး အောက်ကနေ ဂျီသရီး ဂျီဖိုးလို သေနတ်တလက်ရဲ့ ပြောင်းတံရှည်ကို တဝက်လောက်ကနေ နောက်ဖက် လှန်ချိုးထားတဲ့ ပုံအကြီးကြီး ရေးဆွဲလိုက်ပါတယ်။

သူရဲ့ ဒီတပ်မတော်အတွက် ပြည်သူ့အမိန့်ဆိုတဲ့ သေနတ်ပြောင်း နောက်လှန်ချိုးပုံဟာ ဒီမိုကရေစီ အင်အားစုတွေက ကူးယူရေးဆွဲလို့ နေရာတကာ ပျံ့နှံ့သွားပါတော့တယ်။ ဒါ့ထက် မှတ်မှတ်ရရ ဖြစ်ရတာကတော့ ဆန္ဒပြ ချီတက်ပွဲ တခုမှာ သူက သူ့ရဲ့ ဒီ သေနတ်ပြောင်း နောက်လှန်ချိုး ပိုစတာ စာရွက်တွေ တထပ်ကြီး ကျနော့လက်ထဲ ထည့်ပြီး တပ်ဦးက ချီတက်နေတဲ့ ရှေ့ဆုံးက ကျောင်းသားတွေလက်ထဲ ထည့်ပေးဖို့ တောင်းဆိုခဲ့တာပါပဲ။

အဲဒီနေ့က ဆန္ဒပြ စစ်ကြောင်းကြီးရဲ့ အလယ်လောက် ကျနော်တို့ မြန်မာနိုင်ငံ ကဗျာဆရာများ ဆိုင်းဘုတ်အောက်က လိုက်ပါချီတက်နေတဲ့ ကျနော်ဟာ နောင်တော်ကဗျာဆရာ ပန်းချီဆရာ ပေးလိုက်တဲ့ ပိုစတာ စာရွက်တွေ ပိုက်ပြီး ကိုက်သုံးလေးရာလောက် လှမ်းနေတဲ့ ရှေ့ဆုံးက တပ်ဦး ကျောင်းသားတွေ လက်ထဲအရောက် ပြေးပြီး ပို့ခဲ့ရတဲ့ အတွေ့အကြုံဟာ အခုနေ ပြန်တွေးရင် ကြည်နူးစရာ၊ ရင်ခုန်စရာ လုပ်ရပ်ကြီးပါ။

အလွမ်းတွေကို အင်အားအဖြစ် ပြောင်းလဲပစ်ရမယ်။

ဒီမိုကရေစီတိုက်ပွဲဝင် ပန်းချီဆရာတွေကို ကျနော် ဂုဏ်ပြုပါတယ်။ အနုပညာရှင်တွေဟာ ကျောင်းသား ပြည်သူတွေနဲ့အတူ လူထုအရေးတော်ပုံကို ဆက်လက်ယုံကြည် ရင်ခုန်နေကြဦးမယ်လို့လည်း ကျနော် မျှော်လင့်ပါတယ်။

ကျနော်တို့ခေတ်မှာ ကျနော်တို့ လုပ်နိုင်တာဟာ ကျနော်တို့ အနုပညာပဲ ရှိတာ မဟုတ်လား။ ။

**အရေးတော်ပုံ ရင်ခုန်သူများ (အမှတ် ၁၅)**

***ဇန်နဝါရီ ၃၀၊ ၂၀၁၀***




***ကဗျာဆရာ မုံရွာအောင်ရှင်***

အခုတလော မြန်မာနိုင်ငံ အကျဉ်းထောင် အသီးသီးထဲက ပြန်လွတ်လာတဲ့ နိုင်ငံရေးအကျဉ်းသားတွေထဲမှာ ကျနော်တို့ရဲ့ ရဲဘော်ကြီး ကဗျာဆရာ မုံရွာအောင်ရှင်လည်း အင်းစိန်ထောင်ကနေ ပြန်ထွက်လာပါတယ်။ ဆရာ မုံရွာအောင်ရှင်ကို စစ်အစိုးရက ၂၀၀၀ ပြည့်နှစ်မှာ ပုံနှိပ် အက်ဥပဒေတွေနဲ့ ထောင်ဒဏ် ၂၁ နှစ် ချခဲ့တာပါ။

ကျနော်တို့ တိုင်းပြည်မှာ စာပေအနုပညာ လွတ်လပ်ခွင့်ဟာ ဘယ်တုန်းကမှ မရှိခဲ့တာပါ။ ဘယ်ရှိပါ့မလဲ။ ကျနော်တို့ဟာ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးတွေ နှစ်ပေါင်းများစွာ အကြမ်းဖက် ချိုးဖောက်ခံနေရတဲ့ တိုင်းပြည်ပဲ။

အခုလို ပြန်လွတ်လာတဲ့ သူတွေထဲမှာ ၁၉၈၈ တုန်းက ဒီမိုကရေစီ အရေးအခင်းကို မှတ်တမ်းတင် ဗီဒီယို ရိုက်ကူးခဲ့တဲ့ တောင်ဥက္ကလာပက လောကနတ် ဦးဝင်းမြင့်လည်း ထောင်သက် ၂၁ နှစ်နဲ့ ပြန်လည် လွတ်မြောက်လာပါတယ်။ ရှစ်လေးလုံး အရေးတော်ပုံကို အနုပညာနဲ့ မှတ်တမ်းတင်ခဲ့လို့ စစ်အစိုးရက ဦးဝင်းမြင့်ကို သေဒဏ် အမိန့် ချမှတ်ခဲ့တာပါ။

စာပေမှာ လွတ်လပ်ခွင့် မရှိဘူး။ ရုပ်ရှင်၊ ဂီတ၊ ဇာတ်သဘင် ဘယ်နေရာမှာမှ လွတ်လပ်ခွင့် မရှိတဲ့ တိုင်းပြည်ဟာ ကျနော်တို့ တိုင်းပြည်ပါ။ အဲဒီလို လွတ်လပ်ခွင့် မရှိတဲ့ တိုင်းပြည်မှာ လွတ်လပ်ခွင့်ရဖို့ ကျောင်းသားတွေ၊ ပြည်သူတွေဟာ စစ်အစိုးရ အဆက်ဆက် တောင်းဆို တိုက်ပွဲဝင်ခဲ့ကြတာပါ။

စစ်အစိုးရဟာ သူ့ရဲ့ ဝါဒဖြန့် မုသာဝါဒ ပေါ်လစီ ယန္တရားတွေအဖြစ်နဲ့ သတင်းစာ၊ ရေဒီယိုနဲ့ ရုပ်မြင်သံကြားတွေကို တဖက်သတ် တွင်တွင်ကျယ်ကျယ် အသုံးချနေပါတယ်။ တဖက်က ပြည်သူလူထုရဲ့ လွတ်လပ်စွာ ပြောဆို ရေးသား ထုတ်ဝေခွင့်ကိုတော့ အပြတ်အသတ် ဖိနှိပ် ပိတ်ပင်ထားတာပါပဲ။

စစ်အစိုးရက ပိတ်ပင်ထား၊ ဖိနှိပ်ထားတဲ့ ကြားကပဲ မရ ရတဲ့နည်းနဲ့ တိုက်ပွဲဝင် ကျောင်းသား လူငယ်တွေဟာ စစ်အာဏာရှင် ဖြုတ်ချရေး၊ အစိုးရ ဆန့်ကျင်ရေး၊ လှုံ့ဆော် စာရွက်စာတမ်း စာစောင်တွေကို သက်စွန့်ဆံဖျား လျှို့ဝှက် ထုတ်လုပ် ဖြန့်ဝေခဲ့ကြပါတယ်။ ကျောင်းသား လူငယ်တွေဟာ ဘဝနဲ့ ရင်းပြီး ဒီအလုပ်ကို လုပ်ကြရတာပါ။ တချို့ အဖမ်းခံရပြီး အစိုးရ အကျဉ်းထောင်ထဲမှာ စစ်အုပ်စုရဲ့ နှိပ်စက် ညှဉ်းပန်းမှုကို အလူးအလဲ ခံခဲ့ကြရပါတယ်။

မကြာသေးခင်က ကော့သောင်းမြို့ အကျဉ်းထောင်ကနေ ပြန်လွတ်လာတဲ့ ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ်က လူငယ်တဦးဖြစ်တဲ့ ကိုထွန်းမင်းအောင် ဆိုရင် ၂၀၀၇၊ စက်တင်ဘာ ရွှေဝါရောင် တော်လှန်ရေးတုန်းက အစိုးရ ဆန့်ကျင်ရေး စာရွက်စာတမ်း ဖြန့်ဝေမှုနဲ့ ထောင်ဒဏ် ၂ နှစ်ခွဲ ချမှတ်ခံခဲ့ရသူပါ။

မဆလ၊ နဝတ၊ နအဖ စစ်အာဏာရှင် ခေတ်အဆက်ဆက် အစိုးရ ဆန့်ကျင်ရေး လျှို့ဝှက်စာရွက်စာတမ်း ဖြန့်တာတွေ၊ လျှို့ဝှက် ကဗျာစာအုပ် ထုတ်တာတွေဟာ တော်လှန် တိုးတက်တဲ့ ကျောင်းသား လူငယ်တွေကြားမှာ ဘယ်တုန်းကမှ တိမ်ကောမသွားခဲ့ပါဘူး။

၁၉၇၄၊ အလုပ်သမား အရေးအခင်းနဲ့ ဦးသန့်အရေးအခင်း၊ ၁၉၇၅၊ ရွှေတိဂုံ အထွေထွေ သပိတ်ကာလတွေမှာ ရန်ကုန်တက္ကသိုလ်မှာ "အင်ကြင်း" လို့ အမည်ရှိတဲ့ အစိုးရဆန့်ကျင်ရေး စာစောင်တခု လျှို့ဝှက် ပေါ်ထွက်ခဲ့ပါတယ်။

ကွယ်လွန်သူ ကဗျာဆရာ ကျော်ဝင်းမောင် (ရန်ကုန်တက္ကသိုလ်) တို့ရဲ့ အနုပညာ လက်ရာပါ။ အဲဒီအချိန်က ရန်ကုန်တက္ကသိုလ် နှစ်လည်မဂ္ဂဇင်း မျက်နှာဖုံးကို စစ်အစိုးက ပိတ်ပင်တားဆီး အရေးယူခဲ့ဖူးပါတယ်။

၁၉၇၆၊ မိုင်းရာပြည့် ဝန်းကျင်တဝိုက်ဟာ "တပေါင်း"၊ "ရေပူစီးကြောင်း"၊ "အရှေ့လေ" ဆိုတဲ့ အစိုးရ ဆန့်ကျင်ရေး မြေအောက် ကဗျာစာအုပ်တွေ ဆက်တိုက် ထွက်ပေါ်လာတဲ့ အချိန်ပါ။ မိုင်းရာပြည့် အလွန်မှာလည်း "မီးမောင်း" ဆိုပြီး အစိုးရဆန့်ကျင်ရေး စာစောင် ဖြန့်ဝေတဲ့ လှုပ်ရှားမှု ပေါ်ပေါက်ခဲ့ပါသေးတယ်။

အဲဒီလို အန္တရာယ်များလှတဲ့ စာစောင် ထုတ်ဝေမှုနဲ့ အဖမ်းခံရပြီး ထောင်ထဲရောက်သွားကြတဲ့ အခါမှာလည်း ကျောင်းသား လူငယ်တွေဟာ အကျဉ်းထောင်ထဲမှာ ထောင်အာဏာပိုင်တွေ မသိအောင် လျှို့ဝှက်ပြီး အစိုးရ ဆန့်ကျင်ရေး စာစောင်တွေ၊ သတင်းလွှာတွေ ထုတ်ခဲ့ကြတဲ့ သမိုင်းဟာ အခိုင်အမာ ရှိပါတယ်။

မနေ့တနေ့က ပြန်လွတ်မြောက်လာတဲ့ နိုင်ငံရေး အကျဉ်းသမားတဦး (ကျနော် အမည် မှတ်မထားလိုက်မိတာကို ခွင့်လွှတ်ပါ) သူဆိုရင် ထောင်ထဲမှာ မဂ္ဂဇင်း ထုတ်လို့ နောက်မှုတိုး၊ ထောင်ထပ်ကျပြီး နှစ်တွေ အများကြီး ပိုနေရခဲ့ရတယ်လို့ ဆိုပါတယ်။

မဆလခေတ်အလွန် နဝတခေတ်ဦး အင်းစိန် အကျဉ်းထောင်ထဲမှာ နိုင်ငံရေး အကျဉ်းသားတွေ လျှို့ဝှက် ထုတ်ဝေခဲ့ပြီး ဒီကနေ့အထိ လက်ဆင့်ကမ်း ထိန်းသိမ်းထားတဲ့ အဆင့်မြင့် လက်ရေးစာစောင်တခုကို ကျနော် လွတ်မြောက်နယ်မြေက အေအေပီပီ - နိုင်ငံရေး အကျဉ်းသားများ ကာကွယ်စောင့်ရှောက်ရေး အသင်းမှာ တွေ့ခဲ့ရပါတယ်။

ဆရာဦးဝင်းတင်တို့၊ ဆရာဇင်လင်းတို့၊ ဆရာမျိုးမြင့်ညိမ်းတို့လည်း အကျဉ်းထောင်ထဲမှာ ရတဲ့နည်းနဲ့ မပြတ်မနေ သတင်းစာ ထုတ်ခဲ့ကြတာကို ကျနော်တို့ လေးစား အသိအမှတ် ပြုကြရမှာပါ။

ကျနော်တို့ ကိုယ်တွေ့အရ ၁၉၈၉၊ အာဇာနည်နေ့ အရေးအခင်း နောက်ပိုင်း ပုသိမ် အကျဉ်းထောင်ထဲမှာ အဲန်အယ်လ်ဒီ (NLD) အဖွဲ့ဝင်တွေရယ်၊ လူ့ဘောင်သစ် ပါတီက လူငယ်တွေရယ်၊ ဗကသ ကျောင်းသားတွေရယ်၊ ဗကပ ၄၈၂၈ ယူဂျီတွေရယ် လေးတံခါး အတွင်းဘက် ကြိုးတိုက်နဲ့ သီးခြားတိုက်တွေမှာ နေကြရတော့ ကျနော်တို့တွေ ရတဲ့ စက္ကူ၊ ရတဲ့ ဘောပင်နဲ့ "အောင်ဆန်းဂျာနယ်" ကို တဆောင်ကနေ တဆောင်၊ တတိုက်ကနေ တတိုက် လျှို့ဝှက် လက်ဆင့်ကမ်း ဖြန့်ဝေပေးခဲ့ကြတာပါ။

အောင်ဆန်းဂျာနယ် အမှတ်စဉ် (၃) အထိ အောင်အောင်မြင်မြင် လုပ်နိုင်ခဲ့ပေမဲ့ ဂျာနယ် အမှတ်စဉ် (၄) ဖောင်ပိတ်နေတုန်းမှာပဲ ထောင်အာဏာပိုင်တွေနဲ့ စစ်ထောက်လှမ်းရေးတွေက မိသွားပြီး တာဝန်ခံလုပ်တဲ့ ကျနော် လက်ပါးတိုက်မှာ အနူတွေကြား တိုက်ပိတ်ခံခဲ့ရပါတယ်။

၁၉၉၀၊ ကျနော် ထောင်က ပြန်လွတ်လာတော့ ရွှေဂုံတိုင် အဲန်အယ်လ်ဒီ (NLD) ဌာနချုပ်မှာ မမျှော်လင့်ဘဲ အဲဒီ အောင်ဆန်းဂျာနယ်တွေထဲက အမှတ်စဉ် (၁) ကို အမှတ်တရ သိမ်းဆည်း ပြသထားတာ တွေ့ခဲ့ရပါသေးတယ်။

ထောင်အုတ်ရိုး အပြင်ဘက်မှာ ဘာစာပေ အနုပညာ လွတ်လပ်ခွင့်မှ မရှိပါဘူး။ ထောင်အုတ်ရိုး အတွင်းမှာတော့ ဆိုဖွယ်ရာ မရှိ၊ ပိုဆိုးပါတယ်။ အဲဒီ ဆိုးတဲ့ ကြားကပဲ ဘယ်ခေတ်မှာ ဖြစ်ဖြစ် ဘယ်အကျဉ်းထောင်မှာ ဖြစ်ဖြစ် ဦးမညွတ်တဲ့ နိုင်ငံရေး အကျဉ်းသားတွေရဲ့ အစိုးရ ဆန့်ကျင်ရေး လျှို့ဝှက် စာစောင်တွေကတော့ ထွက်ပေါ်နေဦးမှာပဲ မဟုတ်ပါလား။ ။

## အရေးတော်ပုံ ရင်ခုန်သူများ (အပိုင်း ၁၆)

*ဖေဖော်ဝါရီ ၇၊ ၂၀၁၀*



*တင်မိုး (သရုပ်ဖော် - အောင်လတ်)*

ဆရာဦးဝင်းတင်က သူ ထောင်ကလွတ်လာတဲ့ တနှစ်ပြည့်နေ့မှာ သူ့ကိုယ်သူ အရေးတော်ပုံ တပ်သားကြီး တယောက် ပါလို့ ပြောတာ ကြားလိုက်ရတော့ တိုင်းပြည်ကို စွန့်ခွာခဲ့ရတဲ့ အရေးတော်ပုံ တပ်သားကြီး တယောက်ကို ကျနော် ပြေးမြင် အမှတ်ရလာမိပါတယ်။

အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်ကြီး တည်ထောင်ခဲ့ပြီးတဲ့နောက် ၁၉၈၉ ခုနှစ်၊ မေလ ၁၂ ရက်နေ့မှာ ရန်ကုန်မြို့ ၃၇ လမ်း၊ အမှတ် ၂၄၅ မှာ ရှိတဲ့ မဟာနန္ဒ ပုံနှိပ်တိုက်ကို နဝတ စစ်ထောက်လှမ်းရေးတွေက ဝင်ရောက် စီးနင်းပြီး အဲဒီမှာရှိနေတဲ့ အဲန်အယ်လ်ဒီ (NLD) ရဲ့ စာရွက်စာတမ်းတွေကို တရားမဝင် စာရွက်စာတမ်းတွေ ဆိုပြီး သိမ်းဆည်းလိုက်ရုံမက ပိုင်ရှင်နဲ့ ပုံနှိပ်တိုက်ကိုပါ တရားမဝင် စာရွက်စာတမ်း ရိုက်နှိပ်မှုနဲ့ တရားစွဲဆို ချိတ်ပိတ်လိုက်ပါတော့တယ်။

အဲန်အယ်လ်ဒီ (NLD) လို တရားဝင် နိုင်ငံရေးပါတီ တခုဟာ နဝတ စစ်အာဏာရှင် စနစ်အောက်မှာ တရားမဝင် ဖြစ်ခဲ့ရတဲ့ သာဓက တခုပါပဲ။

မေလ ၂၆ ကျတော့ နဝတက သူတို့ရဲ့ အကြိမ် (၄၀) မြောက် သတင်းစာ ရှင်းလင်းပွဲ လုပ်ပါတယ်။ ၁၉၆၂၊ ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ မှတ်ပုံတင် ဥပဒေ ဆိုတဲ့ ပုံနှိပ်အက်နဲ့ နဝတက အဲန်အယ်လ်ဒီ (NLD) အပါအဝင် နိုင်ငံရေး ပါတီတွေကို ခြိမ်းခြောက်လိုက်ပါပြီ။

နဝတရဲ့ မတရားတဲ့ အမိန့်တွေ၊ မတရားတဲ့ အာဏာတွေကို ဒီအတိုင်း ခေါင်းငုံ့ လက်ပိုက် နားထောင်ကြမလား။ အန်တု ရင်ဆိုင် ဖီဆန်ကြမလား။ ဒေါ်အောင်ဆန်းစုကြည်ရဲ့ သဘောထားကတော့ - "ဒီဟာက တရားမျှတတဲ့ ဥပဒေ မဟုတ်ဘူး။ အမိန့် အာဏာဆိုး တခုသာ ဖြစ်တယ်။ အမိန့်အာဏာဆိုး တခုဖြစ်လို့ ဖီဆန်ရမှာပဲ ဖြစ်တယ်။ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် အနေနဲ့ ဆက်ပြီး စာရွက်စာတမ်းတွေကို ပုံနှိပ်မယ်၊ ထုတ်ဝေ ဖြန့်ချိသွားမယ်။ ပြီးရင် ဒီမိုကရေစီ လိုလားတဲ့ ရဲဘော်ရဲဘက်များနဲ့ ပြည်သူလူထုကြီး တရပ်လုံးကို အာဏာဖီဆန်ရေး လှုပ်ရှားမှုကြီးမှာ ပါဝင်လာအောင် လုပ်ရမယ်"

ဒေါ်အောင်ဆန်းစုကြည် ဒီလိုဆိုပါတယ်။ မေလ ၂၈ ရက်နေ့မှာတော့ ဒေါ်အောင်ဆန်းစုကြည် တတ်သိပညာရှင်တွေနဲ့ အာဏာဖီဆန်ရေး ကိစ္စ ဆွေးနွေးတိုင်ပင် ညှိနှိုင်းပါတယ်။ ဆရာမောင်သော်က က ဟင်နရီ ဒေးဗစ် သော်ရိုးရဲ့ အင်္ဂလိပ်စာသားကို မြန်မာပြန်ပြီး "အများပြည်သူ သဘောမတူတဲ့ အမိန့်အာဏာ ဟူသမျှ ဖီဆန်ကြ" လို့ အဆိုပြုပါတယ်။ အဲဒီမှာ ဒေါ်အောင်ဆန်းစုကြည်က "တာဝန်အရ" ဆိုတဲ့ စာသားကို ဖြည့်စွက် အကြံပြုလိုက်တော့ နောက်ဆုံးမှာ "အများပြည်သူ သဘောမတူတဲ့ အမိန့်အာဏာ ဟူသမျှ  တာဝန်အရ ဖီဆန်ကြ" ဆိုတဲ့ အဲန်အယ်လ်ဒီ (NLD) ရဲ့ ကြွေးကြော်သံ ထွက်ပေါ်လာခဲ့ပါတယ်။

အဲန်အယ်လ်ဒီ (NLD) သမိုင်းမှာ အင်မတန် အရေးကြီးတဲ့ အဲဒီ အာဏာဖီဆန်ရေး အစည်းအဝေးမှာ ကျနော်တို့ လွမ်းတဲ့ တိုင်းပြည်ကို စွန့်ခွာခဲ့တဲ့ အရေးတော်ပုံတပ်သားကြီး ဆရာဦးတင်မိုးလည်း တက်ရောက်ခဲ့ရတာပေါ့။ ဦးဝင်းတင်၊ မောင်သော်က၊ ဒေါ်မြင့်မြင့်ခင်၊ စမ်းစမ်းနွဲ့ (သာယာဝတီ)၊ မောင်ကိုယု၊ မောင်ဝံသ၊ မောင်ခက်ပန် စတဲ့ စာရေးဆရာတွေ၊ တတ်သိပညာရှင်တွေနဲ့အတူ ဆရာဦးတင်မိုး ပါဝင် တက်ရောက်ခဲ့တာပဲပေါ့။

ဆရာဦးတင်မိုးဟာ ဒီမိုကရေစီ အရေးတော်ပုံကြီး တရပ်လုံးကို ကိုယ်စားပြုနိုင်တဲ့ တိုင်းပြုပြည်ပြု ကဗျာဆရာ တယောက်ပါ။ ဒီမိုကရေစီ အရေးတော်ပုံ စာဆိုလို့ တင်စားရပါမယ်။ အဲန်အယ်လ်ဒီ (NLD) နဲ့ ဆရာဦးတင်မိုး ဘယ်လိုမှ ခွဲခြားလို့ မရတာမို့ ဆရာ့ကို အဲန်အယ်လ်ဒီ (NLD) စာဆိုလို့လည်း ဆရာဦးကြည်အောင်၊ ဆရာဦးကိုလေး တို့နဲ့အတူ သတ်မှတ် ဂုဏ်ပြုပါသေးတယ်။

ဒေါ်ခင်ကြည် စျာပနမှာ လက်ကမ်းဝေငှတဲ့ ဆရာ့ရဲ့ နာမည်ကျော် "သမီးလက်သို့ သပြေခက်" ကဗျာဟာ တနိုင်ငံလုံးကို ပျံ့နှံ့သွားပါတယ်။ မြန်မာ့ ဒီမိုကရေစီတိုက်ပွဲထဲကို ဒေါ်အောင်ဆန်းစုကြည် ဝင်လာကတည်းက ဆရာဦးတင်မိုးတို့ ရေးဖော်တသိုက် ခေတ်ပြိုင်တသိုက်ဟာ ရဲရဲဝံ့ဝံ့ ဝန်းရံပေးခဲ့ကြတယ်။ အဲန်အယ်လ်ဒီ (NLD) မှာ တတ်သိပညာရှင်အဖွဲ့ ဖွဲ့ဖို့ အစည်းအဝေးလုပ်တော့ သဘာပတိက ဆရာဦးတင်မိုးပါ။

၉၀ ရွေးကောက်ပွဲ ဝင်တုန်းက "ငုနဲ့ ပိတောက် နွေမှာ လှိုင်မယ်၊ စုနဲ့ ခမောက် မေမှာ နိုင်မယ်" ဆိုတဲ့ ကြွေးကြော်သံ ရေးတာ ဆရာဦးတင်မိုးပါ။ ၁၉၉၁ မှာ ဆရာ ပေဖူးလွှာ မဂ္ဂဇင်း အယ်ဒီတာချုပ် လုပ်နေတုန်း စစ်အစိုးရက ဆရာ့ကို ဖမ်းဆီး ထောင်ချလိုက်ပါတယ်။ ၁၉၉၅ မှာ ဆရာ ထောင်က ပြန်လွတ်လာပြီး ကဗျာတွေ ဆက်ရေးပါတယ်။

ဒါပေမဲ့ တိုင်းပြည်နဲ့ လူမျိုးကို အင်မတန်ချစ်တဲ့ အညာသားကြီး မြန်မာသားကြီး ဆရာဟာ မင်းဆိုး မင်းညစ်တွေ လက်အောက်မှာ ဆက်နေလို့ မရတော့တဲ့အဆုံး ၁၉၉၉ မှာ တိုင်းပြည်ကို စွန့်ခွာခဲ့ရပါတော့တယ်။ ပြည်ပကနေ မြန်မာ့အရေးတွေကို အပတ်တကုတ် ဆောင်ရွက်တယ်၊ တိုက်ပွဲဝင် ကဗျာတွေ အဆက်မပြတ် ရေးဖွဲ့တယ်။ တိုင်းပြည်လွမ်းစိတ်နဲ့ ဆရာ အသက်ရှင်ခဲ့တယ်။

၂၀၀၇၊ ဇန်နဝါရီ ၂၂ ရက်မှာ ဆရာ အမေရိကန် ပြည်ထောင်စု ကယ်လီဖိုးနီးယားမှာ ကွယ်လွန်တော့ ရန်ကုန်မှာ ကျနော်တို့ ဆရာ့ကို ဂုဏ်ပြုတဲ့ အခမ်းအနား လုပ်ပါတယ်။ အင်းစိန် မင်းကြီးလမ်းမပေါ်က ဆရာ့ရဲ့ ဂျပန်အိမ်ကလေးမှာလုပ်တဲ့ ရက်လည်ဆွမ်းကျွေးကို ရန်ကုန် တမြို့လုံးက အဲန်အယ်လ်ဒီ (NLD) အဖွဲ့ဝင်တွေ ကျောင်းသားတွေ ပြည်သူတွေ အင်နဲ့အားနဲ့ လာကြပါတယ်။ ဆရာ့အိမ်ရှေ့ ဝဲယာမှာ နအဖ စစ်ထောက်လှမ်းရေးနဲ့ ကြံ့ဖွံ့ စွမ်းအားရှင်တွေ ခြေချင်း လိမ်နေတာပါပဲ။



လူစုံတဲ့ အချိန်မှာ ကျနော်တို့ ကာယကံရှင် ဆရာ့ သမီးတွေဆီမှာ ခွင့်ပန်ပြီး ဆရာ့ကို ဂုဏ်ပြုတဲ့ အခမ်းအနား စလိုက်ပါတယ်။ ပန်းချီ မောင်မောင်သိုက် ရေးဆွဲပေးတဲ့ ဆရာ့ ပုံတူ ပန်းချီကားကို ကျောင်းသား နှစ်ယောက်က ကိုင်မြှောက်ပေးထားပါတယ်။ ပရိသတ်က ကြေကွဲ တိတ်ဆိတ်နေပါပြီ။ ပထမဆုံး ၈၈ မျိုးဆက် ကျောင်းသားများ ကိုယ်စား ကိုမင်းကိုနိုင် ဂုဏ်ပြုစကား ပြောပါတယ်။ ဒုတိယ အနေနဲ့ ၁၉၆၂ ဆဲဗင်းဂျူလိုင် တကသ၊ ဗကသ ခေါင်းဆောင် ဘိုကလေး ဦးလှရွှေက ဂုဏ်ပြုစကား ပြောပါတယ်။ အခမ်းအနား တက်ရောက် လာသူ အားလုံး ဆရာ့ကို နှလုံးသားထဲကနေ အလေးနီ ပြုခဲ့ကြပါတယ်။

ဆရာ့ ရက်လည် ဆွမ်းကျွေးပွဲဟာ နိုင်ငံရေး အသွင်ကို အများကြီး ဆောင်သွားခဲ့ပါတယ်။ ပြည်တွင်းမှာ ဒီလို အခမ်းအနားမျိုးဟာ နအဖ စစ်ထောက်လှမ်းရေးတွေ၊ ကြံ့ဖွံ့၊ စွမ်းအားရှင်တွေအတွက် အတော့်ကို မခံမရပ်နိုင်စရာ မျက်မုန်းကျိုးစရာ ဖြစ်ခဲ့မှာပါ။

ကျနော်တို့ရဲ့ ရုပ်ခန္ဓာကိုသာ သူတို့ ချုံးနှိမ်လို့ရမှာပါ။ ကျနော်တို့ရဲ့ စိတ်၊ ကျနော်တိုရဲ့ ဝိညာဉ်၊ ကျနော်တို့ရဲ့ သတ္တိတွေကိုတော့ သူတို့ ချုံးနှိမ်လို့ မရပါဘူး။

အဲဒီနေ့က ကျနော်တို့ဟာ နအဖ စစ်အစိုးရက ဘယ်လောက် ဖိနှိပ်ဖိနှိပ် ဘယ်လောက် ခြိမ်းခြောက် ခြိမ်းခြောက် အဲဒီလို ဒီမိုကရေစီ အရေးတော်ပုံအတွက် အသက်စွန့်သွားတဲ့ အနစ်နာခံသွားတဲ့ သူတွေအပေါ်မှာ အသက်ရှင် ကျန်နေတဲ့သူတွေက အသိအမှတ်ပြု လေးစားဂုဏ်ယူကြောင်း ရဲရဲဝံ့ဝံ့ လူသိရှင်ကြား ထုတ်ဖော်ပြသရဲရမယ် ဆိုတဲ့ အစဉ်အလာကောင်းတရပ်ကို ဆက်ခံ နှလုံးသွင်းနိုင်ခဲ့ကြတာပဲ မဟုတ်လား။

ဆရာတင်မိုးကား ကွယ်လွန်လေပြီ။

ဆရာတင်မိုးသည် သက်တော် ရာကျော် ရှည်ပါစေသတည်း။ ။



အောင်ဝေး

**အရေးတော်ပုံ ရင်ခုန်သူများ (အပိုင်း ၁၇)**
***ဖေဖော်ဝါရီ ၁၄၊ ၂၀၁၀***



*ကိုလေး (အင်းဝဂုဏ်ရည်) နှင့် ကြည်အောင် (သရုပ်ဖော်-အောင်လတ်)*

ကျနော်တို့ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ဟာ သူ့ ဖခင် ဗိုလ်ချုပ်အောင်ဆန်းလိုပဲ မြန်မာစာပေ အနုပညာနဲ့ ကင်းကွာတဲ့သူတယောက် မဟုတ်ပါဘူး။ တိုင်းတပါးမှာ အခြေအနေအရ အနေကြာခဲ့ပေမဲ့ ဒေါ်အောင်ဆန်းစုကြည်ဟာ မြန်မာစာပေ၊ မြန်မာ အနုပညာတွေကို မပြတ်လေ့လာ ဆည်းပူးနိုင်ခဲ့တဲ့သူပါ။ နိုင်ငံခြားရောက်နေပေမဲ့ မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့နိုင်ငံရေးနဲ့ ဘယ်တုန်းကမှ မျက်ခြည်မပြတ်ခဲ့တဲ့သူပါပဲ။

အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် - အဲန်အယ်လ်ဒီ (NLD) ကို တည်ထောင်ကြတဲ့ အခါမှာတော့ စာပေနဲ့ အနုပညာရှင်တွေဟာ မျိုးချစ်ရဲဘော်ဟောင်း တပ်မှူးဟောင်းတွေနဲ့အတူ ဒေါ်အောင်ဆန်းစုကြည်ကို ဝန်းရံခဲ့တဲ့အခါက အင်အားစုကြီး တခုအဖြစ် ရပ်တည် ပါဝင်ခဲ့တာပဲ မဟုတ်လား။

ဒေါ်အောင်ဆန်းစုကြည်ကလည်း စာပေနဲ့ အနုပညာရှင်တွေ အပေါ်မှာ တန်ဖိုးထား၊ လေးစား၊ အားကိုးခဲ့တာပါပဲ။ ဒါကြောင့်လည်း ၁၉၉၀ ရွေးကောက်ပွဲ သမိုင်းတကွေ့မှာ ဆရာကြီး မင်းသုဝဏ်တို့၊ ဆရာ ဇန်းမော်ညိုနွဲ့ တို့လို ကဗျာဆရာကြီးတွေက အစ ဒေါ်အောင်ဆန်းစုကြည်ရဲ့ အဲန်အယ်လ်ဒီ (NLD) ဘက်က ဝင်ရောက် အရွေးခံ ရပ်တည်ပေးခဲ့ကြတာလည်း မဟုတ်ပါလား။

ဒေါ်အောင်ဆန်းစုကြည်နဲ့ မြန်မာစာရေးဆရာ၊ ကဗျာဆရာ၊ သတင်းစာဆရာတွေဟာ ဒေါ်အောင်ဆန်းစုကြည် မြန်မာပြည် ပြန်ရောက်လာမှ ရင်းနှီးကြ ကျွမ်းဝင်ကြတာတော့ မဟုတ်ပါဘူး။ ဥပမာ - ဆရာတင်မိုး ဆိုရင် ဟိုအရင် ရှေးဦးမဆွ ရှစ်လေးလုံး အရေးတော်ပုံကြီး မတိုင်ခင်ကတည်းက ဒေါ်အောင်ဆန်းစုကြည်နဲ့ ပုဂ္ဂိုလ်ရေး အင်မတန် ရင်းနှီးခင်မင်နေကြပြီး ဖြစ်ပါတယ်။

ဒေါ်အောင်ဆန်းစုကြည် မြန်မာ့ဒီမိုကရေစီ တိုက်ပွဲထဲ ခြေစုံပစ် ဝင်ရောက်လာတဲ့ အချိန်မှာတော့ ဆရာဦးတင်မိုးတို့ အထက်အညာက ဆင်းလာတဲ့ ဆရာမောင်စွမ်းရည်၊ ဆရာမောင်သာနိုး၊ ဆရာမောင်မိုးသူ၊ မုံရွာဦးတင်ရွှေ၊ ဒါရိုက်တာ ဝင်းဖေ၊ ပန်းချီ ပေါ်ဦးသက်တို့ဟာ ရန်ကုန်က ဆရာဦးဝင်းတင်၊ ဆရာမောင်သော်က၊ ဆရာမောင်ဝံသ စတဲ့ စာပေ အနုပညာရှင်တွေနဲ့ အတူပဲ ဒေါ်အောင်ဆန်းစုကြည် အနားမှာ ရပ်တည် ဝန်းရံပေးခဲ့ကြတာပဲ မဟုတ်ပါလား။

အရေးတော်ပုံကာလ အရေးအကြီးဆုံး အချိန်တွေမှာ အဲဒီလို မန္တလေးသား စာရေးဆရာများလို့ ဆိုကြတဲ့ ဆရာဦးတင်မိုးတို့၊ ဆရာမောင်စွမ်းရည်တို့ ရေးဖော်ရေးဖက် တသိုက်ဟာ အခြား တက်ကြွတဲ့ စာပေသမားတွေနဲ့အတူ ရန်ကုန်မှာ ဆရာဇော်ဂျီ၊ ဆရာမင်းသုဝဏ်တို့ကို အကြီးအမှူးထားပြီး ဒီမိုကရေစီ အင်အားစုတွေ၊ ဗကသ၊ တကာသ ကျောင်းသား အင်အားစုတွေရဲ့ အနီးကပ်မှာ တိုင်ပင်ဖော် တိုင်ပင်ဖက်တွေအဖြစ် ရှိနေခဲ့ကြတာပါ။

ဒါပေမဲ့ ဆရာကြည်အောင်နဲ့ ဆရာ ကိုလေး (အင်းဝဂုဏ်ရည်) တို့ နှစ်ဦးကတော့ အထက်အညာ အင်းဝမှာပဲ နေကြသူတွေ ဖြစ်တာမို့ အရေးတော်ပုံကာလထဲ ဆရာဂျမ်းတို့ ဆရာစွမ်းတို့နဲ့အတူ ရန်ကုန်မှာ မနေနိုင်ပေမဲ့ ဦးကြည်အောင်တို့ ဦးကိုလေးတို့က မန္တလေးမှာ အမေလူထုဒေါ်အမာကို နာယကထားပြီး ဒီမိုကရေစီ တိုက်ပွဲ ဝင်ခဲ့ကြတာပါ။

ဆရာကြည်အောင်တို့ ကိုလေး (အင်းဝဂုဏ်ရည်) တို့ဟာ ရန်ကုန်မှာ ဒေါ်အောင်ဆန်းစုကြည်ကို အနီးကပ် ဝန်းရံမပေးနိုင်ကြပေမဲ့ မန္တလေးကနေ အဝေးရောက် ထောက်ခံ အားပေးခဲ့ကြတာပါ။

အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်ကြီး တည်ထောင်ပြီးတဲ့နောက်မှာ အဖွဲ့ချုပ် ဗဟိုမှာ အခါအားလျော်စွာ နေ့ကြီး ရက်ကြီးတွေမှာ ပွဲလမ်း အခမ်းအနားတွေ ကျင်းပ ပြုလုပ်လေ့ ရှိပါတယ်။ ၁၉၈၉ ခုနှစ်၊ အဲန်အယ်လ်ဒီ (NLD) သင်္ကြန် မှာ သံချပ်ပြိုင်ပွဲတွေ စည်ကား သိုက်မြိုက်စွာ ကျင်းပခဲ့တာမျိုးပေ့ါ။ ပြီးတော့ အဲန်အယ်လ်ဒီ (NLD) ဗဟိုက ပြင်ပ စာရေးဆရာတွေကို ဖိတ်ခေါ်ပြီး ဟောပြောပွဲတွေလည်း လုပ်လေ့ ရှိပါသေးတယ်။ ဆရာဦးခင်မောင်လတ်နဲ့ ဆရာမကြီး ဒေါ်ခင်မျိုးချစ်တို့ ဇနီးမောင်နှံ ဆိုရင် အဲန်အယ်လ်ဒီ (NLD) ရဲ့ အမာခံ ဟောပြောသူတွေပေ့ါ။

အဲဒီလို နေ့ထူး နေ့မြတ် အထိမ်းအမှတ် ဟောပြောပွဲတွေထဲက တခုဖြစ်တဲ့ အမျိုးသားနေ့ ဟောပြောပွဲ ဆိုရင် တော့ ကွာခြားချက်က နှစ်စဉ်နှစ်တိုင်း ဟောပြောတဲ့သူ မပြောင်းတာပါပဲ။ အမျိုးသားနေ့ ရောက်တိုင်း အဲန်အယ်လ်ဒီ (NLD) ဌာနချုပ်ဟာ မန္တလေး အင်းဝမှာ နေထိုင်ကြတဲ့ ဆရာဦးကြည်အောင်နဲ့ ဦးကိုလေးတို့ကို ဖိတ်တာပါပဲ။ ဖိတ်တဲ့ သူကလည်း နှစ်စဉ် မပျက်မကွက် ဖိတ်သလို ဟောပြောတဲ့ သူတွေကလည်း နှစ်စဉ် မပျက်မကွက် လာရောက် ဟော ပြောခဲ့တာပါပဲ။

ဆရာကြည်အောင်တို့ ကိုလေး (အင်းဝဂုဏ်ရည်) တို့ ဆိုတာ မန္တလေး တက္ကသိုလ် ကျောင်းထွက်တွေ ဖြစ်ကြတဲ့အလျောက် ဆရာကြီး သခင်ကိုယ်တော်မှိုင်းရဲ့ မဟာကဗျာ လေးချိုးကြီးတွေက အစ မြန်မာ ရှေးဟောင်း စာပေတွေထဲက ရတု၊ ရကန်၊ အဲ၊ အန်၊ လူးတား စတဲ့ ဂန္ထဝင် လက်ရာတွေကို စနစ်တကျ ရွတ်ဆို ရှင်းပြနိုင်ကြတဲ့ စာပေ ဝမ်းစာကြီးသူတွေပါ။

သူတို့နှစ်ဦး အဲန်အယ်လ်ဒီ (NLD) ဌာနချုပ်မှာ နှစ်စဉ် ဟောတာပြောတာတွေကို ဒေါ်အောင်ဆန်းစုကြည် ကအစ အဲန်အယ်လ်ဒီ (NLD) က လူငယ်တွေ အားလုံး အလွန် နှစ်သက် အားပေးကြပါတယ်။ ဒေါ်အောင်ဆန်း စုကြည်က ဆရာနှစ်ယောက်အတွက် နိုင်ငံခြားက ကဗျာစာအုပ်တွေ မှာပြီး ဂုဏ်ပြုလက်ဆောင် ချီးမြှင့်ပါတယ်။

နှစ်စဉ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက် အမျိုးသားနေ့ နီးပြီ ဆိုရင် ဆရာကြည်အောင်နဲ့ ဆရာ ကိုလေး (အင်းဝဂုဏ်ရည်) တို့ ရဲနှစ်ဖော် မန္တလေးကနေ ရန်ကုန်ကို ဆင်းချလာပါပြီ။ ရန်ကုန်ရောက်ရင် ကျနော်တို့ စာပေ သမားတွေ စုဝေးရာ ၃၃ လမ်းထဲက လေထန်ကုန်း လက်ဖက်ရည်ဆိုင်ကို ဒီဆရာသမား နှစ်ယောက် အမြဲ ရောက်လာ နေကျ၊ ကျနော်တို့ လူငယ်တွေနဲ့ အမြဲ လွတ်လွတ်လပ်လပ် တွေ့ဆုံနေကျပါ။

ဒါပေမဲ့ နောက်ပိုင်းနှစ်တွေမှာတော့ နအဖ အာဏာပိုင်တွေ၊ စစ်ထောက်လှမ်းရေးတွေက ဆရာတို့ရဲ့ ခရီးသွားလာမှု၊ တည်းခို နေထိုင်မှုတို့မှာ နှောင့်ယှက် ဟန့်တားတာမျိုး ကန့်သတ်၊ ပိတ်ပင်တာမျိုးတွေ လုပ်လာပါတယ်။ စစ်ထောက်လှမ်းရေးက စီစဉ် သတ်မှတ်ပေးတဲ့ နေရာမှာပဲ တည်းခိုရမယ်တို့ ဘယ်မသွားရ ဘာမလုပ်ရ ဆိုတဲ့ မလို လားအပ်တဲ့ အမိန့်မျိုးတွေ ထုတ်လာတဲ့အထိ နအဖက ယုတ်မာလာပါတယ်။


ဆရာဦးကြည်အောင်တို့ ဆရာဦးကိုလေးတို့ကို နအဖက ဖမ်းတော့ မဖမ်းရဲပါဘူး။ အခုလို စိတ်အနှောင့် အယှက် ဖြစ်အောင်တော့ အမြဲ လုပ်ပါတယ်။

"ဖိတ်တဲ့သူက ဖိတ်ရဲမှတော့ အဖိတ်ခံရတဲ့သူက ဘာ့ကြောင့် မဟောရဲရမှာလဲ" ဆိုတဲ့ မန္တလေး တက္ကသိုလ် ကျောင်းသားသမဂ္ဂ ခေါင်းဆောင် တဦးဖြစ်ခဲ့တဲ့ ဆရာကြည်အောင်ရဲ့ တုံ့ပြန်ချက်ကို ကျနော် အမြဲ အမှတ်ရနေဆဲပါ။

အခုတော့ ဆရာကြည်အောင် ကွယ်လွန်ခဲ့ပါပြီ။

မပြီးဆုံးသေးတဲ့ ဒီမိုကရေစီ တိုက်ပွဲအတွက် ကဗျာဆရာကြီးတွေ တယောက်ပြီးတယောက် ပေးဆပ်ခဲ့ကြပါပြီ။ ပေးဆပ်သူတွေရဲ့ နှလုံးသားကို ကျနော်တို့ ဂုဏ်ယူ မြတ်နိုး တန်ဖိုးထား လေးစားကြပါစို့။ ။

## အရေးတော်ပုံ ရင်ခုန်သူများ (အပိုင်း ၁၈)
*ဖေဖော်ဝါရီ ၂၃၊ ၂၀၁၀*



*(သရုပ်ဖော် အောင်လတ်)*

အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်ကြီး တည်ထောင်စဉ်က စပြီး ဒီကနေ့အချိန်အထိ အဖွဲ့ချုပ်ကြီးရဲ့ နိုင်ငံရေး၊ စည်းရုံးရေး၊ ဖွံ့ဖြိုးရေး စတဲ့ လုပ်ငန်းတွေဟာ ဘာတခုမှ လွတ်လွတ်လပ်လပ် လုပ်ကိုင် ဆောင်ရွက်ခဲ့ရတယ်လို့ မရှိခဲ့ပါဘူး။

အဖွဲ့ချုပ်ကြီးရဲ့ လုပ်ငန်းဆောင်တာ အဝဝဟာ နဝတ၊ နအဖ စစ်အစိုးရတွေရဲ့ မတရားတဲ့ ဥပဒေ အမျိုးမျိုး၊ အမိန့်အာဏာ အမျိုးမျိုးအောက်မှာ အစစအရာရာ ကန့်သတ်ပိတ်ပင် တားမြစ်ခံခဲ့ရတာပါပဲ။ ဥပမာ - အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်ကြီး ၁၉၉၀၊ ရွေးကောက်ပွဲ အနိုင်ရပြီးလို့ ဂန္ဒီအစည်းအဝေး ကျင်းပခဲ့စဉ်က ဖြစ်ပါတယ်။ ရွေးကောက်ပွဲ အပြီး ရက်ပေါင်း ၆၀ အတွင်း လွှတ်တော် ခေါ်ယူရေးနဲ့ ပတ်သက်တဲ့ ရန်ကုန်မြို့ ဗိုလ်အောင်ကျော်လမ်း မဟတ္တမ ဂန္ဒီ ခန်းမမှာ ကျင်းပဖို့ အစည်းအဝေးရက်က ၁၉၉၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၈ ရက်နဲ့ ၂၉ ရက်တို့ ဖြစ်ပါတယ်။

အဲဒီမှာ နဝတ စစ်အုပ်စုက ဇူလိုင်လ ၂၇ ရက်နေ့ နေ့စွဲနဲ့ နဝတရဲ့ အမိန့်အမှတ် ၁/၉၀ ကို အားချင်း ထုတ်ပြန်ပြီး အဲန်အယ်လ်ဒီ (NLD) ရဲ့ လွှတ်တော်ခေါ်ယူရေး အစီအစဉ်ကို ဟန့်တား၊ ပိတ်ပင်၊ ခြိမ်းခြောက် လိုက်တာမျိုး။

နဝတ/နအဖ စစ်အစိုးရ အဆက်ဆက်မှာ အဲန်အယ်လ်ဒီ (NLD) ဟာ တရားဝင် နိုင်ငံရေးပါတီ တရပ် ရွေးကောက်ပွဲ အနိုင်ရ အထင်ကရ အဓိက အတိုက်အခံ ပါတီ တရပ်နဲ့ မလျော်ညီအောင်ကိုပဲ ဖိနှိပ် ချုပ်ချယ်ခံရ၊ ကန့်သတ် ပိတ်ပင်ခံရတဲ့ သက်သေ သာဓကတွေကတော့ အများကြီးမှ အများကြီးပါပဲ။

ဦးတင်ဦး၊ ဒေါ်အောင်ဆန်းစုကြည်၊ ဦးဝင်းတင် စတဲ့ ခေါင်းဆောင်တွေ ဖမ်းဆီး ထိန်းသိမ်းခံနေရတဲ့ကြားကပဲ အဲန်အယ်လ်ဒီ (NLD) ဟာ ချမှတ်ထားတဲ့ ဒီမိုကရေစီ လမ်းစဉ်ကို တစ်သဝေမတိမ်း လျှောက်လှမ်းလာခဲ့တယ်။ အဲန်အယ်လ်ဒီ (NLD) ရဲ့ လမ်းက မချောမွေ့လှပါဘူး။ ကြမ်းတမ်း၊ ခက်ခဲတဲ့ ခရီးလမ်း ဖြစ်ပါတယ်။

ဒီခရီးလမ်းကို လျှောက်လှမ်းကြတဲ့ အဲန်အယ်လ်ဒီ (NLD) အဖွဲ့ဝင်တွေဟာ ဒုက္ခဆိုး အမျိုးမျိုး အဖုံဖုံကို ရင်ဆိုင်၊ ကြုံတွေ့၊ ခံစားကြရပါတယ်။ အဖမ်းဆီး၊ အထိန်းသိမ်းခံကြရပါတယ်။

ထွက်ပြေးတဲ့သူ ထွက်ပြေး တိမ်းရှောင်ရပါတယ်။ ထောင်ထဲမှာ အသက်ပေးသွားခဲ့ရသူတွေ ရှိသလို ထောင် အပြင်မှာ အသက်စွန့်ခဲ့ရတဲ့သူတွေလည်း မနည်းပါဘူး။ တချို့ဆို ဝရမ်းပြေး ဘဝနဲ့ အကြာကြီး ဇာတ်မြုပ်သွားကြရတဲ့ အဖြစ်တွေလည်း မနည်းလှတော့ပါဘူး။

အဲဒီလို နိုင်ငံရေး ဒုက္ခပင်လယ် ဝေကြရတဲ့ အဲန်အယ်လ်ဒီ (NLD) အဖွဲ့ဝင်တွေ၊ အဲန်အယ်လ်ဒီ (NLD) လိုလားသူတွေထဲက အနုပညာနဲ့ ဆက်စပ် ပတ်သက်နေတဲ့ အနစ်နာခံခဲ့သူတချို့ အကြောင်းကို ပြောပြချင်ပါတယ်။

၁၉၉၆ ခုနှစ်တုန်းက ဖြစ်ပါတယ်။ ကျနော်တို့ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် ၁၉၉၅၊ ဇူလိုင်မှာ ပထမ အကြိမ် နေအိမ် အကျယ်ချုပ်ကနေ ပြန်လည် လွတ်မြောက်လာပြီးတဲ့နောက် အဲန်အယ်လ်ဒီ (NLD) ရဲ့ လှုပ်ရှားမှုတွေ တဖန် ပြန်လည် နိုးထ၊ အသက်ဝင်လာတဲ့ အချိန်ပါ။ ၁၉၉၆ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက် အဲန်အယ်လ်ဒီ (NLD) ရဲ့ လွတ်လပ်ရေးနေ့ အခမ်းအနားကို အကောင်းဆုံး စည်ကား သိုက်မြိုက် ခမ်းနားစွာ ကျင်းပကြပါတယ်။

အဲဒီရဲ့ ရလဒ်ကတော့ နဝတ စစ်အစိုးရက အဲန်အယ်လ်ဒီ (NLD) လွတ်လပ်ရေးပွဲမှာ ဖျော်ဖြေ တင်ဆက်ခဲ့တဲ့ အနုပညာရှင်တွေကို ဖမ်းဆီး၊ ထိန်းသိမ်း အရေးယူလိုက်တဲ့ ဖြစ်ရပ်ပါပဲ။

အဲန်အယ်လ်ဒီ (NLD) လွတ်လပ်ရေးနေ့သဘင်မှာ မန္တလေးကနေ လာရောက် ဖျော်ဖြေခဲ့တဲ့ ပါပါလေးတို့ နှုတ်ခမ်းမွှေး ညီနောင်ကို နဝတ စစ်အစိုးရက ဖမ်းဆီးပြီး နှစ်ရှည်ထောင်ဒဏ်တွေ ချလိုက်ပါတယ်။ ပါပါလေးတို့ ညီနောင်တွေ မြစ်ကြီးနား အကျဉ်းထောင်ကို အပို့ခံခဲ့ရတာပါ။

အဲန်အယ်လ်ဒီ (NLD) လွတ်လပ်ရေးနေ့ အခမ်းအနားမှာ ဒီမန္တလေးက ပါပါလေးတို့ အငြိမ့်အဖွဲ့ကို တာဝန်ယူ စီစဉ်ခဲ့တယ် ဆိုတဲ့ စွပ်စွဲချက်နဲ့ ဒါရိုက်တာ၊ ကဗျာဆရာ ငြိမ်းသစ်လည်း ဖမ်းဝရမ်း ထုတ်ခံရပါတယ်။ ဆရာငြိမ်းသစ်လည်း ခေတ္တ ရှောင်တိမ်းနေရာကနေ အဖမ်းခံလိုက်ရပြီး မော်လမြိုင် အကျဉ်းထောင်ကို အပို့ခံခဲ့ရပါတယ်။

အဲဒီလို မန္တလေးက အနုပညာရှင်တွေကို နဝတ စစ်အစိုးရက ဖိနှိပ်၊ အရေးယူခဲ့ရုံသာမက အဲဒီအဲန်အယ်လ်ဒီ (NLD) လွတ်လပ်ရေးနေ့ အခမ်းအနားမှာ တီးခတ်၊ ဖျော်ဖြေခဲ့တဲ့ မြောင်းမြမြို့က တေးပန်းချီ တီးဝိုင်းကိုလည်း နဝတ အာဏာပိုင်တွေက ထာဝရ ပိတ်ပင် တားမြစ်ခဲ့ပါသေးတယ်။

တေးပန်းချီ တီးဝိုင်းဟာ မြောင်းမြခရိုင်အတွင်း အထင်ကရ နာမည်ကြီး တီးဝိုင်းတခု ဖြစ်ပြီး ၉၀ ရွေးကောက်ပွဲတုန်းက အဲန်အယ်လ်ဒီ (NLD) အနိုင်ရဖို့ ဂီတနဲ့ အများကြီး လှုံ့ဆော် စည်းရုံးနိုင်ခဲ့တဲ့ အနုပညာ အင်အားစု တခု ဖြစ်ပါတယ်။ တေးပန်းချီ တီးဝိုင်းရဲ့ ခေါင်းဆောင် ရွှေညီလာ ကိုအောင်ကြင်က ၉၀ ရွေးကောက်ပွဲမှာ အနိုင်ရခဲ့တဲ့ အဲန်အယ်လ်ဒီ (NLD) အမတ်တဦးပါ။ ဒီတော့ ဒီလို တီးဝိုင်းမျိုးကို နဝတက ပိတ်ပြီပေါ့။

ဘာပဲဖြစ်ဖြစ် မန္တလေးကလည်း မန္တလေးအလျောက်၊ မြောင်းမြကလည်း မြောင်းမြအလျောက် အနုပညာ သမားတွေဟာ သူတို့တတ်စွမ်းတဲ့ အနုပညာနဲ့ အဲန်အယ်လ်ဒီ (NLD) အဖွဲ့ချုပ်ကြီးရဲ့ ဒီမိုကရေစီ လမ်းကြောင်းကို ထောက်ခံခဲ့ကြတာပါပဲ။ ကိုယ်တိုင် ပါဝင် လျှောက်လှမ်းခဲ့ကြတာပါပဲ။

ဒီမိုကရေစီ လမ်းကြောင်းမှန်ပေါ် လျှောက်လှမ်းနေသူတွေဟာ အနည်းနဲ့အများ တနည်းမဟုတ် တနည်း ဒုက္ခ ရောက်ကြရတာပဲ ဆိုတာကို အဲဒီ မန္တလေးက ပါပါလေးတို့ရဲ့ အဖြစ်တွေ၊ မြောင်းမြက ရွှေညီလာ ကိုအောင်ကြင်တို့ရဲ့ အဖြစ်တွေက သက်သေခံနေတာပါပဲ မဟုတ်လား။

ဒီလို ဒုက္ခတွေကို ခါးစည်းခံခဲ့ရပေမဲ့လည်း ယောက်ျားကောင်းတို့ မည်သည် ဒုက္ခကို ရယ်မော၊ ဟားတိုက် ပစ်နိုင်ရမယ် ဆိုတဲ့ စကားအတိုင်း အခုအချိန်မှာ ပါပါလေးတို့ နှုတ်ခမ်းမွှေးညီနောင်ဟာ ပြည်သူချစ်တဲ့ အနုပညာရှင် တွေ၊ လူထုချစ်တဲ့ လူရွှင်တော်တွေ အဖြစ် အသိအမှတ်ပြု ခံနေရပါပြီ။

ပါပါလေးတို့ အမှုတွဲ မော်လမြိုင် အကျဉ်းထောင်ကို အပို့ခံခဲ့ရတဲ့ ဒါရိုက်တာ၊ ကဗျာဆရာ ငြိမ်းသစ် ဆိုရင် မော်လမြိုင် အကျဉ်းထောင်ထဲမှာ ပြည်သူ့ သူရဲကောင်း ဗိုလ်ကြီးဝင်းဘိုနဲ့ တွေ့ဆုံခဲ့ရသူပါ။ ဆရာငြိမ်းသစ် ထောင်က ပြန်လွတ်လာတဲ့ အခါမှာတော့ နဝတ စစ်တပ်ကနေ ပြည်သူ့ဘက်ကို ကူးပြောင်းခဲ့တဲ့ ဗိုလ်ကြီးဝင်းဘိုကို မော်လမြိုင် အကျဉ်းထောင် အာဏာပိုင်တွေနဲ့ စစ်ထောက်လှမ်းရေးတွေက မသေမချင်း ရိုက်သတ်ခဲ့တဲ့ အဖြစ်မှန်ကို တနိုင်ငံလုံး တတိုင်းပြည်လုံးက သိအောင် သူ ဖော်ထုတ် သတင်းပေးနိုင်ခဲ့ပါတယ်။

ဆရာ ငြိမ်းသစ်ဟာ ဗိုလ်ကြီးဝင်းဘို ကျဆုံးခဲ့တဲ့နေ့ကို မြန်မာနိုင်ငံ အကျဉ်းသားများနေ့ ဆိုပြီး နှစ်စဉ် မပျက် သူ့နည်းသူ့ဟန်နဲ့ တာဝန်ယူ ကျင်းပနေသူလည်း ဖြစ်ပါတယ်။

ဓားသွားထက် ကလောင်သွား ထက်ပါတယ်။

အမိန့်အာဏာထက် အနုပညာက ထက်ပါတယ်။

စာပေ အနုပညာရှင်တွေကို ထောင်ထဲ ထည့်လိုက်လို့လည်း သူတို့ရဲ့ စာပေနဲ့ အနုပညာတွေက သေဆုံး မသွားဘူး ဆိုတာ သမိုင်းက သက်သေပြခဲ့ပြီပဲ မဟုတ်ပါလား။ ။

**အရေးတော်ပုံ ရင်ခုန်သူများ (အပိုင်း ၁၉)**

***မတ် ၁၊ ၂၀၁၀***



*(သရုပ်ဖော် အောင်လတ်)*

ကျနော်ပြောရင် ယုံချင်မှ ယုံကြလိမ့်မယ်။ ကျနော်တို့ တိုင်းပြည်မှာ အတိုက်အခံ နိုင်ငံရေး လှုပ်ရှားသူတွေ အစိုးရ မကြိုက်တဲ့ နိုင်ငံရေးသမားတွေ စာရေးသားခွင့် မရကြပါဘူး။ အထူးသဖြင့် အဲန်အယ်လ်ဒီ (NLD) အဖွဲ့ဝင်တွေ စာရေးခွင့် မရှိပါဘူး။

ဒါက ကျနော့်ကိုယ်တွေ့မို့ ပြောနိုင်တာပါ။ ကျနော် ၁၉၉၂ မှာ ထောင်က လွတ်လွတ်ချင်း ကဗျာစာအုပ်တအုပ် ထုတ်ဖို့ စာပေစိစစ်ရေးကို စာမူ တင်လိုက်ပါတယ်။ အဲဒီအခါမှာ စာပေစိစစ်ရေး ညွှန်ကြားရေးမှူးဖြစ်တဲ့ ဗိုလ်မှူး ဆိုသူက ကျနော့်ကို အဲန်အယ်လ်ဒီ (NLD) နဲ့ ကင်းရှင်းကြောင်း ထောက်ခံချက် တောင်းပါတော့တယ်။

ကျနော့် အလုပ်ကလည်း စာပေတခုတည်းနဲ့ပဲ အသက်မွေးတဲ့ အလုပ် ဖြစ်နေတာမို့ အဲဒီအချိန်က ကျနော် အဲန်အယ်လ်ဒီ (NLD) ကနေ နုတ်ထွက်စာ တင်ပြီး စာပေလောကထဲ ပြန်ဝင်ဖို့ တာစူခဲ့ရတာပါပဲ။

ထောင်ကပြန်လွတ်လာတဲ့ ဘယ်အဲန်အယ်လ်ဒီ (NLD) အဖွဲ့ဝင် စာပေသမားမဆို နဝတ နအဖ အာဏာပိုင် တွေရဲ့ သတိပေး၊ ခြိမ်းခြောက်၊ အကျပ်ကိုင်တာမျိုး ဖိအား အမျိုးမျိုးကို ခံကြရတာပါပဲ။ နဂိုကမှ စာပေအနုပညာ လွတ်လပ်ခွင့် လုံးလုံးမရှိ ဖြစ်နေတဲ့ နိုင်ငံမှာ အဲန်အယ်လ်ဒီ (NLD) နဲ့ ပတ်သက် ဆက်နွှယ်နေတဲ့ စာရေးဆရာ၊ ကဗျာ ဆရာ၊ သတင်းစာဆရာတွေဟာ အထူးသဖြင့် ပိုပြီး ဖိနှိပ် ကန့်သတ်ခံရပါတယ်။

ယုံကြည်ချက်နဲ့ ကလောင်ကိုင်ထားတဲ့ လက်တွေ ဖြစ်တာမို့ အဲန်အယ်လ်ဒီ (NLD) အဖွဲ့ဝင် ဒါမှမဟုတ် အဲန်အယ်လ်ဒီ (NLD) လိုလားတဲ့ စာပေသမား အများစုဟာ အဲန်အယ်လ်ဒီ (NLD) က နုတ်ထွက်ပြီး ဒါမှမဟုတ် အဲန်အယ်လ်ဒီ (NLD) နဲ့ ခပ်ခွာခွာနေပြီး မိခင် စာပေလောကထဲကို ပြန်ဝင်ကြရတာဟာ စစ်ကျွန်ခေတ်မှာ အစဉ် အလာတရပ်လို ဖြစ်နေပါပြီ။

အဲန်အယ်လ်ဒီ (NLD) နဲ့ ပတ်သက်နေတဲ့ စာရေးဆရာ၊ ကဗျာဆရာ၊ သတင်းစာဆရာ အတော်များများ ကလည်း နဝတ နအဖခေတ်တလျှောက်မှာ ထောင်တွေထဲကို အများကြီး ရောက်ကြရတာ မဟုတ်လား။ မှတ်မိသ လောက် ဆရာဦးဝင်းတင်ကနေ စပြီး ပြန်ပြောကြည့်ရရင် ဆရာ မောင်သော်က၊ ဆရာ မောင်မိုးသူ၊ ဆရာ မောင်ဝံသ၊ ဆရာ မောင်ကိုယု၊ ဆရာ မင်းသိခ်၊ ဆရာမ စမ်းစမ်းနွဲ့ (သာယာဝတီ)၊ ဆရာမ ရွှေကူမေနှင်း၊ ဆရာမ မသီတာ (စမ်းချောင်း)၊ ဆရာ မင်းလူ၊ ဆရာ မျိုးမြင့်ငြိမ်း၊ စံပယ်ဦး ဦးတင်စိုး၊ မုံရွာအောင်ရှင်၊ ဖျာပုံနီလုံဦး စသည်ဖြင့် တွေ့နိုင် ပါတယ်။ ဆရာဦးအုန်းကြိုင် (အောင်ဝင့်)၊ ဆရာဦးစိန်လှဦး (မောင်နွယ်ဦး) စတဲ့ သတင်းစာဆရာတွေလည်း အများကြီး ပါပါတယ်။

ယခင်က စစ်အစိုးရ ပြည်ထဲရေး ဝန်ကြီးဌာန လက်အောက်ခံ အခုတော့ ပြန်ကြားရေး ဝန်ကြီးဌာန လက်အောက်ကို ရောက်လာတဲ့ စာပေစိစစ်ရေး ဌာနဟာ စာပြန်ရေးခွင့် ယူကြတဲ့ အဲန်အယ်လ်ဒီ (NLD) ထွက်၊ အဲန်အယ်လ်ဒီ (NLD)ဟောင်း စာရေးဆရာတွေရဲ့ စာတွေကိုဆိုရင် အသေအလဲ စောင့်ကြည့် စိစစ်နေတာပါ။ မတရား သဖြင့် အဓိပ္ပာယ်မဲ့ ပိတ်ပင်တားဆီးနေတာပါ။

အဆင့်အတန်းရှိတဲ့ စာတွေလည်းရေး၊ ကဗျာတွေလည်း ရေးနေတဲ့ ကျနော်တို့ ခေါင်းဆောင် ဒေါ်အောင်ဆန်း စုကြည် ကိုယ်တိုင်သည်ပင်လျှင် စစ်အစိုးရ လက်ထက်မှာ ဘယ်တုန်းအခါကမှ ပြည်တွင်း စာနယ်ဇင်းတွေမှာ ကဗျာ တပုဒ် စာတပုဒ် ပုံနှိပ်ဖော်ပြခွင့် စိုးစဉ်းမျှ မရခဲ့ပါဘူး။

အဲဒီလို နဂိုကမှ စာပေ အနုပညာ လွတ်လပ်ခွင့် လုံးလုံးမရှိရတဲ့အထဲ အဲန်အယ်လ်ဒီ (NLD) ဖြစ်နေရင် ပိုပြီး ဆိုးဝါးတဲ့ အခြေအနေကြားမှာပဲ အဲန်အယ်လ်ဒီ (NLD) က စာပေ အနုပညာအင်အားစုဟာ သမိုင်းဝင် ကဗျာစာအုပ် တအုပ်ကို ရဲရဲဝံ့ဝံ့ ထုတ်ဝေခဲ့ကြတာကိုတော့ ကျနော်တို့ လေးစား အသိအမှတ်ပြုကြရမှာပါ။

အဲဒီစာအုပ်ကတော့ ၁၉၉၉ ခုနှစ်မှာ အဲန်အယ်လ်ဒီ (NLD) က ထုတ်ဝေခဲ့တဲ့ ဒေါက်တာ မိုက်ကယ်အဲရစ် အမှတ်တရ ဂုဏ်ပြု ကဗျာစာအုပ်ပါပဲ။

၁၉၉၉ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့မှာ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ခင်ပွန်းဖြစ်သူ ပါရမီဖက် ဒေါက်တာ မိုက်ကယ်အဲရစ် အင်္ဂလန်နိုင်ငံမှာ ကင်ဆာရောဂါနဲ့ ကွယ်လွန်သွားပါတယ်။

ခင်ပွန်းသည်ရဲ့ ဈာပနကို ဒေါ်အောင်ဆန်းစုကြည် သွားခွင့် မသာခဲ့ပါဘူး။ ခင်ပွန်းသည် မကွယ်လွန်ခင် ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ဆုံဖို့ကိုလည်း မြန်မာစစ်အစိုးရက ဒေါက်တာမိုက်ကယ်အဲရစ်ကို မြန်မာပြည်ဝင်ခွင့် ဗီဇာ မပေးခဲ့ပါဘူး။

နဝတ စစ်အာဏာရှင် စနစ်ရဲ့ မညှာမတာ ရိုက်ပုတ်တဲ့ဒဏ်ကို ဒေါ်အောင်ဆန်းစုကြည်ရော ဒေါက်တာ မိုက်ကယ်အဲရစ်ပါ သူတို့ ဇနီးမောင်နှံ နှစ်ဦးစလုံး အတူ ခါးစည်းခံခဲ့ကြရတဲ့ အဖြစ်ပါ။

ဒေါ်အောင်ဆန်းစုကြည် မြန်မာ့ဒီမိုကရေစီ အရေးတော်ပုံထဲမှာ နောက်မဆုတ်တမ်း ရှေ့ကို တိုးပြီး မဆုတ်မနစ် ကြိုးပမ်းနေတဲ့အချိန် တလျှောက်လုံး ဒေါက်တာ မိုက်ကယ်အဲရစ်ဟာ ပါရမီဖြည့်ဖက် တယောက် အနေနဲ့ ရပ်တည်ထောက်ခံ အားပေးခဲ့တဲ့သူပါ။ ဒေါက်တာ မိုက်ကယ်အဲရစ်ဟာ မြန်မာပြည်သူ တရပ်လုံးရဲ့ ဘဝကို စာနာ နားလည်ပေးနိုင်ခဲ့တဲ့ ပုဂ္ဂိုလ်ပါ။

အဲဒီလို ပုဂ္ဂိုလ်မျိုး တယောက်ကို ထိုက်ထိုက်တန်တန် ဂုဏ်ပြုတဲ့အနေနဲ့ အဲန်အယ်လ်ဒီ (NLD) က ကဗျာ စာအုပ် ထုတ်ပါတယ်။

အဲဒီတော့ အမြဲ ထောင်ချောက်ဆင် အသင့်စောင့်ဖမ်းနေတဲ့ နဝတ အာဏာပိုင်တွေက အဲဒီ ကဗျာစာအုပ် ထဲမှာ ပါဝင် ရေးသားကြတဲ့ ကဗျာဆရာတွေကို စာပေစိစစ်ရေးမှာ တရားဝင် စာရေးခွင့်ကနေ ပိတ်ပင် တားမြစ်လိုက်ပါ တော့တယ်။

ကျနော် မှတ်မိသလောက် ဆရာကြီး မင်းသုဝဏ်၊ ဆရာ ဖျာပုံနီလုံဦးတို့က စပြီး ကဗျာဆရာ လှသန်း၊ ကဗျာ ဆရာ လေပြေသုန်၊ ကဗျာဆရာ ထွန်းနိုင်နောင် စတဲ့ လူကြီးလူငယ် ကလောင်တော်တော်များများ အဲဒီတုန်းက စာရေး ခွင့် အပိတ်ခံခဲ့ကြရတာပါ။

ဒေါက်တာ မိုက်ကယ်အဲရစ်ဟာ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ခင်ပွန်းသည် ဖြစ်နေလို့ရယ်မှ မဟုတ်ပါဘူး။ လေးစားသင့် လေးစားထိုက်တဲ့ ပုဂ္ဂိုလ်တယောက် ဖြစ်တာမို့ မြန်မာကဗျာဆရာတွေက နှလုံးသားနဲ့ ရင်းပြီး အထိုက် တန်ဆုံး ပေးဆပ်ခဲ့ကြတာပါပဲ။

ဗုဒ္ဓဘာသာ လေ့လာ ကျွမ်းကျင်သူ ပညာရှင်တယောက်လည်း ဖြစ်နေတဲ့ ဒေါက်တာ မိုက်ကယ်အဲရစ်ကို အဲဒီ ကဗျာစာအုပ်ထဲမှာ ဆရာကြီးမင်းသုဝဏ် ဂုဏ်ပြုပေးဖွဲ့ထားတာကို နားဆင်ကြည့်ပါ။ ကဗျာခေါင်းစဉ်က 'အမျှဝေပါ' တဲ့။

မောင်မိကျွေလ တခါက
သူ့ဇနီးနှင့် တူတကွ
ရောက်လာပါကြ အိမ်ထဲကို
မြန်မာ့ရိုးရာ သိချင်လို့။
သိလိုသည်ကို ပြောပြလိုက်
ပြောပြပြီးသော ထိုအခိုက်
ကြမ်းဌ်ဆင်းကာ တူတကွ
သုံးကြိမ်သုံးခါ ဦးနှိမ်ချ။
မောင်မိကျွေလ ယခုခါ
သွားရှာလေပေါ့ အနိစ္စာ
ကောင်းရာရောက်ပါစေကြောင်းဗျ
ဝိုင်း၍ဆုတောင်းပါလေကြ။

"မိကျွေလ" ဆိုတာက အင်္ဂလိပ်အသံထွက် "မိုက်ကယ်" (Michael) ကို ဆရာမင်းသုဝဏ်က မြန်မာသံ ဖလှယ်ထားတာပါ။

ဆရာကြီးမင်းသုဝဏ်နှင့် ဒေါက်တာ မိုက်ကယ်အဲရစ်တို့ နှစ်ဦးစလုံး ကောင်းရာဘုံမှာ အတူတကွ စံစားနိုင်ကြ ပါစေ။ ။

**အရေးတော်ပုံ ရင်ခုန်သူများ (အပိုင်း ၂၈)**
***မတ် ၁၄၊ ၂၀၁၀***



***(သရုပ်ဖော် - အောင်လတ်)***

ပန်းဆိုတာ ကြွေမှာပဲလေ။ တပွင့်ကြွေရင် နှစ်ပွင့်ဝေမယ်၊ ကြွေတာကိုက ပွင့်ခြင်းပဲ။ ကွယ်လွန်သူ ကဗျာဆရာ မောင်ချောနွယ် ၁၉၆၉ ခုနှစ်တုန်းက တော်လှန်ကဗျာစာအုပ်ထဲမှာ ရေးခဲ့တဲ့ ကဗျာ တပိုဒ်ပါ။

ကျနော်တို့ တိုင်းပြည်မှာက ပန်းတွေကြွေနေရတယ်။ ကြယ်တွေ ကြွေနေကြတယ်။ မပြီးဆုံးသေးတဲ့ ဒီမိုကရေစီ အရေးတော်ပုံအတွက် ပန်းတွေကြွေနေတဲ့ တိုင်းပြည်၊ ကြယ်တွေကြွေနေတဲ့ တိုင်းပြည်။ ဒီတိုင်းသူပြည်သား တော်လှန်ရေး အင်အားစုတွေဘက်က ပေးဆပ်ခဲ့ရတဲ့ အရင်းအနှီးတွေက များခဲ့လှပါပြီ။

ဒါပေမဲ့ ဒီတိုင်းသူပြည်သားတွေရဲ့ ဒီမိုကရေစီ တော်လှန်ရေး စိတ်ဓာတ်ကတော့ ဘယ်တော့မှ သေဆုံး မသွားပါဘူး။ ဘယ်တော့မှ ပျောက်ကွယ်သွားမှာ မဟုတ်ပါဘူး။

သွေးခင်းတဲ့ မြေပြင်ပေါ်မှာ မကြောက်တရား ပန်းတွေ ထပ်ထပ်ပြီး ပွင့်လာမြဲ။ သွေးစွန်းတဲ့ ကောင်းကင်ယံမှာ မကြောက်တရား ကြယ်တွေ တိုးတိုးပြီး လင်းလက်လာမြဲ။

ဒီတိုင်းသူပြည်သားတွေဟာ မကြောက်တဲ့စိတ်နဲ့ စစ်အာဏာရှင်စနစ်ကို အန်တု ရင်ဆိုင်နေတယ်။ တကယ် တော့ စစ်အာဏာရှင်တွေဟာ သူတို့ရဲ့ အာဏာ လက်လွှတ် ဆုံးရှုံးသွားမှာကို ကြောက်တဲ့စိတ်နဲ့ မျက်စိမှိတ်ပြီး ဒီမိုကရေစီ အင်အားစုတွေကို နှိပ်စက် ရမ်းကားနေတာပဲ မဟုတ်လား။

စစ်အာဏာရှင်တွေဟာ ဘယ်လောက်တောင် ကြောက်နေသလဲ ဆိုရင် လူတယောက် သေဆုံးသွားတဲ့ နောက်ဆုံးခရီးမှာတောင် သူတို့ဟာ ကြောက်စိတ်နဲ့ လိုက်လံ နှောင့်ယှက်တာမျိုး ပိတ်ပင် ဟန့်တားတာမျိုးတွေ လုပ် တတ်ကြပါတယ်။

အထူးသဖြင့် ထင်ရှားတဲ့ စာပေအနုပညာရှင် တယောက်ယောက်ရဲ့ ဈာပနမျိုးမှာ စစ်အာဏာရှင်တွေဟာ ကြောက်စိတ်နဲ့ စစ်ထောက်လှမ်းရေးတွေ၊ သတင်းပေးတွေကို အင်နဲ့အားနဲ့ သုံးပြီး ဗီဒီယို ရိုက်ယူတာမျိုး၊ ဓာတ်ပုံ ရိုက်ယူတာမျိုးတွေ လုပ်လေ့ရှိစမြဲပါ။

အဘ လေထီးဦးအုန်းမောင်၊ ဆရာကြီး မင်းသုဝဏ်၊ အန်ကယ် ဦးကြည်မောင်၊ အဘ သခင်ခင်ညွန့် စတဲ့ စာပေ အနုပညာလောကနဲ့ သက်ဆိုင်တဲ့ ပုဂ္ဂိုလ်ကြီးတွေ ကွယ်လွန်တုန်းက သင်္ချိုင်းကုန်းမှာ စစ်ထောက်လှမ်းရေးတွေ နအဖ သတင်းပေးတွေ ခြေချင်းလိမ်နေခဲ့တာ မမြင်ချင်အဆုံးပါပဲ။

စစ်အာဏာရှင်တွေဟာ အဲဒီလို လူတဖက်သားရဲ့ နာရေးမှာတောင် သုဿန်တစပြင် သင်္ချိုင်းအထိ လိုက်ပြီး မသိသား ဆိုးဝါးစွာ နှောင့်ယှက် ဒုက္ခပေးနေတဲ့သူတွေပါ။

အဲဒီလို သေတာတောင် ဖြောင့်ဖြောင့်မသေရဘဲ စစ်အာဏာရှင်တွေရဲ့ လိုက်လံ နှောင့်ယှက်မှုကို ခံခဲ့ရတဲ့ သူတွေထဲမှာ စာရေးဆရာ တာရာမင်းဝေလည်း ပါပါတယ်။ ဗကသ ခေါင်းဆောင်တဦး၊ နိုင်ငံရေး အကျဉ်းသား တဦး ဖြစ်တဲ့ ရွှေဘုန်းလှ (ခေါ်) တာရာမင်းဝေ ၂၀၀၇ ခုနှစ်၊ ဩဂုတ်လ ၅ ရက်နေ့မှာ ကွယ်လွန်ခဲ့ပါတယ်။ သူ့ဈာပနကို

ဩဂုတ်လ ၇ ရက်နေ့ နေ့လယ် ၁ နာရီ ရေဝေးသုသာန်မှာ ကျင်းပမှာပါ။ ဩဂုတ်လ ၈ ရက်နေ့ဟာ ရှစ်လေးလုံး အရေးတော်ပုံ (၁၉) နှစ်ပြည့်နေ့ ဖြစ်ပါတယ်။

ရန်ကုန်မြို့ရဲ့ ထုံးစံအတိုင်း စာပေ အနုပညာ လောကသားတွေထဲက ဈာပန ဆိုရင် ၃၃ လမ်း လေထန်ကုန်း လက်ဖက်ရည်ဆိုင်မှာ ဈာပန ပို့ဆောင်ဖို့ ကား စီစဉ်ထားလေ့ ရှိပါတယ်။

တာရာမင်းဝေ အသုဘ ပို့ဆောင်ဖို့ လေထန်ကုန်းက ဘီအမ်ကားကြီး ၅ စီး တာဝန်ယူ စီစဉ် ငှားရမ်း ပေးပါတယ်။ ဈာပနကားတွေ နေ့ခင်း ၁၁ နာရီခွဲမှာ ထွက်မယ်လို့လည်း ကြေညာထားပါတယ်။

ဩဂုတ်လ ၇ ရက်နေ့ မနက်ပိုင်းက စပြီး ဈာပန ပို့မယ့် စာပေသမားတွေ၊ စာဖတ်ပရိသတ်တွေ၊ တာရာမင်းဝေရဲ့ ကျောင်းသား နိုင်ငံရေး လုပ်ဖော်ကိုင်ဖက်တွေ၊ အဲန်အယ်လ်ဒီ (NLD) အဖွဲ့ဝင်တွေ လေထန်ကုန်းမှာ စုကြလို့ ဈာပနကားတွေ ထွက်မယ့် အချိန်လည်း နီးရော ရဲသားတယောက်နဲ့ အရပ်သားတယောက် ရောက်လာပြီး ကားဆရာတွေကို ဒီဈာပန လိုက်ပို့ရင် လိုင်စင်သိမ်းမယ်၊ ကားသိမ်းမယ်လို့ ပြင်းပြင်းထန်ထန် ခြိမ်းခြောက်လာပါတော့တယ်။

အဲဒီမှာ ကားဆရာတွေလည်း ကြောက်လန့်ကုန်ကြပါတယ်။ ဈာပန မပို့နိုင်တော့ပါဘူးဆိုပြီး တကားပြီးတကား သူတို့ဂိတ်ထိုးတဲ့ ရန်ကုန်ဆေးရုံကြီး ရင်ခွဲရုံကို အမြန် မောင်းပြေးသွားကြပါပြီ။

ဈာပန ပို့မယ့် လူ သုံးလေးရာလောက်ဟာ ၃၅ လမ်းထိပ် ဗိုလ်ချုပ်လမ်းမပေါ်မှာ မကျေမချမ်းတွေ ဖြစ်ကုန်ပါတော့တယ်။ ကျနော်တို့ ကျောက်တံတား ရဲစခန်းကို သွားမေးတဲ့အခါ ရဲစခန်းက ဒီကိစ္စ သူတို့ ဘာမှ မသိပါဘူးလို့ ပြန်ပြောခဲ့ပါတယ်။

ကျနော်နဲ့ သုံးရောင်ခြယ် ကိုစိန်လှိုင်တို့ မကျေမချမ်း ဖြစ်နေတဲ့ ကိုယ့်လူအုပ်ကို ကိုယ်ထိန်းနေရပါတယ်။ ဗိုလ်ချုပ်လမ်းမကြီးပေါ်မှာ ဈာပန ပို့မယ့်သူတွေက ဆန္ဒပြနေကြပါပြီ။

ရေဝေးသုသာန်မှာ ရောက်နှင့်နေတဲ့ ကိုဇာဂနာတို့ ကိုဇော်သက်ထွေးတို့ ဆီကို ဒီမှာ ကျနော်တို့ ကားတွေ ပြန်သိမ်းခံရတဲ့အကြောင်း ကျနော် ဖုန်းဆက်ပြီး ပြောလိုက်တယ်။

မကြာခင်မှာ ကျောက်တံတား မယက အတွင်းရေးမှူး ကားကလေးနဲ့ ပေါက်ချလာပါတယ်။ သူမရောက်ခင် နယ်မြေခံ စစ်ထောက်လှမ်းရေး၊ ရဲထောက်လှမ်းရေးတွေက အရင် ရောက်နှင့်နေတာပါ။ ကျနော်တို့က မယက အတွင်းရေးမှူးကို ဈာပန ပို့မယ့် ကားတွေ ပြန်ရအောင် စီစဉ်ပေးဖို့ အရေးဆိုကြပါတယ်။

မကျေမချမ်း ဖြစ်နေတဲ့ လူအုပ်ကြီးရဲ့ အသံကလည်း တစထက်တစ ကျယ်လောင် ပေါက်ကွဲလာပါပြီ။ ကျနော်တို့ အရေးဆိုနေတုန်းမှာပဲ ရှစ်ဆယ့်ရှစ် မျိုးဆက် ကျောင်းသား ခေါင်းဆောင် ကိုမြအေးလည်း ရောက်လာပါတယ်။

ဈာပန ကျင်းပမှာက နေ့လယ် ၁ နာရီ မှာပါ။ အခု ဗိုလ်ချုပ်လမ်းမကြီးပေါ်မှာ အချိန်က မွန်းတည့် ၁၂ နာရီ ထိုးခါနီး ဖြစ်နေပါပြီ။ ကျနော်တို့က မယက အတွင်းရေးမှူးကို ၁၂ နာရီ ထိုးလို့မှ ကားတွေ ပြန်ရောက်မလာဘူး ဆိုရင် ကျနော်တို့ လူအုပ်ကြီး ရေဝေးကို လမ်းလျှောက်သွားဖို့ ဆုံးဖြတ်ပြီးဖြစ်ကြောင်း ပြောပြလိုက်ပါတယ်။

မယက အတွင်းရေးမှူးလည်း ပျာပျာသလဲ ဖုန်းတွေ ဟိုဆက်ဒီဆက် ဆက်ပြီး ကားတွေ မကြာခင် ပြန်ရောက်လာပါလိမ့်မယ်လို့ ကျနော်တို့ကို ကတိပေးပြီး ထွက်သွားပါတယ်။

သူ့ကတိတော့ တည်ပါတယ်။ ဒါပေမဲ့ ကျနော်တို့ လေထန်ကုန်းက ကားတွေ ရေဝေးကို ရောက်တော့ ဈာပန အခမ်းအနားက စတင်နေခဲ့ပါပြီ။ "သွားနှင့်တော့ သူငယ်ချင်း" ဆိုတဲ့ ကျောင်းသားခေါင်းဆောင် ကိုမင်းကိုနိုင်ရဲ့ ဂုဏ်ပြုကဗျာ ရွတ်သံ နောက်ဆုံးပိုဒ်လေး မီရုံပဲ ရှိပါတယ်။

သေတဲ့လူက သေသွားပါပြီ။ ဘာဖြစ်လို့ သူ့ရဲ့ နောက်ဆုံးခရီးကို နှောင့်ယှက်ချင်ကြတာလဲ။ ဒုက္ခပေးချင်ကြတာလဲ။

ဒီလို အပြုအမူမျိုးကို လိပ်ပြာမလုံတဲ့ သူတွေကသာ လုပ်ဆောင်တတ်ကြပါတယ်။ လိပ်ပြာမလုံတဲ့သူတွေဟာ အမှန်တရားကို ရင်မဆိုင်ရဲလောက်အောင် ကြောက်စိတ်ဝင်နေတဲ့ သူတွေပဲ မဟုတ်ပါလား။ ။

**အရေးတော်ပုံ ရင်ခုန်သူများ (အပိုင်း ၂၁)**

***မတ် ၂၁ ၊ ၂၀၁၀***



***(သရုပ်ဖော် - အောင်လတ်)***

ဒီနေ့ခေတ်ကို သတင်းနည်းပညာခေတ်လို့ ဆိုကြပါတယ်။ ဘာသာရပ် ဝေါဟာရအားဖြင့် သတင်းဆက်သွယ်ရေး နည်းပညာ Information Communication Technology (ICT) လို့ ခေါ်ပါတယ်။

ဒီလို သတင်းဆက်သွယ်ရေး နည်းပညာ အိုင်စီတီ ဖွံ့ဖြိုး တိုးတက်လာတဲ့ ခေတ်ကြီးထဲမှာ ချွေးသီးချွေးပေါက်ကျပြီး ကြောက်ရွံ့ တုန်လှုပ် ခြောက်ခြားနေတဲ့သူတစုကတော့ ကမ္ဘာအရပ်ရပ်က အာဏာရှင် လက်တဆုပ်စာပါ။

အာဏာရှင်တွေရဲ့ လူမဆန်တဲ့ လုပ်ရပ်တွေဟာ ကမ္ဘာ့ သတင်းမီဒီယာအသီးသီးမှာ နေ့တွင်းချင်း ညတွင်းချင်း နေ့ညမဆိုင်းဘဲ ဖော်ထုတ် ဖွင့်ချခံနေရလို့ပါပဲ။ မကြာသေးခင်ကဖြစ်ခဲ့တဲ့ အီရန် တက္ကသိုလ်ကျောင်းသားတွေ ဦးဆောင်တဲ့ အစိမ်းရောင် တော်လှန်ရေးမှာ တက္ကသိုလ်ကျောင်းသူ တဦး အီရန်စစ်တပ်က ပစ်ခတ်လို့ သေဆုံးသွားရတဲ့ သတင်း ဓာတ်ပုံဟာ အီရန် အာဏာရှင်တွေရဲ့ အရိုက်ကို ထိုးနှက်နိုင်ခဲ့တာပဲ မဟုတ်လား။

သတင်းဆက်သွယ်ရေး နည်းပညာဟာ အာဏာရှင် မှန်သမျှရဲ့ ရက်စက် ကြမ်းကြုတ်မှု အလုံးစုံကို ဖော်ထုတ် ဖွင့်ချဖို့၊ တိုက်ခိုက်ဖို့ အမြဲ အသင့်အနေအထားမှာ ရှိနေပါတယ်။ ဘယ်အာဏာရှင်မဆို ဒီ သတင်းဆက်သွယ်ရေး နည်းပညာ၊ တနည်း မီဒီယာကို ပမာမခန့်ပြုလို့ မရတော့ပါဘူး။

မီဒီယာရဲ့ အစွမ်းလက်နက်ကို ကြောက်တဲ့အတွက် မီဒီယာကို မီဒီယာနဲ့ ပြန်တိုက်ရမယ် ဆိုပြီး မြန်မာပြည်က စစ်အာဏာရှင်တွေနဲ့ နောက်လိုက် ဖောက်ပြန်ရေး မီဒီယာသမား တချို့က သွေးရူးသွေးတန်း အော်ဟစ်နေတာပဲ မဟုတ်လား။

အထူးသဖြင့် မြန်မာစစ်အာဏာရှင်တွေဟာ အမှန်အတိုင်း ပြောရရင် လူထုဘက်က မီဒီယာတွေကို စိုးစဉ်းမျှ မလိုလားပါဘူး။ ဒါကြောင့် နည်းမျိုးစုံနဲ့ ဖိနှိပ်၊ ချုပ်ချယ် ဟန့်တားနေတာ ဖြစ်ပါတယ်။

ပြည်တွင်းမှာ စာပေ အနုပညာ လွတ်လပ်ခွင့် လုံးဝ မရှိဘူး။ သတင်းလွတ်လပ်ခွင့် လုံးဝ မရှိဘူး။ ပြည်တွင်းမှာ အင်တာနက် ဆက်သွယ်ရေးကို မလိုရင် မလိုသလို ဖြတ်တောက်ပစ်တာမျိုးတွေ၊ အင်တာနက်ကွန်နက်ရှင် နှေးအောင် တမင်လုပ်တာမျိုးတွေ၊ အင်တာနက် ကဖေးဆိုင်တွေ၊ အင်တာနက် သုံးစွဲသူတွေကို ခြိမ်းခြောက် ဟန့်တားတာတွေ၊ မတရား၊ ပိတ်ပင် တားမြစ်တာတွေ အတောမသတ်အောင် ကြားနေရပါတယ်။

ဒါ့အပြင်လည်း တယ်လီဖုန်းလိုင်းတွေကို စစ်အစိုးရ ကန့်သတ် ကြိုးကိုင်ထားတဲ့ ကြားက စစ်အစိုးရဲ့ ထောက်လှမ်းရေးတွေက တရားမဝင် ကြားဖြတ် ခိုးယူ နားထောင်တာမျိုးတွေအထိ စစ်အုပ်စုက လက်ရဲဇက်ရဲ လုပ်ဆောင်လာပါတယ်

အဲဒီလို စစ်အုပ်စုရဲ့ မတရား ဖိနှိပ်ချုပ်ချယ်မှု အောက်ကနေပဲ လုံးဝ မကြောက်မရွံ့တဲ့ စိတ်နဲ့ စစ်မှန်တဲ့ လူထု ဘက်တော်သား မီဒီယာသမား ဆိုတဲ့ သတ္တိနဲ့ မြန်မာ့အရေးကို ကမ္ဘာက သိအောင် စွန့်စား ကြိုးပမ်းခဲ့ကြရတဲ့ လုပ်ရပ် တွေ အမြောက်အမြား ရှိပါတယ်။

ဓာတ်ပုံလေးတပုံ၊ ဘလော့ဂ်လေးတခု၊ ဗီဒီယိုမှတ်တမ်းလေး တကားပေမဲ့ ကမ္ဘာက ခေါင်းထောင်ကြည့်ရ လောက်အောင် မြန်မာ့အရေးကို ဖော်ထုတ် တင်ပြပေးနိုင်ခဲ့တဲ့ သာဓက တချို့ကို ပြောပြချင်ပါတယ်။

မနေ့ တနေ့တုန်းက နိုဝင်ဘာ ၉ ရက် ဘာလင်တံတိုင်းကြီး ပြိုလဲသွားတဲ့ အနှစ် (၂၀) ပြည့် အခမ်းအနား ဂျာမနီနိုင်ငံမှာ ကျင်းပခဲ့ပါတယ်။ ဒီ ၂၀၀၉ ခုနှစ်ဟာ ဆိုဗီယက် ယူနီယံ ပြိုကွဲသွားတဲ့ အနှစ် (၂၀) ပါပဲ။ ဒီ ၂၀၀၉ ခုနှစ်ထဲမှာပဲ ဇွန်လ ၄ ရက် တရုတ်ပြည် ပီကင်းတက္ကသိုလ် ကျောင်းသားတွေရဲ့ တိန့်အန်မင် ရင်ပြင် အရေးအခင်း အနှစ် (၂၀) ပြည့်ပါတယ်။

အဲဒီ ကမ္ဘာနဲ့ချီတဲ့ တော်လှန်မှုတွေ ပြောင်းလဲမှုတွေရဲ့ ရှေ့တော်ပြေးဟာ ကျနော်တို့ မြန်မာနိုင်ငံက ရှစ်လေးလုံး အရေးတော်ပုံကြီး ဖြစ်နေတာပါပဲ။ ၁၉၈၈ ခုနှစ်က ဖြစ်ပွားခဲ့တဲ့ မြန်မာ့ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေး တောင်းဆိုမှု တိုက်ပွဲဟာ ကမ္ဘာနံရံ အသီးသီး တိုင်းပြည်အသီးသီးကို ရိုက်ခတ်ခဲ့တာပါပဲ။

အဲဒီတုန်းက မြန်မာပြည်က ဓာတ်ပုံလေးတပုံဟာ ကမ္ဘာကြီးကို တုန်လှုပ်သွားစေခဲ့ပါတယ်။ အဲဒီ ဓာတ်ပုံ ကတော့ စစ်တပ်က သေနတ်နဲ့ ပစ်လို့ ဒဏ်ရာ ရထားတဲ့ ကျောင်းသူလေး တယောက်ကို ဆရာဝန် နှစ်ဦးက ပွေ့ချီ သယ်ပြေးကြတဲ့ ဓာတ်ပုံပါပဲ။ ဒီဓာတ်ပုံဟာ ကမ္ဘာကျော် နယူးစ်ဝိခ် (Newsweek) မဂ္ဂဇင်းကြီးရဲ့ မျက်နှာဖုံးမှာ ပါလာပြီး ကမ္ဘာအနှံ့က သတိပြုမိသွားကြပါတော့တယ်။

၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်နေ့မှာ မဆလ လက်ကျန် စစ်တပ်က တိုင်းပြည်ရဲ့ အာဏာကို သိမ်းပိုက်လိုက်ပါတယ်။ ဒါကို မကျေနပ်တဲ့ လက်မခံတဲ့ ကျောင်းသား ပြည်သူတွေက လမ်းမပေါ်ထွက် ငြိမ်းချမ်းစွာ ဆန္ဒပြကြပါတယ်။ ဆန္ဒပြ အင်အားစုတွေကို စစ်တပ်က ရက်ရက်စက်စက် နှိမ်နင်းခဲ့ပါတယ်။ စက်တင်ဘာ ၁၉ ရက်နေ့ ရန်ကုန်မြို့ မဟာဗန္ဓုလ ပန်းခြံအနီး ဆူးလေဘုရားလမ်းနဲ့ ကုန်သည်လမ်းထောင့်မှာ စစ်တပ်က သေနတ်နဲ့ အကြမ်း ဖက် ပစ်ခတ်ဖြိုခွင်းလို့ ကျောင်းသားပြည်သူ အများအပြား သေဆုံးခဲ့ရပါတယ်။

အဲဒီအထဲမှာ ရှစ်တန်းကျောင်းသူလေး မဝင်းမော်ဦးလည်း ပါသွားပါတယ်။ သွေးသံအလိမ်းလိမ်းနဲ့ ဒဏ်ရာ အကြီးအကျယ် ရထားတဲ့ မဝင်းမော်ဦးကို လူငယ် ဆရာဝန်နှစ်ဦးက ပွေ့ချီပြီး ဘေးလွတ်ရာကို သယ်ပြေးလာတဲ့ ဓာတ်ပုံဟာ အဲဒီ ၁၉၈၈ ကတည်းက စလို့ ဒီနေ့အထိ ကမ္ဘာ့အနှံ့ ပျံ့ပြီး စကားပြောနေပါပြီ။ ဒီဓာတ်ပုံကလေးဟာ မြန်မာစစ်အစိုးရရဲ့ ဖက်ဆစ်အသွင်ကို ဖွင့်ချ ဖော်ထုတ်လိုက်တဲ့ ပြယုဂ်တခု ဖြစ်နေပါပြီ။

ဒီဓာတ်ပုံကလေးထဲမှာ ပါတဲ့ ကျောင်းသူလေး မဝင်းမော်ဦးကတော့ ရန်ကုန်ဆေးရုံကြီးပေါ်မှာပဲ သေဆုံးသွား ခဲ့ပါတယ်။ မဝင်းမော်ဦးကို သယ်ပြေးခဲ့ကြတဲ့ လူငယ် ဆရာဝန်နှစ်ဦးလည်းပဲ ကွယ်လွန်သွားခဲ့ကြပါပြီ။ ဒေါက်တာ မင်းသိန်းဟာ ၁၉၈၉ ခုနှစ်ထဲမှာ ကွယ်လွန်ခဲ့ပြီး ဒေါက်တာ စောလွင်ကတော့ ၁၉၉၅ မှာ ကွယ်လွန်ခဲ့တယ်လို့ သိရ ပါတယ်။


ဒီဓာတ်ပုံလေးထဲက ကာယကံရှင်တွေ တဦးမှ မရှိကြတော့ပေမဲ့ ဒီဓာတ်ပုံလေးကတော့ မပြီးဆုံးသေးတဲ့ မြန်မာ့ ဒီမိုကရေစီ အရေးတော်ပုံကို ကိုယ်စားပြု ရှင်သန်နေဦးမှာပါပဲ။

ဒီဓာတ်ပုံလေးကို အေပီ (AP) သတင်း ဓာတ်ပုံတပုံရယ်လို့ပဲ ကျနော်တို့ သိထားကြပြီး ဘယ်သူဘယ်ဝါ ရိုက်ခဲ့တဲ့ ဓာတ်ပုံလဲ ဆိုတာကိုတော့ ကျနော်တို့ မသိကြပါဘူး။

ဘာပဲဖြစ်ဖြစ် အဲဒီ သမိုင်းဝင်ဓာတ်ပုံကို ရိုက်ကူးပေးခဲ့တဲ့ ဓာတ်ပုံပညာရှင်ကိုတော့ ကျနော်တို့ တသက်လုံး ဂုဏ်ပြုနေမှာ အမှန်ပါပဲ။ ။

## အရေးတော်ပုံ ရင်ခုန်သူများ (အပိုင်း ၂၂)

*မတ် ၂၈၊ ၂၀၁၀*



*(သရုပ်ဖော် - အောင်လတ်)*

ကျောင်းသားတွေ ဦးဆောင်တဲ့ ရှစ်လေးလုံး အရေးတော်ပုံကြီး ဆင်နွှဲခဲ့တဲ့ ၁၉၈၈ ခုနှစ်က ဒီနေ့လို သတင်းဆက်သွယ်ရေး နည်းပညာတွေ သိပ်ပြီး ခေတ်မစားသေးပါဘူး။ အင်တာနက် ဆိုတာ တွင်ကျယ်မလာသေးပါဘူး။

ဒီကနေ့ အမေရိကန်နိုင်ငံမှာ အင်တာနက် အသုံးပြုမှု အနှစ် (၄၀) ပြည့်တဲ့ အချိန်မှာ ကျနော်တို့ တိုင်းပြည်မှာ အင်တာနက် ယဉ်ကျေးမှုက ဆယ်စုနှစ် တခု မပြည့်သေးပါဘူး။

ဒီအချိန်တိုကလေး အတွင်းမှာပဲ မြန်မာ့အရေး ကြိုးပမ်းသူတွေရဲ့ စွမ်းဆောင်မှုနဲ့ အင်တာနက်ကနေ ကမ္ဘာကို ပျံ့နှံ့ ရောက်ရှိသွားတဲ့ မြန်မာ့ သတင်း၊ ဓာတ်ပုံ၊ မှတ်တမ်းတွေကတော့ အံ့မခန်းလောက်အောင်ပင် ရှိခဲ့ပါပြီ။

အထူးသဖြင့် ၂၀၀၇ စက်တင်ဘာ ရွှေဝါရောင် တော်လှန်ရေးဟာ ဒီမိုကရေစီ သတင်းမီဒီယာ အင်အားစုတွေနဲ့ စွမ်းဆောင်မှုကို သက်သေထူခဲ့တာပဲ မဟုတ်ပါလား။ ရွှေဝါရောင် တော်လှန်ရေး သံဃလှုပ်ရှားမှု၊ လူထုလှုပ်ရှားမှုဟာ ကမ္ဘာ့နိုင်ငံ အသီးသီးက မီဒီယာတွေကြားမှာ ထိပ်တန်းအဆင့် အထူးသတင်းအဖြစ် ရပ်တည်ခဲ့တာပါ။

အဲဒီသတင်းတွေကို ဘယ်သူတွေက ထုတ်လုပ် ဖြန့်ချိခဲ့ကြသလဲ၊ ဘယ်သူတွေက ပေးပို့ခဲ့ကြသလဲ။ ဓာတ်ပုံတွေ၊ ရုပ်သံမှတ်တမ်းတွေကကော။ အဲဒီ ဓာတ်ပုံတွေ ရုပ်သံမှတ်တမ်းတွေကို ဘယ်သူတွေက ရိုက်ကူးခဲ့ကြတာလဲ၊ ဘယ်သူတွေက မှတ်တမ်းတင်ခဲ့ကြတာလဲ။

၂၀၀၇၊ စက်တင်ဘာ မတိုင်ခင် ဩဂုတ်လထဲမှာ ဖြစ်ခဲ့တဲ့ မနီလာသိန်း၊ မမီးမီး၊ မစုစုနွေး၊ မနော်အုန်းလှတို့ ဦးဆောင်ကြတဲ့ လူထု ဆန္ဒပြပွဲတွေမှာ ကတည်းက ဆန္ဒပြသမားတွေရဲ့ သတင်းတွေ၊ ဓာတ်ပုံတွေဟာ ကမ္ဘာ့ သတင်းမီဒီယာ အသီးသီးပေါ်ကို ရောက်ရှိနေခဲ့ပါပြီ။

၂၀၀၇၊ ဩဂုတ်လ ၂၄ ရက်နေ့က ဖြစ်ပွားခဲ့တဲ့ လှည်းတန်း ဆန္ဒပြပွဲမှာ ဦးဆောင်ခဲ့တဲ့ မစုစုနွေးကို နအဖ လုံထိန်းရဲတွေနဲ့ ကြံ့ဖွံ့ စွမ်းအားရှင်တွေက ခွေးဆွဲ ဝက်ဆွဲသလို အတင်းအဓမ္မ ဖမ်းဆီးဖို့ ကြိုးစားနေကြတဲ့ ဓာတ်ပုံဟာ နောက်တနေ့ထုတ် ကမ္ဘာ့ ဩဇာရှိ ဒေသ သတင်းစာတွေထဲမှာ တပြိုင်နက်တည်း ပါလာခဲ့ပါတယ်။

အဲဒီဓာတ်ပုံကို ရိုက်ကူး ပေးပို့ခဲ့သူကတော့ ပြည်ပ သတင်းဌာနတခုက ဓာတ်ပုံသတင်းထောက် တဦးဖြစ်တဲ့ ကိုလောအယ်စိုးပါပဲ။ အလားတူ ကိုလောအယ်စိုး ရိုက်ကူးခဲ့တဲ့ ဩဂုတ်လ လူထုဆန္ဒပြပွဲ လှုပ်ရှားမှု ဓာတ်ပုံတချို့လည်း မရှေးမနှောင်းမှာပဲ ကမ္ဘာ့ သတင်းစာကြီးတွေမှာ သတင်းနဲ့တကွ ဖော်ပြပါရှိခဲ့ပါတယ်။

ကိုလောအယ်စိုးဟာ ဩဂုတ်လ မစုစုနွေးတို့ ဆန္ဒပြပွဲတွေကနေ စပြီး စက်တင်ဘာ ၁၈ ရက် သံဃာတော်တွေ လမ်းပေါ် ကြွချီလာတာကနေ စက်တင်ဘာ ၂၄ နဲ့ ၂၅ ရက် ရွှေတိဂုံဘုရားမှာ အထွေထွေသပိတ်ကြီး ဆင်နွှဲတာတွေ စက်တင်ဘာ ၂၆ က စပြီး စစ်တပ်က သံဃာတော်တွေကို ပစ်ခတ် နှိမ်နင်း ဖမ်းဆီးတာတွေအထိ စွန့်စား ပြေးလွှားပြီး သတင်းယူခဲ့တဲ့ ဓာတ်ပုံသတင်းထောက် တဦးပါပဲ။

ရွှေတိဂုံဘုရား အရှေ့ဘက်မုခ် ကြေးသွန်းဘုရားကြီးမှာ သပိတ်စခန်းဖွင့်ပြီး ဆင်နွှဲခဲ့တဲ့ အထွေထွေသပိတ်ကြီးရဲ့ ပထမဆုံးနေ့ စက်တင်ဘာ ၂၄ ရက် ချီတက်ဆန္ဒပြပွဲ တနေရာမှာ ကိုလောအယ်စိုး ရိုက်ခဲ့တဲ့ ကိုရင်လေးတပါး သပိတ်ကို လက်သီးစွပ်ပြီး မြှောက်ထားတဲ့ ဓာတ်ပုံဟာ ဆိုရင် ဒီနေ့ ကမ္ဘာကို ပျံ့နှံ့နေပါပြီ။

၁၉၈၈ တုန်းက မဝင်းမော်ဦးနဲ့ ဆရာဝန်နှစ်ဦးတို့ ဓာတ်ပုံက ရှစ်လေးလုံး အရေးတော်ပုံကြီးကို ကိုယ်စားပြု သင်္ကေတ ပြုနိုင်သလို အခု ကိုလောအယ်စိုးရဲ့ လက်ရာ ကိုရင်ကလေးပုံက ရွှေဝါရောင် တော်လှန်ရေးကို သင်္ကေတ ပြုနိုင်၊ ကိုယ်စားပြုနိုင်တဲ့ သတင်းဓာတ်ပုံတပုံ ဖြစ်လာခဲ့ပါတယ်။

ရွှေဝါရောင် တော်လှန်ရေးအတွင်းမှာ နိုင်ငံခြား သတင်းထောက် တချို့လည်း စွန့်စား သတင်းယူခဲ့ကြပါတယ်။ တိုင်းမ် မဂ္ဂဇင်းကြီးက သတင်းဆောင်းပါးရှင် အင်ဒရူးမာရှယ်၊ အယ်ဂျာဇီးယား သတင်းဌာနက ရုပ်သံသတင်းထောက်၊ ဂျပန်သတင်းထောက် ခန်းဂျိနာဂအိ စသည်ဖြင့် စွန့်စွန့်စားစား သတင်းယူ သတင်းပို့ခဲ့ကြတာပါ။ အဲဒီအထဲမှာ ကိုလောအယ်စိုးလည်း တဦး အပါအဝင်ဖြစ်ပြီး သူ့ရဲ့ ကိုရင်ကလေးဓာတ်ပုံက တမူထူးခြား မှတ်တမ်းဝင်ခဲ့တာပါပဲ။

ကိုလောအယ်စိုးလိုပဲ ကင်မရာ ၇ လုံး၊ လူ ၇ ယောက်နဲ့ ရွှေဝါရောင် တော်လှန်ရေး အစကနေ အဆုံးအထိ ဗီဒီယို ရိုက်ကူးခဲ့ကြတဲ့ လူငယ် အနုပညာသမား အုပ်စုကိုလည်း ကျနော် မှတ်တမ်းတင် ဂုဏ်ပြုပါတယ်။

လူတိုင်းဟာ ဒစ်ဂျစ်တယ် ကင်မရာကလေးတွေနဲ့ ကျရာနေရာကနေ သမိုင်းကို မှတ်တမ်း တင်ခဲ့ကြတာပါ။ အဲဒီ ဒစ်ဂျစ်တယ် ကင်မရာကလေးတွေထဲကနေပဲ အင်တာနက်ပေါ် ရောက်ပြီး ကမ္ဘာတခုလုံးက သိသွားကြတဲ့ သတင်းတွေ ဓာတ်ပုံတွေလည်း မနည်းလှပါဘူး။

ရွှေဝါရောင် တော်လှန်ရေးဟာ လူတိုင်း သတင်းထောက်လုပ်နိုင်တဲ့ စီတီဇင် ဂျာနယ်လစ် (Citizen Journal-ist) ယဉ်ကျေးမှုကို မွေးဖွားပေးလိုက်တယ်လို့ ဆိုနိုင်ပါတယ်။ ဒီနေ့ ကမ္ဘာအနှံ့မှာ ပြသနေတဲ့ ရွှေဝါရောင် အရေးတော်ပုံ ဘားမား ဗီဂျေ (Burma VJ) ရုပ်ရှင်ကားဟာ အဲဒီအချက်ရဲ့ အကောင်းဆုံး သာဓကပါပဲ။

တပြိုင်နက်တည်းမှာပဲ ရွှေဝါရောင် အရေးတော်ပုံဟာ ဘလော့ဂ်တွေ၊ ဘလော့ဂါတွေကိုလည်း မွေးထုတ် ပေးလိုက်တယ်လို့ ဆိုချင်ပါတယ်။ ကိုယ်ပိုင် စာမျက်နှာလည်းဖြစ် ကိုယ်တိုင် ရင်ဖွင့်ရာနေရာလည်း ဖြစ်တဲ့ ဘလော့တွေဟာ အများနဲ့ ဆိုင်တဲ့ သတင်းတွေ၊ ဓာတ်ပုံတွေကိုလည်း မှတ်တမ်းတင် ဖြန့်ဝေတဲ့ နေရာတွေ ဖြစ်လာပါတယ်။

ဒီကနေ့ အစဉ်အလာရှိပြီးသား ဩဇာရှိပြီးသား ပြည်ပ ရေဒီယို အသံလွှင့်ဌာတွေ အတွက်လည်း ဘလော့တွေဟာ သတင်းအချက်အလက် ရယူစရာ နေရာတွေ ဖြစ်လာပါတယ်။

အီရန်တက္ကသိုလ် ကျောင်းသားတွေနဲ့ အစိမ်းရောင် တော်လှန်ရေး အပေါ်မှာ တစုံတရာ လှုံ့ဆော် ဂယက် ရိုက်ခဲ့တယ်လို့ ကမ္ဘာ့မီဒီယာတွေက သုံးသပ်ခဲ့ကြတဲ့ မြန်မာ့ ရွှေဝါရောင် တော်လှန်ရေးဟာ ဘလော့ဂါတွေရဲ့ ကြိုးပမ်းမှုနဲ့ အင်တာနက်ကနေ တဆင့် အီရန် ပြည်သူတွေရင်ထဲကို ရောက်ရှိခဲ့တာပဲ မဟုတ်လား။

နအဖ စစ်အုပ်စုက စီတီဇင် ဂျာနယ်လစ် (Citizen Journalist) တွေကို လျစ်လျူရှု မထားရဲတော့ပါဘူး။ ဓာတ်ပုံ၊ ဗီဒီယို သတင်းထောက်တွေကို စစ်အုပ်စုက ဦးတည် ချေမှုန်းတာကို ဂျပန် သတင်းထောက် ခန်းဂျိနာဂအိ သေဆုံးခဲ့ရတဲ့ အဖြစ်က သက်သေခံနေပါတယ်။

နာဂစ်လေမုန်တိုင်းဘေးတုန်းက စစ်အစိုးရရဲ့ လူမဆန်တဲ့ လူသားချင်း စာနာထောက်ထားမှုကင်းတဲ့ တာဝန်မဲ့ လုပ်ရပ်ကို အဲဒီ စီတီဇင် ဂျာနယ်လစ် (Citizen Journal-ist) တွေ ဘလော့ဂါတွေကပဲ ဖော်ထုတ် ဖွင့်ချခဲ့ကြတာပဲ မဟုတ်လား။

မြန်မာပြည်မှာ အစောဆုံး ဖမ်းဆီး ထောင်ချခံရတဲ့ ဘလော့ဂါကတော့ ကိုနေဘုန်းလတ်ပါ။ ကိုနေဘုန်းလတ်နဲ့ တကွ တာဝန်ကြေတဲ့ ဘလော့ဂါတွေ အားလုံးကို ကျနော်တို့ ဂုဏ်ပြုလိုက်ပါတယ်။ ။

## အရေးတော်ပုံ ရင်ခုန်သူများ (အပိုင်း ၂၃)

*ဧပြီ ၄၊ ၂၀၁၀*



*(သရုပ်ဖော် အောင်လတ်)*

ခေတ်တွေ ဘယ်လိုပြောင်းပြောင်း နိုင်းမြစ်ကြီးကတော့ စီးမြဲပါပဲတဲ့။ ဆရာ ဦးသိန်းဖေမြင့် ပြောခဲ့တဲ့ စကားကို ပြန်သတိရမိပါတယ်။ ကျနော်တို့ရဲ့ ဧရာဝတီမြစ်ကြီးကလည်း ဒီအတိုင်းပါပဲ။ ကျနော်တို့ ပြည်သူတွေရဲ့ စစ်အာဏာရှင် စနစ် ဆန့်ကျင်ဖြုတ်ချရေး၊ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေး ရရှိရေး တိုက်ပွဲဝင် စိတ်ဓာတ်တွေလည်း တသွင်သွင် စီးဆင်းနေဆဲပဲ မဟုတ်ပါလား။

ရှစ်လေးလုံး အရေးတော်ပုံကြီး မတိုင်ခင်က ရှိနှင့်တဲ့ လက်နက်ကိုင် တော်လှန်ရေး အင်အားတချို့ တပ်ပေါင်းစုအသွင် ပျက်ပြားပြီး နဝတ စစ်အုပ်စုနဲ့ အသီးသီး အပစ်အခတ် ရပ်စဲခဲ့ပေမဲ့ ပြည်တွင်းက အဲန်အယ်လ်ဒီ (NLD) နဲ့ တိုင်းရင်းသား နိုင်ငံရေးပါတီတွေ အတိုက်အခံ အင်အားစုတွေရဲ့ နအဖ ဆန့်ကျင် ခုခံရေး တိုက်ပွဲကတော့ ရပ်စဲမသွားခဲ့ပါဘူး။

၂၀၀၄ ခုနှစ်အကုန် ၂၀၀၅ အစလောက်မှာ ၁၅ နှစ် ၁၆ နှစ် အကျဉ်ထောင်တွေထဲမှာ နေခဲ့ရတဲ့ ကိုမင်းကိုနိုင်တို့၊ ကိုကိုကြီးတို့ ရှစ်ဆယ့်ရှစ် မျိုးဆက်ကျောင်းသား ခေါင်းဆောင်တွေ ပြန်လည် လွတ်မြောက်လာခဲ့ပါတယ်။ အဲဒီက စပြီး လူထုရဲ့ နိုင်ငံရေး နိုးကြားမှု ဒီရေ ပြန်တက်လာတာခဲ့တာပါပဲ။

ကျောင်းသားခေါင်းဆောင်တွေ ထောင်က ပြန်လွတ်လာလို့ အပြင်မှာ ဘယ်လောက်မှ မနေရသေးဘူး မင်းကိုနိုင်တို့၊ ကိုကိုကြီးတို့ လေးဦးကို နအဖ စစ်အစိုးရက ပြန်လည် ဖမ်းဆီးလိုက်တဲ့ အခါမှာတော့ အပြင်မှာ ကျန်တဲ့ ကိုဂျင်မီတို့၊ ကိုမြအေးတို့ ဦးဆောင်တဲ့ ကျောင်းသားတွေက ကိုမင်းကိုနိုင်တို့ လေးဦးကို ပြန်လွှတ်ပေးဖို့ တောင်းဆို လက်မှတ်ထိုးတဲ့ Signature campaign ကို စတင်ခဲ့ကြပါတယ်။

စစ်အုပ်စုက ၄-၅ လအကြာမှာ ကိုမင်းကိုနိုင်တို့ကို ပြန်လွှတ်ပေးလိုက်ပါတယ်။ အဲဒီနောက် ရှစ်ဆယ့်ရှစ် မျိုးဆက်တွေရဲ့ white campaign, Sunday campaign ဆိုတဲ့ အဖြူရောင် လှုပ်ရှားမှုတို့၊ တနင်္ဂနွေ လှုပ်ရှားမှုတို့ စတင်လာခဲ့ပါပြီ။ ၂၀၀၇ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်နေ့ လောင်စာဆီဈေးနှုန်း အဆမတန် မြင့်တက်သွားတာကို ဆန္ဒပြတဲ့ လူထု လမ်းလျှောက်ပွဲ ဆင်နွှဲခဲ့ကြပါပြီ။

ပြည်တွင်းက နိုင်ငံရေးဟာ အဖမ်းခံ နိုင်ငံရေး၊ နရသိန် နိုင်ငံရေးပဲ ဖြစ်တယ်။ ၂၀၀၇၊ ဩဂုတ်လ ၂၁ ရက် ညသန်းခေါင်မှာ နအဖ အစိုးရက ကိုမင်းကိုနိုင်၊ ကိုကိုကြီး၊ ကိုအံ့ဘွယ်ကျော် အစရှိတဲ့ ရှစ်ဆယ့်ရှစ် မျိုးဆက် ကျောင်းသား ခေါင်းဆောင် ၁၄ ဦးကို ဖမ်းဆီးထိန်းသိမ်းလိုက်ပါတော့တယ်။

သို့သော် လှေခွက်ချည်ကျန် အလံမလှဲစတမ်း စိတ်ဓာတ်နဲ့ အပြင်မှာ ကျန်ခဲ့တဲ့သူတွေက ဩဂုတ်လ လှည်းတန်းနဲ့ လှိုင် လူထု ဆန္ဒပြပွဲတွေကနေ စတင်ကာ ရွှေဝါရောင်တော် လှန်ရေးကြီး အထိ ဆင်နွှဲနိုင်ခဲ့ကြတာပဲ မဟုတ်လား။

အဲဒီဖြစ်စဉ် တလျှောက်လုံးကို ကြည့်မယ်ဆိုရင် ၈၈ ခုနှစ်တုန်းကလိုပဲ အခုတခါမှာလည်း ကျောင်းသားတွေ ဦးဆောင်တဲ့ အဖြူရောင် လှုပ်ရှားမှုကနေပြီး စည်းရုံး လှုံ့ဆော်ပေးလိုက်တဲ့ နိုင်ငံရေး နိုးကြားမှုကြောင့်ပဲ သံဃာတွေ ဦးဆောင်တဲ့ လူထုလှုပ်ရှားမှု ရွှေဝါရောင် တော်လှန်ရေးကြီး ပေါ်ပေါက်လာခဲ့တယ်လို့ ဆိုရပါမယ်။

အဖြူရောင် လှုပ်ရှားမှုမှသည် ရွှေဝါရောင် တော်လှန်ရေးအထိ မြန်မာ့နိုင်ငံရေးရဲ့ အရေးပါလှတဲ့ အဲဒီ အကွေ့မှာ စာပေအနုပညာရှင်တွေနဲ့ ရှစ်ဆယ့်ရှစ် မျိုးဆက် ကျောင်းသားတွေ နည်းပရိယာယ်အရ စုစည်းနိုင်ခဲ့ပါ တယ်။ ရှစ်ဆယ့်ရှစ် ကျောင်းသားတွေ ဒ့ါအပြင် အဲန်အယ်လ်ဒီ (NLD) လူငယ်တွေနဲ့ပါ စာပေ အနုပညာရှင်တွေဟာ တပ်ပေါင်းစုအသွင် လက်တွဲခဲ့ကြပါတယ်။ ဥပမာ - စာရေးဆရာ တာရာမင်းဝေ စျာပနမှာ ရှစ်ဆယ့်ရှစ် မျိုးဆက် ကျောင်းသားတွေ အခရာကျခဲ့တာလည်း သက်သေတခုပဲ။ ၂၀၀၇၊ ဩဂုတ်လ ၈ ရက် ဗဟန်း ငါးထပ်ကြီးဘုရား သိပ္ပံ ကျောင်းတိုက်မှာ ရှစ်ဆယ့်ရှစ် ကျောင်းသားတွေ ဦးစီးကျင်းပတဲ့ ရှစ်လေးလုံး အရေးတော်ပုံ (၁၉) နှစ်ပြည့် အခမ်း အနားကို စာပေအနုပညာရှင်တွေ အမြောက်အမြား စုံစုံညီညီ တက်ရောက်ခဲ့ကြတာ။ ဒါတွေဟာ စာပေအနုပညာ သမားတွေအတွက် သမိုင်း အမှတ်အသားတွေပါပဲ။

အရေးတော်ပုံ ရင်ခုန်ကြတဲ့ စာပေအနုပညာရှင်တွေဟာ အရေးတော်ပုံကို စစ်အစိုးရက နှိမ်နင်း ဖြိုခွဲတဲ့ အခါ တိုင်းမှာ အများသံဃာ ကျောင်းသားပြည်သူတွေလိုပဲ နရသိန် အကျဉ်ထောင်ထဲ ရောက်ကြရ ဒုက္ခအခက်ခဲနဲ့ ကြုံကြ ရတာပဲ။ ဒါ မဆန်းတော့ပါဘူး။


လူငယ်တွေ ကြားထဲမှာ ရေပန်းစားတဲ့ အနုပညာသည်တဦး အက်စစ်တေးဂီတ အဖွဲ့ကို ထူထောင်သူ တဦး ဖြစ်တဲ့ ကိုဇေယျာသော် ရွှေဝါရောင် တော်လှန်ရေးမှာ အဖမ်းခံခဲ့ရပါတယ်။ အခု ကိုဇေယျာသော် ကော့သောင်း အကျဉ်းထောင်ထဲမှာပါ။

ဒေါ်အောင်ဆန်းစုကြည်ကို ဂုဏ်ပြု သီချင်း ရေးစပ်သီဆိုတဲ့ အလင်္ကာတီးဝိုင်း ခေါင်းဆောင် ရွှေသံစဉ် ကိုဝင်းမော် ရွှေဝါရောင်တော်လှန်ရေးမှာ ထပ်မံ အဖမ်းခံခဲ့ရပြန်တယ်။ အခု ကိုဝင်းမော် အင်းစိန်ထောင်ထဲမှာ အကျဉ်း ကျခံနေရတယ်။

အများအတွက် ကိုယ်ကျိုးစွန့် အနစ်နာခံမယ် ဆိုတဲ့ စိတ်ဓာတ် ခွန်အား သတ္တိတွေ စာပေ အနုပညာသမား အများစုရဲ့ ရင်ထဲ အသည်းထဲမှာ ကိန်းအောင်း ဝင်ရောက်နေခဲ့ပြီလို့ ကျနော် ယုံကြည်လျက်ပါ။

စာပေနဲ့ အနုပညာက ဖျားနာနေတဲ့ တိုင်းပြည်ကို ကယ်တင် ကုသနိုင်ပါတယ်။ ကျနော်တို့ စာပေအလုပ်၊ အနုပညာအလုပ်တွေ ဆထက်ထမ်းပိုး တိုး၍ တိုး၍ လုပ်ဆောင်သွားကြပါစို့။ ။

**အရေးတော်ပုံ ရင်ခုန်သူများ (အပိုင်း ၂၄)**
**နိဂုံး**
***ဧပြီ ၁၄၊ ၂၀၁၀***



*(သရုပ်ဖော် အောင်လတ်)*

အမျိုးသား ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းဟာ ဘဝမှာ တိုက်ပွဲတွေ၊ အန္တရာယ်တွေ ကြားကနေ မမေ့မလျော့ ကဗျာကို ချစ်ခဲ့တယ်။ စာပေကို မြတ်နိုးခဲ့တယ်။ အနုပညာကို တန်ဖိုးထားခဲ့တယ်။ ဗိုလ်ချုပ်အောင်ဆန်း ပြောဖူးတဲ့ စကားတခွန်း ရှိတယ်။ "တော်လှန်ရေးမှာ အနုပညာ ပါတယ်၊ အနုပညာ မပါတဲ့ တော်လှန်ရေးဟာ မအောင်မြင်နိုင်ပါဘူး" တဲ့။ ဗိုလ်ချုပ်ပြောတဲ့ အနုပညာဆိုတဲ့ စာပေ အနုပညာ အားလုံးကို ဆိုလိုတာပါ။

ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်တဲ့ ပထမ လွတ်လပ်ရေး တိုက်ပွဲခေတ်တလျှောက် စာပေနဲ့ အနုပညာသည် တွေရဲ့ အခန်းကဏ္ဍက ကြီးကျယ် ထင်ရှားခဲ့ပါတယ်။ မဟာကဗျာဆရာကြီး ဒေါက်တာ သခင်ကိုယ်တော်မှိုင်းက အစ တေးဂီတ ပညာရှင်ကြီး ဆရာရွှေတိုင်ညွန့်တို့ အလယ် ခေတ်ဟောင်း အဆိုတော်ကြီး ဒေါ်ဘိလပ်ပြန်သန်း (ခ) ဒိုရာ သန်းအေးတို့ အဆုံး အနုပညာရှင် အားလုံးဟာ ဗိုလ်ချုပ်အောင်ဆန်းကို ဝန်းရံ ပေးခဲ့ကြတာပဲ မဟုတ်လား။

တော်လှန်ရေးဟာ အနုပညာဆန်ရမယ် မဟုတ်လား။

ဒီကနေ့ ဒေါ်အောင်ဆန်းစုကြည် ခေါင်းဆောင်တဲ့ ဒုတိယ လွတ်လပ်ရေးတိုက်ပွဲ ခေတ်မှာလည်း ရှစ်လေးလုံး အရေးတော်ပုံမှသည် ရွှေဝါရောင်တော်လှန်ရေး အထိ စာပေနဲ့ အနုပညာရှင်တွေက ဒေါ်အောင်ဆန်းစုကြည်ကို ဝန်းရံပေးခဲ့ကြတယ်။ ရုပ်ရှင်မင်းသားကြီး အကယ်ဒမီ ဦးထွန်းဝေက အစ အဆိုတော်ကြီး ဒေါ်မာမာအေး အလယ် ကဗျာဆရာ စောဝေတို့ အဆုံး စာပေအနုပညာ လောကသားတွေဟာ ဒေါ်အောင်ဆန်းစုကြည့်နဲ့ ရှစ်ဆယ့်ရှစ် မျိုးဆက် ကျောင်းသားတွေရဲ့ တိုက်ပွဲကို အပြည့်အဝ ထောက်ခံ အားပေးခဲ့ကြတာပါ။

တိုင်းပြည်မှာ လူထုအုံကြွမှုတွေ ပေါ်ပေါက်လာတိုင်း တိုးတက်တဲ့ စာပေအနုပညာသမားတွေဟာ တွန့်ဆုတ် မနေခဲ့ပါဘူး။ နောက်ကျန် မနေခဲ့ပါဘူး။ ကျောင်းသားပြည်သူ ရဟန်းရှင်လူ ရင်ပေါင်တန်းပြီး တက်တက်ကြွကြွ ရဲရဲ ရင့်ရင့် ပါဝင်ခဲ့ကြတာပဲ မဟုတ်ပါလား။

တော်လှန်ရေးဟာ အနုပညာမြောက်ရမယ် မဟုတ်လား။

ကျနော်တို့ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် ပြောခဲ့တဲ့ စကားကို အမြဲ သတိရကြပါတယ်။ "ကျမတို့ဟာ စည်းကမ်းရှိ ညီညွတ်ပြီး အမှန်တရားနဲ့ ကိုက်ညီတဲ့ အင်အားမျိုးကို ထူထောင်ရမယ်" တဲ့။ အမှန်တရားကို ရောက်ဖို့ ချဉ်းကပ်ရတဲ့ လမ်းက အလှတရားလမ်း ဖြစ်ပါတယ်။ အလှတရား ဆိုတာ အနုပညာကပဲ ပေးစွမ်းနိုင်တာပါ။ စာပေ အနုပညာ ဆိုတာ အမှန်တရား ခွန်အား သတ္တိပဲပေါ့။

အနုပညာက ဘဝမှာ အမှန်တရား ခွန်အားသတ္တိ ပေးနိုင်ပုံ သာဓက တချို့ကို ပြောခဲ့ပါရစေ။

လူကြီး လူငယ်တိုင်း ဒါရိုက်တာ ဂျိမ်းကင်မရွန် ရိုက်တဲ့ တိုက်တန်းနစ် ရုပ်ရှင်ကား ကြည့်ဖူးကြပါလိမ့်မယ်။ သင်္ဘောကြီး ဦးထောင်ပဲ့စိုက် တဖြည်းဖြည်း နစ်နေတဲ့အချိန်မှာ ကုန်းပတ်ပေါ်က တယောတီးဝိုင်း အဖွဲ့က တယောထိုး မပျက်ပါဘူး။ ခရီးသည်တွေ ဝရုန်းသုန်းကား ဆောက်တည်ရာမဲ့ ဖြစ်နေတဲ့အချိန်မှာ သူတို့ တယောအဖွဲ့ဟာ တည် တည်ငြိမ်ငြိမ်နဲ့ သူတို့ရဲ့တယောတွေကို ဆက်ထိုးနေကြပါတယ်။ သူတို့ရဲ့ ဂီတဟာ ရပ်မသွားဘူး။ သူတို့ရဲ့ တယောသံဟာ ကမ္ဘာပျက်နေတဲ့ သင်္ဘောကြီးပေါ်မှာ သေမင်းကို ပြောင်ပြောင်တင်းတင်း စိန်ခေါ်နေတဲ့ ဘဝ အမှန် တရားတွေပဲ။ ရုပ်ရှင် ကြည့်နေတဲ့သူတွေဟာ အဲဒီ ကုန်းပတ်တယောအဖွဲ့ကို မမေ့နိုင်ကြတော့ဘူး။

၁၉၇၄ ခုနှစ်၊ ဇွန်လ အလုပ်သမား အရေးအခင်းကြီး ဖြစ်တုန်းက ရန်ကုန်တက္ကသိုလ်မှာ ဖြစ်ခဲ့တဲ့ လွမ်းစရာ တခုလည်း ရှိပါတယ်။ အလုပ်သမားတိုက်ပွဲကို မဆလ စစ်တပ်က သေနတ်နဲ့ အကြမ်းဖက် ဖြိုခွင်းလိုက်ပြီး တပြိုင်နက် တက္ကသိုလ် ကောလိပ်တွေကိုလည်း အရေးပေါ် ပိတ်ပစ်လိုက်ပါတယ်။ ကျောင်းသားတွေ အဆောင်ကနေ ချက်ချင်း ထွက်ပေးရမယ်လို့ အစိုးရက အမိန့်ထုတ်လိုက်ပါတယ်။

ဒဂုံဆောင် ဝရန်တာမှာ စိတ်ပညာအဓိက ရခိုင်ကျောင်းသား တဦးဟာ ထွက်ခွာသွားတဲ့ ကျောင်းသားတွေကို ကြည့်ရင်း သူ့တယောလေးကို ကြိုးညှိပြီး ပခုံးပါး မှီလိုက်ပါတယ်။ ပြီးတော့ တေးသွားတခုကို သူ စထိုးပါတယ်။ တေးသွားက ရှေ့မတက်ပါဘူး။ ဒါကိုပဲ သူ ထပ်ထပ်ပြီး ကြော့ကြော့ ထိုးနေတာပါ။ သူ့မျက်နှာပေါ်မှာလည်း မျက်ရည် တွေ တွေတွေ ကျနေပါပြီ။ သေချာ နားစိုက်ထောင်တော့မှ သူထိုးနေတဲ့ တေးသွားက ဗိုလ်ချုပ်အောင်ဆန်း သီချင်းထဲက ဖြစ်နေပါရဲ့။

"ငါတို့ မြန်မာပြည်ဝယ် မိဘတိုင်းကကွယ် ဗိုလ်အောင်ဆန်းလို သူရဲကောင်းတွေ မွေးရမယ်" တယောသံကို ကြားရတဲ့ ကျောင်းသားတိုင်း မျက်ရည်ဖြိုင်ဖြိုင် ကျခဲ့ရတယ်လို့ ဆိုပါတယ်။

ရှစ်လေးလုံး အရေးတော်ပုံကြီးတုန်းက ဧရာဝတီ မြစ်ကမ်းဘေးက မြေလတ် မြို့ကလေး တမြို့မှာ ဖြစ်ခဲ့တဲ့ အဖြစ်အပျက်ကလေး တခုလည်း ရှိပါတယ်။ အဲဒီ မြို့ကလေးမှာ စစ်တပ်က သေနတ်နဲ့ပစ်လို့ ကျဆုံးသွားရတဲ့ ကျောင်းသားလေးတွေအတွက် မြို့လူထုက ဆုတောင်းပွဲ လုပ်ပါတယ်။ ဧရာဝတီ မြစ်ရေစီးထဲကို ပန်းပွင့်ကလေးတွေ မျှောလို့ ပန်းလေးတွေနဲ့အတူ ကျဆုံးသူတို့ ဝိညာဉ်တွေ ပင်လယ်ထဲ လိုက်ပါ လွတ်မြောက်ပါစေ ဆိုတဲ့ သဘော ထင်ပါရဲ့။ အဲဒီမှာ မြို့ကလေးက တယောဆရာဟာ ဆည်းဆာရိပ်အောက်က မြစ်ကမ်းပါးမှာ ရပ်ပြီး တေးသွားတစကိုပဲ ထပ်ချည်း တလဲလဲ ထိုးလို့နေပါတော့တယ် တဲ့။ သူက "ပန်းကလေးတွေနဲ့ ဂုဏ်ပြုလိုက်ပါတယ်" ဆိုပြီး စကားသံလို ပီပီသသကြီး ထိုးနေခဲ့တာကိုး။

တော်လှန်ရေးဟာ လွမ်းစရာကောင်းပါတယ်။ တကယ်တော့ စစ်ဖိနပ်အောက်က ပြည်သူတွေရဲ့ ဘဝဟာ ကဗျာတော့ မဆန်ပါဘူး။ ဒါပေမဲ့ တော်လှန်ရေးမှာ အနုပညာပါရမယ်။

ဆရာဇော်ဇော်အောင်ရဲ့ စကားနဲ့ပဲ ဒီအစီအစဉ်ကို နိဂုံး ချုပ်ပါရစေ။

"နိုင်ငံဟာ ဖျားနေတယ်။ နာတာရှည်ပေါ့။ ရောဂါရနေတယ်။ အဲဒါ စာပေအနုပညာက ပျောက်ကင်းအောင် ကုသ ကယ်တင်ရမယ်"

ဆရာဇော်ဇော်အောင်နှင့် တကွ မြန်မာနိုင်ငံ စာပေနှင့် အနုပညာရှင်များ အားလုံး ကျန်းမာ ချမ်းသာကြပါစေ။
အရေးတော်ပုံ အောင်ပါစေ။ ။

▪ - ¤ - ▪